# ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဂျာနယ်

Environmental Conservation and Forestry Journal

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ


## ၂၀၁၆ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း အင်းတော်ကြီးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား မြန်မာနိုင်ငံ၏ ဒုတိယမြောက် Ramsar Sites အဖြစ်သတ်မှတ်ကြေညာခြင်း အခမ်းအနားကျင်းပခြင်း






ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ Fauna & Flora International(FFI) နှင့် Ramsar Centre Japan(RCJ) တို့ ပူးပေါင်းကျင်းပသော ၂၀၁၆ ခုနှစ်၊ ကမ္ဘာ့ရေတိမ်ဒေသများနေ့ (World Wetlands Day) အထိမ်းအမှတ်အခမ်းအနားကို (၂-၂-၂၀၁၆) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဖျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကျင်းပပြုလုပ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အမှာစကား ပြောကြားပါသည်။

စာမျက်နှာ - ၄ သို့

**သစ်တောကာကွယ်၊ ဘဏ္ဍာကြွယ်   ပြန်လည်စိုက်ပျိုး၊ သစ်တောတိုး ။**

# လူမှုဘဝ ရေရှည်ဖွံ့ဖြိုးရေး ရေတိမ်ဒေသများမှ ဖြည့်ဆည်းပေး

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါများကြွယ်ဝသည့်နိုင်ငံတစ်ခုဖြစ်ပြီး ဧရာဝတီမြစ်ဝှမ်းဒေသ၊ ချင်းတွင်း မြစ်ဝှမ်းဒေသ၊ စစ်တောင်းမြစ်ဝှမ်းဒေသနှင့် ကမ်းရိုးတန်းဒေသများသည် ရေတိမ်ဒေသဂေဟစနစ်များ ပိုင်ဆိုင်လျက်ရှိသည့် အဓိကဒေသကြီးများ ဖြစ်ပါသည်။

ရေတိမ်ဒေသများသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက်သာမက ရေသယံဇာတအရင်းအမြစ်များနှင့် ဆက်စပ်ဂေဟစနစ်များ ရေရှည်တည်မြဲစေရေးထိန်းညှိပေးခြင်း၊ ငှက်မျိုးစိတ်များနှင့်ဒေသမျိုးရင်းမျိုးစိတ်များ အဓိကကျက်စားရာဒေသအဖြစ်တွေ့ရှိရခြင်း၊ ရာသီဥတုပြောင်းလဲမှုလျော့ချခြင်းနှင့် လိုက်လျောညီထွေဖြစ်စေခြင်း စသည့်ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများကို ပံ့ပိုးပေးလျက်ရှိပါသည်။ ၎င်းအပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများစသည့် နိုင်ငံတော်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးကျေးဇူးများကို စဉ်ဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိပါသည်။ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် ရေတိမ်ဒေသများသည် မရှိမဖြစ်အရေးပါလှပါသည်။ ရေတိမ်ဒေသများသည် စိုက်ပျိုးမြေများအတွက် ရေသိုလှောင်သိမ်းဆည်းထားရုံသာမက မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေခြင်း၊ စိုက်ပျိုးသီးနှံများ မျိုးပွားစေခြင်းနှင့် သီးနှံဖျက်ပိုးမွှားများ သုတ်သင်ဖယ်ရှားပေးသည့် ရေပျော်ငှက်မျိုးစိတ်များနှင့် အခြားတိရစ္ဆာန်မျိုးစိတ်များ အဓိကမှီတင်းနေထိုင်ရာဂေဟစနစ်တစ်ခုအဖြစ် အထောက်အကူပြုလျက်ရှိပြီး၊ ကမ္ဘာပေါ်ရှိ ရေချိုအရင်းအမြစ်များ၏ ၇၀%ခန့်ကို လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် အသုံးပြုလျက်ရှိပါသည်။ လယ်ယာကဏ္ဍများအတွက် လက်ရှိအသုံးပြုနေသော ရေအရင်းအမြစ်များ၏ ၂၀%ခန့်ကို ရေတိမ်ဒေသများမှ အဓိကပံ့ပိုးပေးနေပါသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ရေတိမ်ဒေသများနေ့ကို ၂၀၁၂ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၁၆ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီလ(၂)ရက်နေ့၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကျင်းပခဲ့ပါသည်။

၁၉၇၁ခုနှစ်၊ ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ရေတိမ်ဒေသများအစည်းအဝေးကို အီရန်နိုင်ငံ၊ ရမ်ဆာမြို့၌ကျင်းပခဲ့ပြီး၊ ရမ်ဆာကွန်ဗင်ရှင်းစတင်ပေါ်ပေါက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှ ကမ္ဘာ့ ဒေသအသီးသီးရှိ ရေတိမ်ဒေသများကို ပူးပေါင်းထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ရမ်ဆာနယ်မြေများ Ramsar Sites အဖြစ် ဒေါ်ဝေါသတ်မှတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရေတိမ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands)ကို အဖွဲ့ဝင်အဖြစ် ၂၀၀၅ခုနှစ်၊ မတ်လ(၁၇)ရက်နေ့တွင် လက်မှတ်ရေးထိုး ဝင်ရောက်ခဲ့ပြီး၊ ရေတိမ်ဒေသထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကွန်ဗင်းရှင်းသဘောတူညီချက်များနှင့်အညီ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့အရေးပါသော ရေတိမ်ဒေသစာရင်းဝင်(Ramsar Sites)အနေဖြင့် မိုးယွန်းကြီးအင်းဘေးမဲ့တောကို အသိအမှတ်ပြုခဲ့ပြီး၊ ထပ်မံ၍ အင်းတော်ကြီးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို မြန်မာနိုင်ငံ၏ ဒုတိယမြောက်အဖြစ် သတ်မှတ်ကြေငြာခဲ့ပါသည်။ ဆက်လက်၍ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ကမ္ဘာ့ရှားပါး စာရင်းဝင် ဆောင်းခိုငှက်မျိုးစိတ်ဖြစ်သည့် ရေညှောင်နှုတ်သီးပိုင်းငှက်များ ကျရောက်ကျက်စားသော မုတ္တမပင်လယ်ကွေ့ဒေသအတွင်းရှိနေရာများကိုလည်း Ramsar Sites များအဖြစ် သတ်မှတ်နိုင်ရေး ပြည်တွင်း၊ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ရေတိမ်ဒေသများအား ထိန်းသိမ်းကာကွယ်ခြင်း(Conservation)သာမက စနစ်တကျ အကျိုးရှိစွာ အသုံးချခြင်း(Wise use)ကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ရေတိမ်ဒေသဂေဟစနစ်များ ရေရှည်တည်တံ့စေရန်စိုက်ပျိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့်နည်းလမ်းများ အသုံးပြုခြင်း၊ ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေသော နည်းစနစ်များဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရေတိမ်ဒေသများအား စနစ်တကျစီမံအုပ်ချုပ်နိုင်ရေးအတွက် နိုင်ငံတကာ ရေတိမ်ဒေသ စီမံအုပ်ချုပ်မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများအပေါ်အခြေခံပြီး မိမိနိုင်ငံ၏ရေ မြေ ဝေလငုံထုံးစံများ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီဆီလျော်သည့်ရေတိမ်ဒေသစီမံအုပ်ချုပ်မှုပုံစံတစ်ခု ချမှတ်ရေးဆွဲကြရမည်ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ ရေတိမ်ဒေသဂေဟစနစ်များကို စနစ်တကျ ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း အကျိုးရှိရှိစီမံခန့်ခွဲ အသုံးချသွားကြရမည်ဖြစ်ပါကြောင်း အလေးထားတိုက်တွန်းဖော်ပြအပ်ပါသည်။

**ဒို့တာဝန်အရေး(၃)ပါး**

**❋ ပြည်ထောင်စု မပြိုကွဲရေး။**
**❋ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။**
**❋ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။**

**သစ်တောမူဝါဒ**

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများ ချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

# မာတိကာ


မျက်နှာဖုံး

➢ ၂၀၁၆ ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ ၁-၄

ခေါင်းကြီး

➢ လူ့မှုဘဝ ရေရှည်ဖွံ့ဖြိုးရေးရေတိမ်ဒေသများမှ ဖြည့်ဆည်းပေး ၂

သတင်းများကဏ္ဍ

➢ သစ်တောသတင်း ၄-၉၊၁၃

➢ တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိသတင်း ၁၀-၁၂

သိမှတ်ဖွယ်ရာများ ဆောင်းပါး

➢ World Wildlife Day 2016 အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး ၁၄

➢ ကျွန်တော်မှတ်သားထားသော ဂျာမန်လူမျိုးတို့၏ ထူးခြားသည့်အလေ့အကျင့်များ ၁၅-၁၆

➢ လောင်းလုံ့ဘုတ်ဆီသို့ ၁၇-၂၀၊၂၃

➢ ဆင်--ဆင်--ဆင်--- ၂၁-၂၃

➢ မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲအခြေအနေနှင့်ပြောင်းလဲမှု ၂၆-၃၂

➢ ကြားခံနယ်မြေစီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်ချက်များ ၃၃-၃၆

➢ သင်တန်းတက်ဖို့တူပျော်ပျော်ဘာလီကျွန်းကိုသွားစို့နော်(၃) ၃၇-၃၉

သစ်တောပြုစုထိန်းသိမ်းခြင်းဆောင်းပါး

➢ မြစ်ဝကျွန်းပေါ်ဒေသမှသီးနံ့သစ်တောစနစ် ၄၀-၄၂

➢ မြန်မာ့ဆေးဖက်ဝင်သစ်ခွများစိုက်ပျိုးနည်း ၄၃-၄၆

ဓာတ်ပုံသတင်းကဏ္ဍ

➢ သတင်းမှတ်တမ်းဓာတ်ပုံများ ၂၅-၂၈

ကာတွန်း၊ ရယ်စရာ၊ ကဗျာကဏ္ဍ

➢ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဗျာများ၊ ကာတွန်းများ ၁၆၊၂၄၊၃၉၊၅၁

အင်္ဂလိပ် ကဏ္ဍ

➢ REDD-Plus INFORMATION-30 ၄၇-၅၁

နောက်ကျောဖုံး

➢ အာဗဒိကကျွန်းသစ် ၅၂



**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးပြည့်စုံမျိုး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးခင်မောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

| | |
|---|---|
| ဦးမျိုးနိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးမိုးဇော် | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးအောင်ထွန်း | ဦးစီးအရာရှိ |
| ဦးဝင်းသန်း | ဦးစီးအရာရှိ |

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



ဆက်သွယ်ရန် -
၀၆၇-၄၀၅၁၁၃ ၊ (Fax) ၀၆၇-၄၀၅၃၉၄
fdextension39@ gmail.com

မျက်နှာဖုံးမှအဆက်

သတင်းများကဏ္ဍ




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ Fauna& Flora International(FFI)နှင့် Ramsar Centre Japan(RCJ)တို့ ပူးပေါင်းကျင်းပသော ၂၀၁၆ခုနှစ်၊ ကမ္ဘာ့ရေတိမ်ဒေသများနေ့(World Wetlands Day)အထိမ်းအမှတ်အခမ်းအနားကို (၂-၂-၂၀၁၆)ရက်နေ့၊ နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒေသကြီး၊ပဲခူးမြို့၊ ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကျင်းပပြုလုပ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းတက်ရောက်၍ အမှာစကားပြောကြားပါသည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ရေတိမ်ဒေသများနေ့အခမ်းအနားကို မြန်မာနိုင်ငံတွင် ၂၀၁၂ခုနှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပခဲ့ရာ ရေတိမ်ဒေသများဆိုင်ရာရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention on Wetlands)၏ ၂၀၁၆ခုနှစ် ကမ္ဘာ့ရေတိမ်ဒေသများနေ့ဆောင်ပုဒ်မှာ "လူမှုဘဝရေရှည်ဖွံ့ဖြိုးရေး၊ ရေတိမ်ဒေသများမှဖြည့်ဆည်းပေး" (Wetlands for our Future: Sustainable Livelihoods) ဟုထုတ်ပြန်ထားရှိပြီး လူသားများ၏ အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်အသစ်များချမှတ်နိုင်ရန် ရေတိမ်ဒေသများ၏ အရေးပါပုံကိုဖော်ထုတ်ပြသလိုသောကြောင့်ရွေးချယ်ခြင်း ဖြစ်ပါကြောင်း၊

၁၉၇၁ခုနှစ်၊ ဖေဖော်ဝါရီလ၂ ရက်က အပြည်ပြည်ဆိုင်ရာ ရေတိမ်ဒေသများ အစည်းအဝေးကိုအီရန်နိုင်ငံ၊ ရမ်ဆာမြို့၌ ကျင်းပခဲ့ရာ ကွန်ဗင်းရှင်းအဖြစ်ဖွဲ့စည်းရန် ကမ္ဘာ့နိုင်ငံများမှတက်ရောက်လာသူများ သဘောတူလက်မှတ်ရေးထိုးခဲ့၍ ရမ်ဆာကွန်ဗင်းရှင်းစတင်ပေါ်ပေါက်လာခဲ့ပါကြောင်း၊ ကမ္ဘာ့ဒေသအသီးသီးရှိ ရေတိမ်ဒေသများကို ပူးပေါင်းထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ရမ်ဆာနယ်မြေများ Ramsar Sites အဖြစ် ခေါ်ဝေါ်သတ်မှတ်ခဲ့ကြပါကြောင်း၊ ကွန်ဗင်းရှင်းစတင်ဖွဲ့စည်းနိုင်ခဲ့သည့်နေ့ရက်ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီလ၂ရက်ကို ကမ္ဘာ့ရေတိမ်ဒေသများနေ့(World Wetlands Day)အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၇ ခုနှစ်မှစတင်ကာ နှစ်စဉ်ကမ္ဘာတစ်ဝှမ်း၌ ကျင်းပခဲ့ကြောင်း၊

မြန်မာနိုင်ငံအနေနှင့် အပြည်ပြည်ဆိုင်ရာ ရေတိမ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands)အဖွဲ့ဝင် အဖြစ် ၂၀၀၅ခုနှစ်၊ မတ်လ၁၇ရက်တွင် လက်မှတ်ရေးထိုးဝင်ရောက်ခဲ့ပြီး ရေတိမ်ဒေသထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကွန်ဗင်းရှင်းသဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို မြန်မာနိုင်ငံ၏ ပထမဆုံးRamsar Site အဖြစ် သတ်မှတ်ခဲ့ကြပြီး၊ ယခုနှစ်အတွက် Ramsar Site စံချိန်စံညွှန်းများနှင့် ကိုက်ညီသော အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကိုလည်း မြန်မာနိုင်ငံ၏ ဒုတိယမြောက် Ramsar Site အဖြစ် ယနေ့ထပ်မံသတ်မှတ် ကြေညာသွားမည်ဖြစ်ကြောင်း၊

၂၀၀၄ ခုနှစ်က ဂျပန်နိုင်ငံ၊ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန အထောက်အပံ့ဖြင့် သစ်တောဦးစီးဌာန၊ Birdlife International တို့ပူးပေါင်းကွင်းဆင်းစာရင်း ကောက်ယူမှုအရ မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝှမ်းဒေသ၊ ချင်းတွင်းမြစ်ဝှမ်းဒေသ၊ သံလွင်မြစ်ဝှမ်းဒေသ၊ စစ်တောင်းမြစ်ဝှမ်းဒေသနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့တွင် အရေးပါသည့် ရေတိမ်ဒေသ (Wetland Sites)၊စုစုပေါင်း ၉၉ ခုကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်း က အမှာစကားပြောကြားပါသည်။

ထို့နောက် Ramsar Centre Japanမှ အထွေထွေအတွင်းရေးမှူးချုပ် Ms. Reiko Nakamura နှင့် Wetland International Japan၏ president ဖြစ်သူ Mr. Yoshihiro Natori တို့မှ အမှာစကားများ အသီးသီးပြောကြားခဲ့ကြပါသည်။

## ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်သည့် မြစ်ဝှမ်းဒေသများ စီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးရေးအသင်း(MIID) မှ ဦးဆောင်သည့် OXFAM အပါအဝင် အပြည်ပြည်ဆိုင်ရာ ရေသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု အဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် "ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်သည့် မြစ်ဝှမ်းဒေသများ စီမံအုပ်ချုပ်မှု (Inclusive Public Participation in River Basin Management) ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ"ကို (၁၇-၂-၂၀၁၆)ရက်၊ နံနက် (၉)နာရီအချိန်တွင် သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များရရှိစေရန် မြစ်ဝှမ်းဒေသများနှင့် ရေတိမ်ဒေသဂေဟစနစ်များကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းသည် အရေးပါသောလုပ်ငန်းတစ်ရပ်အဖြစ် ကမ္ဘာ့ခေါင်းဆောင်များနှင့်ပညာရှင်များက အသိအမှတ်ပြုခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် အမျိုးသားအဆင့် ရေမူဝါဒကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားအဆင့် ရေဥပဒေလမ်းညွှန်မှုမူဘောင်(National Water Framework Directive)ကို မူကြမ်းရေးဆွဲပြီး ဖြစ်ပါကြောင်း၊

ရေသယံဇာတများ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် မြစ်ဝှမ်းဒေသများ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု နည်းလမ်း (Integrated River Basin Management Approach)ကို အသုံးပြုသွားမည် ဖြစ်သကဲ့သို့ အကောင်အထည်ဖော်ရာတွင်လည်း မြစ်များ၏ရေဝေရေလဲဒေသကြီးတစ်ခုလုံးအတွင်း ပါဝင်သော မြေအောက်ရေ၊ ရေကန်၊ အင်းအိုင်များ၊ မြစ်ဝကျွန်းပေါ်ဒေသများစသည့် ရေတိမ်ဒေသများအပါအဝင် ဂေဟစနစ်အားလုံးကို ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံသည်ဟိမဝန္တာတောင်တန်းဒေသကြီးအတွင်းတွင် ကျရောက်လျက်ရှိ၍ ရေသယံဇာတများ တည်ရှိမှုအဖြစ် နိုင်ငံ၏ အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီ၊ ချင်းတွင်းနှင့် သံလွင်မြစ်တို့သည် ၎င်းဒေသကြီးမှ မြစ်ဖျားခံစီးဆင်းလာကြခြင်းဖြစ်ပြီး တောင်ပေါ်နှင့်မြေပြန့်ဒေသ(၂)မျိုးလုံးတွင် နေထိုင်ကြသည့် ပြည်သူလူထုအတွက် ရေ၊ စားနပ်ရိက္ခာ၊ ထင်းလောင်စာ အစရှိသည်တို့အပြင် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကိုလည်း ထောက်ပံ့ပေးနေပါကြောင်း၊

အလုပ်ရုံဆွေးနွေးပွဲတွင် ရေသယံဇာတနှင့်ဆက်စပ်နေသည့် ဌာနဆိုင်ရာများမှဝန်ထမ်းများကို ရေသယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ ခေတ်မီနည်းပညာ၊ ဗဟုသုတများကို ဖြန့်ဝေဆွေးနွေးပေးသွားမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် မြစ်ဝှမ်းဒေသများ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် ပြည်သူလူထုအပါအဝင် ရေသယံဇာတနှင့်သက်ဆိုင်ရာ အကျိုးဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင်မှု၏အရေးပါပုံကို အထူးပြုဆွေးနွေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။ဆက်လက်၍ MIDD မှ Executive Officer Mr. Joern Kristensen မှ နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ (၁၈)ရက်နေ့အထိ ကျင်းပပြုလုပ်သွားကြောင်း သိရှိရပါသည်။

---

**နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

## ကျေးလက်ဒေသဖွံ့ဖြိုးမှုအထောက်အကူပြု ဝါးစိုက်ခင်းတည်ထောင်ခြင်းနှင့် ဝါးအခြေခံအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် "ကျေးလက်ဒေသဖွံ့ဖြိုးမှုအထောက်အကူပြုဝါးစိုက်ခင်းတည်ထောင်ခြင်းနှင့် ဝါးအခြေခံအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးသင်တန်း" ဖွင့်ပွဲအခမ်းအနားကို(၄-၂-၂၀၁၆)ရက်နေ့၊ နံနက် (၀၈း၃၀)နာရီတွင် နေပြည်တော် သစ်တောသုတေသနဌာန၌ ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ အရာရှိကြီးများ၊ သုတေသီများနှင့် သင်တန်းသား ကျေးလက်ပြည်သူ(၃၁)ဦး တက်ရောက်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်မှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဒုတိယဝန်ကြီးက ယခုသင်တန်းသည် မြန်မာနိုင်ငံကျေးလက်နေပြည်သူများ၊ အထူးသဖြင့်ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ အာဆီယံ-ကိုရီးယားသစ်တောပူးပေါင်းဆောင်ရွက်ရေး (AFoCo)၏ အထောက်အပံ့ဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် "သစ်တောသယံဇာတများဆန်းစစ်လေ့လာခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များလျော့ပါးသက်သာစေရန် ပြည်သူလူထုပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးစီမံကိန်း"၏ လုပ်ငန်းစဉ် တစ်ရပ်အနေနှင့် ယခုသင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊

မြန်မာနိုင်ငံတွင် ဝါးသယံဇာတများအလွန်ပေါများပြီး ကျေးလက်ပြည်သူများနှင့် နေ့စဉ်လူမှုဘဝ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အထောက်အကူပြုလျက်ရှိပါကြောင်း၊ ယခုအခါအိမ်တွင်းမှုသုံး၊ လယ်ယာသုံး ဝါးအခြေခံလက်မှုပစ္စည်းများသာမက ခေတ်မီနည်းပညာများနှင့်ပေါင်းစပ်ပြီး အဆောက်အဦ၊ အလှဆင်ပစ္စည်းအမျိုးမျိုးနှင့် အခြားလူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်သုံးစွဲနေပြီး ဝါးကိုသဘာဝတောများမှသာမက စိုက်ခင်းများတည်ထောင်ပြီး စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ထို့အပြင်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို တိုက်ရိုက်သက်ရောက်စေသည့်လုပ်ငန်းတစ်ခုဖြစ်သော "ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း"ကို ၁၉၉၅ ခုနှစ်မှ စတင်ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယခုသင်တန်းတွင် သင်ကြားပေးသောပညာရပ်များကို တတ်မြောက်ကျွမ်းကျင်အောင် လေ့လာသင်ယူခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအဖြစ် အသုံးချပြီး ကျေးလက်ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေးကြိုးပမ်းကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။ သင်တန်းကို (၄-၂-၂၀၁၆)ရက်နေ့မှ (၂၆-၂-၂၀၁၆)ရက်နေ့ထိ ဖွင့်လှစ်ကျင်းပသွားခဲ့ကြောင်း သိရှိရပါသည်။

ကျေးရွာသစ်တော၊ ထင်းမှော်အိမ်တိုင်
လိုင်လိုင်ရဖို့ ၊ စိုက်ပျိုးတို့ ။

သစ်တောရတနာ၊ တို့ တောမှာ
ရှိပါလေမှ ၊ သာယာစွ ။

## မြန်မာနှင့် ဂျပန် နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရ ဂျပန်နိုင်ငံ Sapporo Maruyama Zoo မှ ပေးပို့ခဲ့သည့် ဖလန်မင်ဂိုငှက်များ ရောက်ရှိမှုနှင့် သစ်တောပြတိုက်အား ကြည့်ရှုစစ်ဆေး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Sapporo Maruyama Zoo တို့၏ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် တိရစ္ဆာန်များလဲလှယ်မည့် အစီအစဉ်အရ ဖလန်မင်ဂိုငှက် အကောင် (၂၀)သည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ပထမအသုတ်အဖြစ် ရောက်ရှိလာကြောင်းသိရသည်။

အဆိုပါ ဖလန်မင်ဂိုငှက်များ ရောက်ရှိမှုအခြေအနေနှင့် ငှက်များထားရှိရန် ပြကွက်နေရာ ပြင်ဆင်ထားရှိမှု အခြေအနေအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က (၄-၂-၂၀၁၆) ရက်နေ့ နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဖလန်မင်ဂိုငှက် ပြကွက်နေရာအား ယင်းငှက်၏ မူရင်းဒေသဂေဟစနစ်နှင့်အနီးစပ်ဆုံးတူညီသည့် အခြေအနေများဖန်တီးပြင်ဆင်ဆောင်ရွက်ရန်၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အတွင်း တိရစ္ဆာန်များ၏ ပြကွက်နေရာများအား အဆင့်မီပြသနိုင်ရေးမွမ်းမံပြင်ဆင်ဆောင်ရွက်ရန်၊ တိရစ္ဆာန်များအား အစားအစာကျွေးမွေးရာ၌ စိတ်ချလုံခြုံမှုရှိစေရေး စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန်၊ ရာသီအလိုက် ကျရောက်တတ်သည့် ရောဂါဘေးအန္တရာယ် မဖြစ်စေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ရန်၊ ယခုနှစ်နွေရာသီ၌ အပူချိန်မြင့်မားနိုင်သည့်အတွက် တိရစ္ဆာန်များအား အပူဒဏ်မှကာကွယ်နိုင်ရေး လိုအပ်သည့်အစီအမံများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်နှင့် ရေပြတ်လပ်မှုမရှိစေရန်အတွက် ကြိုတင်စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကြာမီဖွင့်လှစ်တော့မည့် သစ်တောပြတိုက်သို့ သွားရောက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနအလိုက် ပြခန်းများခင်းကျင်း ပြသရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဆွေးနွေးမှာကြားပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။



ဒုတိယဝန်ကြီး သစ်တောပြတိုက်အား ကြည့်ရှုစစ်ဆေးစဉ်

## ဝမ်းတွင်းမြို့နယ်ရှိ စက်ရက်ကန်းလုပ်ငန်းများ၏ ဆိုးဆေးလုပ်ငန်းလုပ်ကိုင်မှုများမှ ထွက်ရှိသည့် ရေထုညစ်ညမ်းမှု၏ ဖြစ်နိုင်ခြေရှိမှုအပေါ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း စီမံကိန်းနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ(MoU)အား လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် သည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝမ်းတွင်းမြို့နယ်ရှိ စက်ရက်ကန်းလုပ်ငန်းများ၏ ဆိုးဆေးလုပ်ငန်းလုပ်ကိုင်မှုများမှ ထွက်ရှိသည့် ရေထုညစ်ညမ်းမှု၏ ဖြစ်နိုင်ခြေရှိမှုအပေါ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်း စီမံကိန်းနှင့်ပတ်သက်၍ (Memorandum of Understanding-

MoU) အား လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါ စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးနေအေးနှင့် HORIBA, Ltd. မှ General Manager ၊ Mr. Hideyuki Nishibun တို့က လက်မှတ်ရေးထိုးခဲ့ပါသည်။

စီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် HORIBA, Ltd. တို့ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံကိန်းတွင် အဆင့်(၃)ဆင့် ပါဝင်ကာ ပထမအဆင့်အနေဖြင့် ဝမ်းတွင်းမြို့နယ်ရှိ ဆိုးဆေးလုပ်ငန်းများမှ စွန့်ပစ်သည့် ရေအရည်အသွေး၊ လုပ်ငန်းများ၏အခြေအနေနှင့် ပတ်ဝန်းကျင်ရှိ ရေအခြေအနေတို့အား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် စွန့်ပစ်ရေသန့်စင်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုသည့်စနစ်အား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခြင်းမှ ရရှိသည့်ရလဒ်များအပေါ် အခြေခံ၍ စီမံကိန်းပထမအဆင့်တွင် ရွေးချယ်ခဲ့သည့်အလုပ်ရုံ၌ စက်ကိရိယာများ တပ်ဆင်ခြင်း၊ စက်စမ်းသပ်လည်ပတ်ခြင်းနှင့် သင်ကြားပြသခြင်း၊ တတိယအဆင့်အနေဖြင့် စက်ကိရိယာများ တပ်ဆင်ပြီးနောက် ရေထုညစ်ညမ်းမှုများ မည်မျှဖြေရှင်း ဆောင်ရွက်နိုင်သည်ကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

## """အရည်အသွေးပြည့်မီသောပညာရေးကိုအခြေခံလျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားသည့် ဘဝတွက်တာကျွမ်းကျင်စရာ""" စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့် အခမ်းအနားကျင်းပ



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နေ့လယ် (၂) နာရီအချိန်တွင် နေပြည်တော်၊ ရုံးအမှတ်(၅၃)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် **"အရည်အသွေးပြည့်မီသော ပညာရေးကိုအခြေခံလျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားသည့် ဘဝတွက်တာကျွမ်းကျင်စရာ"** စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့်အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းနှင့် Pestalozzi Children's Foundation(PCF)၏ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် ဒေါ်ကြည်ကြည်စိုး တို့ လက်မှတ်ရေးထိုးခဲ့ပါသည်။

စီမံကိန်းအရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ရပ်ရွာအခြေပြုစာသင်ကျောင်းများရှိ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး လက်တွေ့ဆောင်ရွက်မှုများ အစပျိုးဖော်ဆောင်နိုင်ရေး အသိအမြင်ပြန့်ပွားရေးနှင့် ပါဝင်ဆောင်ရွက်ရေးတို့အတွက် တတ်ကျွမ်းနားလည်မှုများတိုးတက်ဖွံ့ဖြိုးလာစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅ နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

## Project on Management of Hazardous Waste နှင့်ပတ်သက်သည့် Kick-Off Meeting ကျင်းပ




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် နော်ဝေပတ်ဝန်းကျင် အေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်မည့် Project on Management of Hazardous Waste အား စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းဆိုင်ရာ လုပ်ငန်းများနှင့်သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးသည့် Kick-Off Meeting for Project on Management of Hazardous Waste ကို(၁၆-၂-၂၀၁၆) ရက် နံနက်(၀၉း၃၀) နာရီအချိန်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး နော်ဝေပတ်ဝန်းကျင်အေဂျင်စီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စည်ပင်သာယာရေးကော်မတီများမှ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊သီးခြားဖိတ်ကြားထားသည့် ပြင်ပပညာရှင်များ၊ သတင်းဂျာနယ်များမှ စုစုပေါင်း(၈၅)ဦး တက်ရောက်ခဲ့ကြပြီး စီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါစီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် နော်ဝေပတ်ဝန်းကျင်အေဂျင်စီတို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ (၃)နှစ် ဖြစ်ပါသည်။စီမံကိန်းနှင့် သက်ဆိုင်သည့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၁၇-၂-၂၀၁၆ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ အစည်းအဝေးခန်းမ၌ ဆက်လက်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအကဲဖြတ်ဆန်းစစ်မှု သင်တန်းဖွင့်လှစ်ခြင်း




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) ၊ RECOFTC - The Centre For People and Forests တို့ ပူးပေါင်း၍ "ဒေသခံပြည်သူများ

အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအကဲဖြတ်ဆန်းစစ်မှုသင်တန်း" ဖွင့်ပွဲအခမ်းအနားကို (၁၅-၂-၂၀၁၆)ရက် နံနက်(၉)နာရီတွင် နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာတွင် RECOFTC နှင့် ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်မှုအရှိန်မြှင့်တင်ခြင်းစီမံကိန်း (Scaling Up Community Forestry in Myanmar)၏ လုပ်ငန်းစဉ်တစ်ခုအဖြစ် ယခုသင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် တည်ထောင်ထားသည့် အစုအဖွဲ့ပိုင်သစ်တောဧရိယာ(၂၇၉၇၁၁) ဧကတွင် အစုအဖွဲ့ပေါင်း(၂၀၂၄)ဖွဲ့ရှိပါကြောင်း၊ မြို့ပြကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဆောင်ရွက်ရာတွင် ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် သစ်တောနယ်မြေအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်လုပ်ကိုင်စားသောက်လျက်ရှိသည့် ယာမြေ(၈၄၈၆၃၇)ဧကကို သီးနှံသစ်တောရောနှောစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုရန် သစ်တောဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အထူးသဖြင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောပညာလေ့ကျင့်ပေးရေးဌာန (RECOFTC)နှင့်ပူးပေါင်းပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများအား ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောဦးစီးဌာနနှင့် RFCOFTC တို့ ပူးပေါင်းပြီးတိုင်းဒေသကြီးနှင့် ပြည်နယ်(၇)ခုတို့တွင် ဧရိယာဧက(၁)သိန်းခန့်ကို စံပြဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများအဖြစ် တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ အခြေပြုသစ်တောလုပ်ငန်းတိုးတက်မှု အခြေအနေကိုသိရှိနိုင်ရန်အတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)မှဆန်းစစ်နိုင်သည့် လုပ်ငန်းမူဘောင်(မူကြမ်း)တစ်ခုကိုချမှတ်ခဲ့ပြီး အောင်မြင်မှုအတိုင်းအတာနှင့်ထိရောက်မှုတို့ကို ဆန်းစစ်နိုင်ရန် စံနှင့်အညွှန်းများကို ရွေးချယ်သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၊ ဒေသများနှင့်လိုက်လျောညီထွေရှိမည့်ပုံစံများထုတ်ဖော်နိုင်ရန် FAO ၏ အထောက်အပံ့နှင့် ယခုသင်တန်းကိုကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ RECOFTC မှ မြန်မာနိုင်ငံအစီအစဉ်တာဝန်ခံနှင့် ကျွမ်းကျင်ပညာရှင်များ ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် သင်တန်းသား (၂၃)ဦးတက်ရောက်ကြပြီး သင်တန်းအား(၁၅. ၂. ၂၀၁၆)ရက်နေ့မှ (၁၇. ၂. ၂၀၁၆)ရက်နေ့အထိ (၃)ရက်ကြာပြုလုပ်ခဲ့ပါသည်။

**ထိုင်ဝမ်နိုင်ငံတောင်ပိုင်း မြို့တော်တိုင်နန်း( Tainan)တွင် (၆-၂-၂၀၁၆)ရက် နံနက်အစောပိုင်း (လူအများအိပ်ပျော်နေချိန်)က အင်အား ၆.၄ အဆင့်ရှိသော ငလျင်လှုပ်ခတ်ခဲ့ပါသည်။ လူအများအပြား သေဆုံးဒဏ်ရာများရရှိပြီး၊ အဆောက်အဦ အများအပြားလည်း ပြိုကျပျက်စီးခဲ့ကြောင်း။ BBC သတင်းတွင်ဖော်ပြခဲ့ပါသည်။**



# တရားမဝင် သစ်တောထွက်ပစ္စည်းများ ဖမ်းဆီးရမိခြင်း သတင်း

## စစ်ကိုင်းတိုင်းဒေသကြီး



(၁၀-၂-၂၀၁၆)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ် သစ်တောဦးစီးဌာန၊ ဝန်ထမ်းများအဖွဲ့သည် မော်လိုက်မြို့နယ်၊ နန်စခါချောင်းအနီး သက္ကယ်ကျင်း-ဟုမ္မလင်း ဗျူဟာလမ်းမကြီးဘေးတွင် ရပ်ထားသော ယာဉ်အမှတ် (စ/၈၁၄၉)ခြောက်ဘီးကား ယာဉ်တစ်စီးအား သတင်းအရရှာဖွေခဲ့ရာ တမလန်းခွဲသား(၂၆)ချောင်း (၃. ၅၅၈)တန်အား စပါးခွံများ ဖုံးအုပ်ထားလျက် ဖမ်းဆီးရမိခဲ့ပါသည်။ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် သယ်ဆောင်လာသည့် ယာဉ်၊ တရားမဝင်သစ်ခွဲသားတို့နှင့် ပတ်သက်၍ အမှုဖွင့်အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## ပဲခူးတိုင်းဒေသကြီး



(၁၃-၂-၂၀၁၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာ့သစ်လုပ်ငန်း ပန်းတောင်းနယ်(၁၊၂)တို့မှ သစ်တောဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် ပန်းတောင်းမြို့နယ် ဘူးရိုးချောင်းတစ်လျှောက် နယ်မြေများဖြစ်သည့် ဥသျှစ်ပင်၊ သံလယ်ကြီး၊ ညောင်ခြေထောက်၊ ညောင်ကျိုးဘိနယ်များအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်း နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ တလုပ္ပင်ကျေးရွာ အရှေ့တောင်ဘက်နေရာ၊ သံလယ်ကြီးကြိုးဝိုင်းအကွက်အမှတ်(၁၀)၊ ကျောက်ဖူးကြိုးဝိုင်းအကွက်အမှတ်(၆၅)၊ ဘူးရိုးကြိုးဝိုင်းအကွက်အမှတ်(၄၀)၊ (၃၃)အတွင်းနေရာများမှ တရားမဝင်ကျွန်းသစ်(၂၄၁)ချောင်း၊ သစ်မာ(၁၇၁)ချောင်း၊ အခြားသစ်(၁၁)ချောင်း စုစုပေါင်းတရားမဝင်သစ် (၄၂၃)ချောင်း (၄၈. ၀၈၅)တန် ဖမ်းဆီးရမိခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး

(၅-၂-၂၀၁၆)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မြင်းခြံမြို့၊ ဂျပ်ပင်ကျေးရွာ၊ ညောင်ဦး-မြင်းခြံကား လမ်းမဘေးနေရာမှ တရားမဝင် အင်ခွဲသား(၂၂၁)ချောင်း၊ (၅. ၇၆၁၆)တန် တင်ဆောင်လာသော ယာဉ်အမှတ် 9F/1017 (၆)ဘီး အပြာရောင်ယာဉ်(၁)စီးအား တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။





## စစ်ကိုင်းတိုင်းဒေသကြီး





(၁၇-၂-၂၀၁၆)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန သစ်တောဝန်ထမ်းများနှင့် စစ်ကိုင်းမြို့ အမှတ်(၂) ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့ အမှတ်(၃) ခရိုင်ချင်းဆက်လမ်း၊ စာရေးလမ်းခွဲထိပ်တွင် တရားမဝင် တမလန်းခွားရှေ (၆)တုံး (၀. ၇၈၃၆)တန် တင်ဆောင်လာသော ယာဉ်အမှတ် 2B/1489 (Super Custom)ယာဉ်တစ်စီးအား တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အဆိုပါနေ့ (၀၃း၃၀)နာရီတွင် စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများအဖွဲ့သည် စစ်ကိုင်းမြို့၊ သိမ်တော်ကျေးရွာအနီးတွင် တရားမဝင် တမလန်း ခွားရှေတုံး(၃၂)တုံး (၀. ၇၉၃၄)တန် တင်ဆောင်လာသော ယာဉ်အမှတ် 6G/ 5866 (ODYSSEY) အဖြူရောင်ယာဉ်(၁)စီးအား တရားခံ(၁)ဦးနှင့်အတူဖမ်းဆီးရမိခဲ့ပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ





(၁-၂-၂၀၁၆)ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့သည် ရန်ကုန်-မန္တလေးကားလမ်းဟောင်းတစ်လျှောက် သတင်းအရ ကွင်းဆင်းစစ်ဆေးခဲ့ရာ မန္တလေး-ရန်ကုန်သွားကားလမ်းဟောင်း ခန့်မှန်းမပည(V-643930)နေရာမှ တရားမဝင် (၄၅)ပေါင်ဝင် မီးသွေးအိတ် (၆၃၀) အိတ် (၁၀၀. ၉၆)တန်တင်ဆောင်လာသော ယာဉ်အမှတ်(YGN-2C/4163)Nissan Diesel(ဖြူပြာ-ကြားရောင်)(၁၀)ဘီး ယာဉ်တစ်စီးအား တရားခံ(၄)ဦးနှင့်အတူဖမ်းဆီးရမိခဲ့ပါသည်။

ထိုနည်းတူ (၄-၂-၂၀၁၆)ရက်နေ့တွင် နေပြည်တော်၊ဦးစီးရုံးချုပ်၊ စစ်ဆေးရေးဌာနနှင့် ဥတ္တရသီရိမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများအဖွဲ့သည် ရန်ကုန်-မန္တလေးအမြန် လမ်းမကြီး မိုင်တိုင် (၂၂၉/၇)မိုင်နေရာတွင် တရားမဝင် အခြားသား ခွားရှေ (၃၀) ချောင်း (၆. ၃၉)တန် တင်ဆောင်လာသောယာဉ်အမှတ် (ထ/၄၁၅၅)TE ခဲဖြူရောင်ယာဉ်အား တရားခံ(၁၁)ဦးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

## မကွေးတိုင်းဒေသကြီး




(၃-၂-၂၀၁၆)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများအဖွဲ့နှင့် ပေါက်မြို့နယ် ရေပြာရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပေါက်-ပခုက္ကူကားလမ်း၊ မိုင်တိုင် (၅/၁)ဖိုးဖြူလုံးကန်ကျေးရွာအနီးတွင် "ကျန်းမာရေးသီးသန့်ပတ္တမြားရတု ရွှေသိမ်တော်ကျောင်း လူမှုကူညီရေးအဖွဲ့" စာတန်းပါ ယာဉ်အမှတ် MDY-HSE 4149 (၄)ဘီး၊ အဖြူရောင်(Micro Bus)အားစစ်ဆေးရာ ၄င်းယာဉ်ပေါ်မှတရားမဝင် ကျွန်းခွဲသား (၁၃)ချောင်း (၀. ၇၇၂၈)တန်နှင့်တရားခံ(၂)ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။

**International Land Cover Land Use Change(LCLUC) (အပြည်ပြည်ဆိုင်ရာ မြေပြင်အခြေအနေနှင့် မြေအသုံးချမှု ) ဒေသဆိုင်ရာ သိပ္ပံအဖွဲ့၏တောင်အာရှနှင့် အရှေ့တောင်အာရှအစည်းအဝေးအား မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် (၁၂-၁-၂၀၁၆)ရက်နေ့မှ (၁၈-၁-၂၀၁၆)ရက်နေ့အထိ ကျင်းပ**



အပြည်ပြည်ဆိုင်ရာ မြေပြင်အခြေအနေနှင့် မြေအသုံးချမှုဒေသဆိုင်ရာသိပ္ပံအဖွဲ့၏ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်းဆိုင်ရာ လှုပ်ရှားမှုတစ်ခုအနေနှင့် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းအပါအဝင် ကွင်းဆင်းလေ့လာရေးခရီးစဉ်များအား(ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၈ရက်နေ့အထိ)မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ လှုပ်ရှားမှုများအား University of Maryland College Park၊ START ကမ္ဘာလုံးဆိုင်ရာ သစ်တောနှင့်မြေယာဖုံးလွှမ်းမှုပြောင်းလဲလာခြင်း လေ့လာရေးအဖွဲ့တို့မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့်စီစဉ်ပြုလုပ်ခဲ့ကြပြီး၊ မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်နှင့် မြန်မာနိုင်ငံမှ အဖွဲ့အစည်းများ ပါဝင်ခဲ့ပါသည်။ အစည်းအဝေးအား မီချီကန်တက္ကသိုလ်၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များဆိုင်ရာ ရန်ပုံငွေအဖွဲ့၊ Mandalayနည်းပညာအဖွဲ့တို့မှ ကူညီထောက်ပံ့ပေးခဲ့ပါသည်။

ကွင်းဆင်းလေ့လာရေး ခရီးစဉ်အနေဖြင့် ဇန်နဝါရီလ(၁၂)ရက်နေ့တွင် ရန်ကုန်မြို့၏ အရှေ့မြောက်ဘက် မိုင်(၆၀) အကွာရှိ မြေပြင်အခြေအနေနှင့် မြေအသုံးချမှု အလျင်အမြန် ပြောင်းလဲလာလျက်ရှိသည့် ပဲခူးဒေသအား သွားရောက်လေ့လာခဲ့ကြပါသည်။ ခရီးစဉ်အတွင်း သစ်တော၊ စိုက်ပျိုးရေး၊ မြို့ပြနှင့်မြန်မာနိုင်ငံ၏ ထုံးတမ်းအယူအဆများ ပါဝင်သည့် မြေပြင်အခြေအနေနှင့် မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များအား ဒေသခံများနှင့် ဒေသတွင်းတက်ရောက်လာသူများမှ ဝေမျှခဲ့ကြပါသည်။ အဆိုပါခရီးစဉ်အား နိုင်ငံအသီးသီးမှ သင်တန်းသား(၄၅)ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးအား ဇန်နဝါရီလ(၁၃)ရက်နေ့မှ (၁၅)ရက်နေ့များအတွင်း ကျင်းပခဲ့ပါသည်။ အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ အမေရိကန်၊ ဂျပန်၊ မြန်မာ၊ ဂျာမဏီနှင့် ဆွစ်ဇာလန်နိုင်ငံများမှ ပညာရှင်(၁၅၀)ဦးခန့် တက်ရောက်လာခဲ့ပါသည်။ အစည်းအဝေးတွင် သိပ္ပံပညာရပ်ဆိုင်ရာ အခန်းကဏ္ဍများဖြစ်သည့် (၁)တောင်အာရှနှင့်အရှေ့တောင်အာရှဒေသများအတွင်း အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအစီအစဉ်များ (၂)စိုက်ပျိုးရေးနှင့် ရေအရင်းအမြစ် (၃)သစ်တောဖုံးလွှမ်းမှု၊ မြေပုံထုတ်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်း (၄)မြို့ပြချဲ့ထွင်လာခြင်း (၅)တောမီးအပါအဝင် မြေနှင့်လေထု အပြန်အလှန်ဆက်သွယ်မှုများ (၆)တောင်နှင့် အရှေ့တောင်အာရှဒေသအတွင်း မြေပြင်အခြေအနေနှင့် မြေအသုံးချမှုဆိုင်ရာ ဒေသတွင်း ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆွေးနွေးခြင်းတို့ ပါဝင်ခဲ့ပါသည်။ ခေါင်းစဉ်/ဆွေးနွေးပွဲတစ်ခုချင်းစီတွင် အဓိကအချက်အလက်များပါဝင်သည့် presentation (၁)ခု(သို့မဟုတ်)(၂)ခု ပါဝင်တင်ပြလျက် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာသုတေသီများ၏ မတူညီသည့် ဆောင်ပုဒ်များပါဝင်သည့် ပိုစတာ(၂၂)ခုကိုလည်း ထပ်မံပြသထားပါသည်။

အစည်းအဝေးကာလတွင်း မြန်မာနိုင်ငံနှင့် တောင်/အရှေ့တောင်အာရှနိုင်ငံများအတွင်း မြေပြင်အခြေအနေနှင့် မြေအသုံးချမှုပြောင်းလဲခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဆွေးနွေးခြင်းကို အပိုင်း(၂)ပိုင်း ခွဲ၍ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးပွဲမှ လူမှုရေးဆိုင်ရာများ၊ ဥပဒေရေးရာများ၊ စီးပွားရေးဆိုင်ရာများ၊ နိုင်ငံရေးဆိုင်ရာများ၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာမူဝါဒများနှင့် မြေပြင်အခြေအနေနှင့် မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲမှုများအား ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာမြေပုံလေ့လာရေးနှင့် အချက်အလက်ရရှိနိုင်ရေး ကိစ္စရပ်များအားဆွေး နွေးခဲ့ပါသည်။ ဆွေးနွေးပွဲသည် နယ်ပယ်မတူ၊ စည်းမျဉ်းစည်းကမ်း မတူညီသည့်ဒေသများမှ လူများအကြား အတွေးအခေါ်နှင့် သတင်းအချက်အလက်မျှဝေရာနေရာတစ်ခုဖြစ်လာခဲ့ပါသည်။

ဇန်နဝါရီလ(၁၆)ရက်နေ့မှ(၁၈)ရက်နေ့အတွင်း "အဝေးမှစူးစမ်းလေ့လာခြင်းနှင့် ဘူမိတည်နေရာနည်းပညာ အသုံးချရေး" သင်တန်းကို ရန်ကုန်တက္ကသိုလ်ပထဝီဝင်ဌာနတွင် ကျင်းပခဲ့ရာ သင်တန်းသား(၆၅)ဦးတက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်းသားအများအပြား အထူးစိတ်ဝင်တစားတက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားအပြီးတွင် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များလည်းပေးအပ်ခဲ့ပါသည်။




# ၂၀၁၆ခုနှစ်၊ မတ်လ (၃)ရက်နေ့တွင် ကျရောက်သော World Wildlife Day 2016 အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ကျင်းပခဲ့သည့် (၆၈)ကြိမ်မြောက် United Nations General Assembly (UNGA) အစည်းအဝေးတွင် မျိုးဆက်ပျက်သုဉ်းလုဆဲတောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း(Convention on International Trade in Endangered Species of Wild Fauna and Flora-CITES)စတင်အသက်ဝင်ခဲ့သည့် မတ်လ(၃)ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် World Wildlife Day အဖြစ် အတည်ပြု သတ်မှတ်ခဲ့ပြီး မတ်လ ၃ ရက်နေ့တိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် World Wildlife Day အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ကြပါသည်။

ယခုနှစ်တွင် ကျရောက်သည့် World Wildlife Day အထိမ်းအမှတ်ဆောင်ပုဒ်မှာ "တောရိုင်းတိရစ္ဆာန်များ၏ အနာဂတ်လုပရေး လူသားတို့မှကြိုးပမ်းပေး" " The future of wildlife is in our hands" ဖြစ်ပြီး ယခုနှစ်ဆောင်ပုဒ်အောက်တွင် အာဖရိကနှင့်အာရှဆင်များကို တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် " The future of elephants is in our hands "ဟူ၍ အဓိကဦးစားပေးအဖြစ် သတ်မှတ်ထားပါသည်။ မိမိတို့နိုင်ငံအလိုက် နိုင်ငံအတွင်းရှိ အရေးတကြီးထိန်းသိမ်းရန်လိုအပ်သော တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကိုလည်း World Wildlife Day 2016 ဆောင်ပုဒ်ကိုမှီငြမ်းကိုးကား၍ အစားထိုးထည့်သွင်းကာ World Wildlife Day 2016 အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကျင်းပနိုင်စေရန် CITES Secretariat မှ တိုက်တွန်းနှိုးဆော်ထားပါသည်။ ကမ္ဘာတစ်ဝန်းလုံးရှိတောရိုင်းတိရစ္ဆာန်များသည် အန္တရာယ်အမျိုးမျိုးနှင့်ရင်ဆိုင်နေရပြီး စိုက်ပျိုးရေးနှင့်စားကျက်မြေများချဲ့ထွင်ခြင်းကြောင့် နေရင်းဒေသများဆုံးရှုံးပျောက်ကွယ်မှု၊ တရားမဝင်ကူးသန်းရောင်းဝယ်မှုများသည် ၎င်းတို့အတွက် အကြီးမားဆုံးအန္တရာယ်များဖြစ်ပါသည်။ ဆင်များ၊ သင်းခွေချပ်များ၊ ကြံ့များ၊ငါးမန်းများ၊ကျားများနှင့် အခြားတန်ဖိုးမြင့် သစ်မျိုးစိတ်များကို ကမ္ဘာတစ်ဝန်းလုံးတွင် အများဆုံးတရားမဝင်ကူးသန်းရောင်းဝယ်နေကြကြောင်း တွေ့ရှိရပြီး ၂၀၁၀နှင့် ၂၀၁၂ခုနှစ်များအကြား ဆင်ကောင်ရေ ၁သိန်းခန့် ဆင်စွယ်များအတွက် သတ်ဖြတ်ခံခဲ့ရကြောင်း ကြေကွဲဖွယ်တွေ့ရှိခဲ့ရပါသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းမှ "ယခုနှစ်တွင် ကျရောက်သည့် World Wildlife Day မှအစပြု၍ အစိုးရများ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် နိုင်ငံသားတိုင်းမှ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန် တာဝန်ကိုယ်စီယူကြရန်နှင့် ၎င်းတို့၏ကံကြမ္မာသည် လူသားတိုင်းလူသားတိုင်း၏ ဆောင်ရွက်ချက်များအပေါ်တွင် မှီတည်နေကြောင်း၊ ၎င်းတို့၏ အနာဂတ်သည် လူသားတို့၏ လက်ထဲတွင်ရှိကြောင်း" တိုက်တွန်းနှိုးဆော်ထားပြီး CITES အထွေထွေအတွင်းရေးမှူးချုပ် Mr. John E. Scanlon မှ "တောရိုင်းတိရစ္ဆာန်များ ကြုံတွေ့နေရသည့် လက်ရှိအန္တရာယ်များသည် မိုးခေါင်ရေရှားမှု၊ ရေလွှမ်းမိုးမှုနှင့် ဆိုင်ကလုံးမုန်တိုင်းများကဲ့သို့ သဘာဝဘေးအန္တရာယ်များမဟုတ်ပဲ လူသားတို့၏လုပ်ရပ်များကြောင့် တိုက်ရိုက်ဖြစ်ပေါ်လာသည့် ရလဒ်များသာဖြစ်ကြောင်း၊ ၎င်းတို့ကြုံတွေ့နေရသည့် ဆိုးရွားလှသောအန္တရာယ်များ၏ အကြောင်းရင်းခံမှာ လူသားများပင်ဖြစ်ကြောင်းနှင့် အဆိုပါအန္တရာယ်များကိုဖြေရှင်းရာတွင် လူသားများသာအခရာဖြစ်ကြောင်း" နှိုးဆော်တိုက်တွန်းပြောကြားထားပါသည်။

တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များသည် ရာသီဥတုနှင့်ဂေဟစနစ်တည်ငြိမ်ရေးအတွက် အရေးပါပြီး လူသားများစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ဂေဟစနစ်ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်။ ထိုသို့အရေးပါလှသော တောရိုင်းတိရစ္ဆာန်များ ရှင်သန်ရပ်တည်နိုင်ခြင်း(သို့မဟုတ်)ဆုံးရှုံးပျောက်ကွယ်ခြင်းသည် လူသားတို့အပေါ်တွင်သာမှီတည်နေပါသည်။ ယခုနှစ် မတ်လ(၃)ရက်နေ့တွင်ကျရောက်သည့် World Wildlife Day တွင် ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရများ၊ ဥပဒေချမှတ်သူများ၊ တရားဥပဒေစိုးမိုးရေးအရာရှိများ၊ အကောက်ခွန်အရာရှိများနှင့် သဘာဝနယ်မြေဝန်ထမ်းများအစရှိသည့် နိုင်ငံသားတိုင်းသည် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ ကာကွယ်ရန် လူသားတိုင်းတွင် တာဝန်ရှိသည်ဟုခံယူချက်ဖြင့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ၎င်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရေးအတွက် ပိုမိုကြိုးပမ်းအားထုတ်ကြရန် World Wildlife Day 2016 အထိမ်းအမှတ်ဆောင်းပါးဖြင့် နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

# ကျွန်တော် မှတ်သားထားသော ဂျာမန်လူမျိုးတို့၏ ထူးခြားသည့် အလေ့အကျင့်များ

ဝင်းချစ် (အမျိုးသားစာပေဆုရ)

ကျွန်တော်သည် ဂျာမနီနိုင်ငံ ဂိုတင်ဂင် တက္ကသိုလ်သို့ သုတေသနလေ့လာရေးအတွက် သုံးလကြာသွားရောက်ခွင့် ရရှိခဲ့ဖူးပါသည်။ ၂၀၀၂ ခုနှစ် မေလမှ ဇူလိုင်လ အထိဖြစ်ပါသည်။

ဂျာမနီတွင် နေထိုင်စဉ်အတွင်း စာရေးသူ မှတ်သားထားသည့် ဂျာမန်လူမျိုးတို့၏ ထူးခြားသော အလေ့အကျင့်များကို မျှဝေပေးလိုက်ပါသည်။

၁။ <u>ကလေးများ</u> - ကလေးများ အသံထွက်၍ ငိုသည်ကို တခါဘူး မျှ မမြင်ခဲ့ မကြားခဲ့ရပါ။ နေထိုင်စဉ် ကာလအတွင်း - ကလေးနှစ်ဦး မျက်ရည်ကျပြီး ငိုသည်ကိုသာ မြင်ခဲ့ဖူးပါသည်။ တစ်ဦးက အသက်သုံးလေးနှစ်ခန့် မိန်းကလေး၊ ဘတ်စ်ကားပေါ်မှာ - တစ်ခုခုခိုက်မိ၍ နာကျင်လွန်းသဖြင့် ငိုသည့်ပုံစံမျိုး။ နောက်တစ်ဦးက အသက်ခုနစ်နှစ် ရှစ်နှစ်ခန့် - ၎င်း၏ ဆွေမျိုးရင်းချာထဲမှ တစ်ဦးဦးတစ်ခုခု (ဝမ်းနည်းစရာ) ဖြစ်သဖြင့် ငိုသည့် ပုံစံမျိုး။

၂။ <u>ဘတ်စ်ကားဒရိုင်ဘာများ</u> - စာရေးသူသည် နေ့စဉ်လိုပင် ဘတ်စ်ကားစီးခဲ့ရာ ဒရိုင်ဘာများ စိတ်ဆိုးသည့် အမူအရာမမြင်ခဲ့ရပါ(အော်ဟစ်ငေါက်ငမ်းဖို့ဝေးစွ)။ တစ်ခါမှာတော့ - လမ်းကြားက စက်ဘီးနဲ့ အမြန်နင်းထွက်လာတဲ့ လူငယ်တစ်ယောက် - တိုက်မိမလိုဖြစ်လို့ ကားကို အတင်းဘရိတ်အုပ်လိုက်ရင်း - အော်ငေါက်တာကိုသာ ကြားဖူးခဲ့ပါသည်။

၃။ <u>ခွေးများ</u> - ခွေးများကိုသွားလေရာ ခေါ်သွားလေ့ ရှိကြပါသည်။ ဘတ်စ်ကားပေါ်မှာလဲ ကြိုးတန်းလန်းနဲ့ ခေါ်လာကြသည်။ အဲဒီခွေးတွေ ဟောင်တာလဲမကြားခဲ့ဘူးသလို လူကိုလာပြီးနမ်းတာ၊ လျှာနဲ့လျက်တာမျိုးလဲ တစ်ခါမှမကြုံဘူး၊ မမြင်ဘူးခဲ့ပါ။ ကလေးများကို မဆိုထားနဲ့ ခွေးတွေကိုတောင် လိမ္မာအောင် လေ့ကျင့်ပေးနိုင်တဲ့ လူမျိုးပါလားလို့ - စာရေးသူ အကြိမ်ကြိမ် အံ့ဩချီးကျူးမိခဲ့ပါသည်။

၄။ **<u>ကျောင်းသား၊ ကျောင်းသူ</u>**တွေကလဲ ခွေးတွေကို တက္ကသိုလ်ထဲ ခေါ်လာကြပါသည်။ စာသင်ခန်းနဲ့ စားသောက်ဆိုင်တွေထဲကိုတော့ ခေါ်ခွင့်မရှိပါ။ အပြင်မှာ ကြိုးချည်ထားခဲ့ရပါသည်။ ခွေးချစ်သူတွေရဲ့ ဒုက္ခကလဲ မသေးလှပါ။ သူတို့ခွေးတွေပါတဲ့ ကျင်ကြီးကို သူတို့ ကျုံးရပါသည်။ ကျောင်းသားကျောင်းသူ တချို့လက်မှာ ကျွတ်ကျွတ်အိတ်စွပ်ထားပြီး မြေကြီးမှာ ကုန်းကုန်းကောက်နေတာတွေ့လို့ - မေးကြည့်လို့ သိခဲ့ရတာပါ။

၅။ **<u>သစ်တော</u>**ထဲကို သစ်တောဌာနက တာဝန်ရှိသူများနဲ့ သစ်ခုတ်ခွင့်ရတဲ့ သူတွေကလွဲလို့ ဘယ်သူမှ မော်တော်ကား၊ မော်တော် ဆိုင်ကယ် (စက်တပ်ယာဉ်)များနဲ့ ဖြတ်သန်းခွင့်မရှိပါ။ တောထဲမှာနေတဲ့ သားငှက်တိရစ္ဆာန်တွေ လန့်မှာစိုးလို့ပါ - တဲ့။

၆။ **<u>သစ်ခုတ်ခွင့်ရသူများ</u>** သစ်တောဌာနက သတ်မှတ်ပေးထားတဲ့ သစ်ပင်များကို သူတို့ဖာသာခုတ်ယူသွားကြပါသည်။ တစ်ခြားသစ်ပင်ကို ခုတ်တယ်ဆိုတာ မရှိပါဘူးတဲ့။ သစ်တောတွေက ရွာတွေနဲ့ကပ်နေပေမယ့် - ထင်းခိုးခုတ်တဲ့သူ မရှိပါဘူး -တဲ့။ တောထဲမှာ ထင်းတုံးတွေ ပိုင်းဖြတ်နေတဲ့သူတွေ တွေ့လို့ -အိမ်ကို အပူဓာတ်ပေးတာ - ထင်းက လျှပ်စစ်ဓာတ်အားထက် ပိုသက်သာလို့လား -မေးကြည့်တာ -ကုန်ကျစရိတ်အတူတူလောက်ပါပဲတဲ့။ ဝါသနာ(hobby)အနေနဲ့ လုပ်ကြတာပါ - တဲ့။

၇။ **<u>အဝေးပြေးမော်တော်ကားလမ်းက</u>** တချို့နေရာတွေမှာ တောတိရစ္ဆာန်တွေသွားဖို့ လမ်းကျော်တံတားတွေ (overhead bridge) ဆောက်ပေးထားပါသည်။ တိရစ္ဆာန်တွေကားတိုက်ခံရမှာ စိုးလို့ပါ - တဲ့။ ကားတွေလဲ အန္တရာယ်ကင်းတာပေါ့။

၈။ အဝေးပြေးကားလမ်းဘေးက တချို့နေရာတွေမှာ နံရံအမြင့်ကြီးတွေ ကာထားပါသည်။ အနီးနားမှာရှိသည့် ရွာတွေကို ဆူညံသံတွေ မရောက်အောင်လို့ - တဲ့။ (ရွာတွေက ကားလမ်းနဲ့ကပ်နေတာ မဟုတ်ပါ - အတော်လေး ဝေးပါသေးတယ်။)

၉။ **<u>ဂိုတင်ဝင်တက္ကသိုလ်နားက</u>** - ပလက်ဖောင်းဘေးမှာ နှစ်ပေလောက်မြင့်တဲ့ ပလပ်စတစ်ပိုက် (plastic net)တွေ ကာထားတာတွေ့ရပါသည်။ စူးစမ်းကြည့်တော့ - အဲဒီနားမှာရှိတဲ့ ရေကန်ကဖားတွေ ညဘက်ကျ - ကားလမ်းပေါ်တက်ရင် ကားကြိတ်ခံရမှာစိုးလို့ ကာထားပေးတာပါ - တဲ့။

၁၀။ **<u>မုဆိုးလိုင်စင်ရှိမှ</u>** သူတို့ဆီမှာ အမဲလိုက်ခွင့်ရှိပါသည်။ Wildlife Diploma (၂ နှစ်သင်တန်း) အောင်ပြီးရင် - လိုင်စင်ရ ဝါရင့်မုဆိုးနဲ့အတူ လက်တွေ့တစ်နှစ်လောက် တောဆင်းပြီး၊ အဲဒီမုဆိုးက ထောက်ခံမှသာ လိုင်စင်ထုတ်ပေးပါတယ် -တဲ့။

၁၁။ **<u>အမွေခံခွင့်</u>**- DAAD နှစ်ပတ်လည်ညီလာခံလုပ်တဲ့ ဒရက်စ်ဒင် (Dresden)မြို့ကိုရောက်တော့ -ဒရက်စ်ဒင် တက္ကသိုလ်မှာ Master တက်နေတဲ့ တပည့်ကျော် မုံရွာသား သန့်ရှင်း က စာရေးသူ၊ ဒေါက်တာဥာဏ်ထွန်း၊ ဒေါက်တာဆန်းဦးနဲ့ ဒေါက်တာ မင်းသန့်ဇင်(ကွယ်လွန်) တို့ကို မြို့ထဲလိုက်ပြပါတယ်။ မြို့ထဲမှာ တိုက်အိုနှစ်လုံး သုံးလုံးတွေ့လို့ - ဘာလို့မပြင်တာလဲ -မေးကြည့်တော့ -တိုက်ပိုင်ရှင် ကို စုံစမ်းမရတော့လို့ - တဲ့။ ဒုတိယကမ္ဘာစစ်တုန်းက လူတွေအများကြီး သေခဲ့တော့- အမွေခံခွင့်ရှိတဲ့သူတွေရှာမရတော့လို့ပါ-တဲ့။ နှစ်ပေါင်း ၇၀ လောက်ရှိနေတာတောင် အမွေဆက်ခံသူ ရှာမရတာကို စောင့်ပေးတဲ့အစိုးရ - အံ့ဩကုန်နိုင်ဖွယ်ပါပဲ။ (ဒရက်စ်ဒင် တက္ကသိုလ်ဆိုတာ ဆရာကြီး ဦးအောင်ကြင်နဲ့ ဒေါက်တာ ဥာဏ်ထွန်းတို့ တက်ခဲ့တဲ့ တက္ကသိုလ်ပါ)

၁၂။**<u>crowded</u>**- စာရေးသူရောက်ခဲ့တဲ့ မြို့တွေ (ဘာလင် အပါအဝင်)မှာ လူတွေပြွတ်သိပ်နေတာ(crowded) မတွေ့ခဲ့ရပါ။ တစ်ခြားမြို့တွေမှာလဲ ဒီအတိုင်းပဲ - crowded မဖြစ်ဘူးလို့ သိရပါတယ်။ လူဦးရေ ၈၁သန်းကျော်ရှိပြီး နိုင်ငံအကျယ်အဝန်းက စတုရန်းကီလိုမီတာ ၃၅၇,၀၂၁ (စာရေးသူတို့ နိုင်ငံရဲ့တစ်ဝက်ကျော်ကျော်) သာရှိပေမယ့် အခုလို လူဦးရေပျံ့နှံ့မှု ညီမျှနေခြင်းက -Land-use Planning ကောင်းလို့ဆိုတာ သိရှိခဲ့ရပါတယ်။

ဒုတိယကမ္ဘာစစ်ဒဏ်ကို ခံခဲ့ရပြီး လူပေါင်းသန်းချီသေခဲ့တဲ့ စစ်ရှုံးနိုင်ငံတစ်နိုင်ငံက နှစ်ပေါင်း သုံးလေးဆယ်အတွင်းမှာ ကမ္ဘာ့ထိပ်တန်း စာရင်းဝင်နိုင်ငံကြီး ဖြစ်လာခြင်းသည် ဥပဒေကြိုးစိုးခြင်းနှင့် နိုင်ငံသူနိုင်ငံသားများ၏ အလေ့အကျင့်ကောင်းများကြောင့်ဟု ယုံကြည်မိပါသည်။

+++++++++++++++++

## ပြင်လိုက်တော့

ဒီပင်ရိပ်အောက်
နင်ဝင်ရောက်ခဲ့
အကိုင်းကိုချိုး
သီးကင်းညှိုးအောင်
ချွေကာရက်စက်
နင်ပြုရက်တယ် - -နော်

ဒီကန်ကိုရောက်
ဒီရေသောက်လို့
ဒီကန်နောက်အောင်
ညစ်ခြေထောက်အား
ကန်ရေဖွေးဖွေး
နင်ဆေးရက်တယ် - - နော်

ခိုင်ခန့်တံတား
နင်လေသွားခဲ့
ညစ်ညမ်းစိတ်တတ်
နင်ပြုရက်ခါ
နင်းချိုးတံတား
နင်လုပ်သွားတယ် - - နော်

ပြန်လည်တွေးတော
နင့်သဘောရယ်
ဖြူဟွစိုရိတရား
အစဉ်မှားလို့
မကောင်းခြင်းရှောင်
ကောင်းမှုဆောင်ရာ
ပြုပြင်စိတ်တတ်
နင်ပဲမြတ်မှာပါ - --လေ

စိုးပြ

# လောင်းလုံဘုတ်ဆီသို့

ကိုမြမ်း (တောင်သာ)

**ထားဝယ်မြို့မှသဘောဆိပ်ရွာသို့**

ကျွန်တော်တို့ကားလေးဟာ ထားဝယ်နဲ့ အနောက်ဘက်က ကမြောကင်းကိုဆက်သွယ်ထားတဲ့ ကမြောကင်းတံတားအဆုံးရောက်တာနဲ့ ဂျပန်စစ်ဝတ်စုံ၊ ဂျပန်ကင်တိုခါးရှည်ကို ခါးမှာချိတ်ထားတဲ့ ဗိုလ်မှူးကြီးဗထူး ကျောက်ရုပ်ကိုတွေ့လိုက်ရတယ်။ မြန်မာ့သမိုင်းကို ပြန်ပြောင်းသတိရစေသူ။ ထားဝယ်ခရိုင်၊လောင်းလုံမြို့နယ် " လေးသွင်းခံရွာ" ဇာတိ၊ ထားဝယ်သားစစ်စစ်။ သူဟာ ဖက်ဆစ်ဂျပန်တော်လှန်ရေး ကို သတ်မှတ်ရက်ထက်စောပြီး တော်လှန်တိုက်ခိုက်ခဲ့ပြီး ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့နယ်က တယ်လူးစခန်းမှာ ငှက်ဖျားနဲ့ကွယ်လွန်ခဲ့သူဖြစ်တယ်။ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့တဲ့သူ့ကို နိုင်ငံတော်က ရပ်စောက်မြို့နယ်မှာ ဗထူးတပ်မြို့ကိုတည်ပြီး ဂုဏ်ပြုခံရသူ။ သူ့လိုဘဲ ထားဝယ်အမျိုးသမီးထဲကဆိုရင် နိုင်ငံတော်က သူရဘွဲ့ပေးခဲ့တဲ့ သူရမချစ်ပို ဆိုတာကိုလည်း ချန်ထားလို့မရ။ မေ့ထားလို့မရ။

ကျွန်တော်တို့ကားလေးဟာ ကမြောကင်းရွာကြီးကိုဖြတ်လာပြီး တောင်ကုန်းပေါ်ကိုကွေ့ကာဝိုက်ကာ တက်လိုက်တယ်။ ဒီတောင်ကုန်းပေါ်ကနေပြီး မောင်းမကန်ရွာနဲ့နောက်ခံမြင်ကွင်းကျယ် ပင်လယ်ပြာပြာကိုမြင်ရတဲ့ ရှုရပ်စခန်း(View Point)နေရာဖြစ်ပါတယ်။ မကြာခင်ကျွန်တော်တို့ကားလေးဟာမောင်းမကန်ရွာအဝင်လမ်းမရဲ့လက်ဝဲဘက်အတိုင်း ကျောက်ဆင်ရွာကိုဖြတ်ပြီး ခရီးဆက်ခဲ့ကြတယ်။

လှိုင်းလေငြိမ်သက်နိုင်ပါတယ်ဟု မနေ့က ကြားရတဲ့ သတင်းမှန်ကန်ကြောင်း သဘောဆိပ်ရွာကမ်းနားရောက်မှ အတည်ပြုနိုင်ခဲ့သည်။ သဘောဆိပ်ရွာဆိုသည်မှာ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ကမ်းခြေရဲ့တောင်ဘက်မှာရှိတဲ့ ကမ်းရိုးတန်းရွာကြီးဖြစ်ပြီး ရေလုပ်ငန်းအဓိကလုပ်ကိုင်ကြပါတယ်။ သောင်ပြင်မှာ ပင်လယ်ငါးဒိုင်တွေ၊ ရောင်းသူဝယ်သူတွေ၊ ကမ်းစပ်က ငါးဖမ်းစက်လှေတွေနဲ့ စည်ကားနေတယ်။ အသိသာဆုံး သတိပြုမိစေတာက စူးစူးရှရှနံ့နေတဲ့ ငါးညှီအနံ့တွေဘဲဖြစ်သည်။ စီးရမယ့် ငါးဖမ်းစက်လှေကြီးက ကမ်းစပ်မှမနီးမဝေးမှာ ကျောက်ချထားတယ်။ အဲဒီကိုရောက်ဖို့လှေငယ်လေးဟာ အဖွဲ့ဝင်တွေနဲ့ ဝန်စည်တွေ ရိက္ခာတွေကို ကူသယ်ပေးပို့ခဲ့ရသည်။ လှေကြီးရဲ့သင်္ဘောဝမ်းပေါ်မှာတော့ သက်ကယ်ဗောတွေအဖြစ် ငါးဖမ်းပိုက်ကဖေါ့တွေကိုအတွဲလိုက် စုစည်းချည်နှောင်ထားတာတွေ့ရသည်။

**သဘောဆိပ်မှ လောင်းလုံဘုတ်ကျွန်းသို့**

လူစုံတော့မှ ငါးဖမ်းစက်လှေကြီးဟာ အနောက်ဘက်အရပ် ကောင်းကင်ပြာပြာအောက်က ရေပြာပြာပေါ်မှာ ညို့ညို့မှိုင်းမှိုင်း ကျွန်းတန်းရှည်လေးရှိရာဆီကို ဦးတည်မောင်းလိုက်တော့သည်။ အဲဒါက လောင်းလုံးဘုတ်ကျွန်း ဖြစ်ပါသည်။ အချိန်က နံနက် ၈ နာရီ။ လေပြင်းတိုက်နေလို့ ၂ ကြိမ်တိုင်တိုင်ရွှေ့ခဲ့ရတဲ့ လေ့လာရေးခရီးက ဒီဇင်ဘာ ၁၅ ရက်၊ ၂၀၁၄ ဒီနေ့မှာဘဲ စနိုင်ခဲ့တော့သည်။ အဖွဲ့ခေါင်းဆောင်တွေဖြစ်တဲ့ သစ်တောဦးစီးက ဦးစိုးတင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးသန်းမြင့် Country Director(WCS) နဲ့ ဦးစိုးသန့် ဦးစီးအရာရှိ ငါးလုပ်ငန်းဦးစီး၊ ဒေသခံကိုထွန်းသိန်းတို့ဟာ မော့စကော့ကျွန်း မြေပုံတွေကြည့်ပြီး လုပ်မယ့် အစီအစဉ်တွေကိုတိုင်ပင်နေကြတယ်။ ကိုသက်ဇော်နိုင်ဦးဆောင်တဲ့ ငှက်ကြည့်အဖွဲ့က လှေဦးပိုင်းမှာ မှန်ဘီလူးကိုယ်စီနဲ့ နေရာယူထားကြပြီးဖြစ်ပါတယ်။ နေရောင်ခြည်က အလွန်စူးရှနေလွန်းသဖြင့် အဖွဲ့သားအားလုံး လိုလိုနေကာမျက်မှန်ကိုယ်စီနဲ့ တွေ့လိုက်ရတော့တယ်။

အခုမှဘဲ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းရဲ့ တာဝန်ပေးချက်အရ ယိုးဒယားနိုင်ငံ Samutparakan Crocodile Farm ကဝယ်တဲ့ မိကျောင်းအကောင် (၁၄၀)ကို အောင်မင်္ဂလာငါးဖမ်းစက်လှေနဲ့ ကော့သောင်းမြို့ကို သွားပို့တော့ဖြတ်သွားခဲ့ရတဲ့ ကျွန်းတန်းရှည်လေးတွေဆီ တာမြင်နေရတဲ့ မောင်းမကန်ဘုတ်နဲ့ လောင်းလုံဘုတ်ဆိုတာ သိလိုက်ရပါတော့တယ်။ ကြာခဲ့ပါပြီ၊ ၁၉၈၄ ခုနှစ်ပါ။

" ဟိုးမှာဟော့ ကြည့်စမ်း မောင်းမကန်--၊ ဟိုမှာ မျှော်ရစ်ဘုရား ၊ ဟော့--အဲဒါ မောင်းမကန်ဘုတ်ကျွန်းမဟုတ်လားပုံနင်းကြီး၊ ဟိန်းဇဲဘုတ်ကျွန်းပါနော်--အခုတည့်တည့်မြင်နေရတာက လောင်းလုံဘုတ်ကျွန်းဟဲ့" စကားပြောသံတွေက လှိုင်းနဲ့လှေဝမ်းတို့ရိုက်တဲ့အသံတွေနဲ့ အတူရောထွေးနေတယ်။ ကျွန်တော်ကတော့ ထားဝယ်မြို့ သားငှက်ထိန်းသိမ်း

ရေးအဖွဲ့(WCS)က သွေးချင်းလေးတွေဖြစ်တဲ့ မွန်၊ ကရင်၊ ထားဝယ်လူမျိုး ဝန်ထမ်းငယ်လေးတွေရဲ့ အပြန်အလှန် ပြောနေဆိုနေသံတွေကို ခါတ်ပုံရိုက်နေရင်းက နားစွင့်နေမိ တယ်။ ဒီခရီးမှာ စာဖတ်သူတွေအတွက် ဘယ်လိုသတင်းတွေ ကျွန်တော်ပေးရမလဲဆိုတာလဲတွေးနေမိပါတယ်။ သူတို့ လက်ညှိုးညွှန်နေတဲ့နေရာတွေကို လိုက်ကြည့်လိုက်တယ်။ ဟိုးအဝေးက ငွေသားရောင်ဖြူလွလွ မောင်းမကန်ကမ်းခြေ။ မောင်းမ ကန်လား၊ မောင်း မကန်လား၊ မောင်မကန်လား ဆိုတာဖြတ်ခနဲ အတွေးဝင်လာလိုက်သေး။

ပင်လယ်ထဲက လောင်းလုံဘုတ်ကျွန်းဘက်ဆီကို ထိုးထွက်နေတဲ့ ခပ်နိမ့်နိမ့်တောင်ကုန်း အငူလေးပေါ်မှာ တည်ထားတဲ့ဘုရားကို " မျှော်ရစ် " တဲ့။ မျှော်ရစ်ဘုရားနဲ့ မှော်ရစ်ရွာကနီးနီးလေးမို့လို့ ဘယ်လိုဘယ်နည်းဆက်စပ်နေလဲမသိနိုင်၊ ရေလုပ်သားနဲ့ချစ်သူတို့ရဲ့ မရိုးနိုင်တဲ့ အချစ်အဓိပ္ပါယ်၊ အချစ်ဘဝစာမျက်နှာတွေရှိခဲ့လေလား။ အချစ်ရဲ့ သင်္ကေတ အမှတ်လက္ခဏာလေးတွေများ ရှိနေရောထင့်။ "မျှော်ရစ်ဘုရား" တည်နေဟန်က ကျိုက္ကမီရေလည်ဘုရား လိုပါဘဲ။

သဘော့ဆိပ်နဲ့ လောင်းလုံဘုတ်ကျွန်းက ဘယ်လောက်ဝေးသလဲ ပဲ့နင်းကြီး ကျွန်တော်ကမေးလိုက်ပါတယ်၊ ဗျာ - ဗျာ ၊ ဘယ်လောက်။ ထားဝယ်စကားနဲ့ဖြေတာမို့လို့ ကျွန်တော်နားမလည်။ သူက သူ့သဘောမှာရှိတဲ့ ရေမိုင် အကွာအဝေးပြ Global Positioning System ကရိယာကို လက်ညှိုးထိုးပြရင်း ဖြည်းဖြည်းပြောမှဘဲ ကျွန်တော်နားလည် သွားတယ်။ ထားဝယ်သားတွေနဲ့စကားပြောတိုင်း ကျွန်တော်က နထိုင်း(နားထိုင်း)တဲ့လူတစ်ယောက်လို ဖြစ်သွားရတာက လည်းခဏခဏ။ နားမလည်လို့ ကြောင်တောင်တောင်နဲ့ ခဏခဏပြန်မေး မေးနေရသကိုး။ ဗမာစကားပြောနေမှန်း သိရက်နဲ့ ဘာတွေပြောနေမှန်းကို မခန့်မှန်းနိုင်ဘူး၊ နားကို မလည်ဘူး။ သူတို့ကလည်း ဂံသားမှန်းသိရက်နဲ့၊ တစ်ရပ်တစ်ကျေးက မှန်းသိရက်သားနဲ့၊ နားလည်အောင်မပြောကြ။ နားထိုင်းတစ်ယောက်လို အင် အဲ ဖြစ်နေတာကို သူတို့ သဘောကျနေသလားမှ မသိ။

အော် အော် ရေမိုင် ၁၀ မိုင် ရှိသကိုး။

ကိုစိုးသန့်ရေ ငါးဖမ်းလှေတွေ မတွေ့ရပါလား။ ရာသီဥတု ကောင်းရက်သားနဲ့။

ကျွန်တော်တို့အဖွဲ့လာမယ်ဆိုတာကြိုတင်သိနေလို့ ရှောင်နေကြတယ်ထင်တယ်ဟု ဦးမြင့်နိုင်က လှမ်းပြောရင်း ပြုံးစေ့စေ့လုပ်နေတော့သည်။ ပဲ့နင်းကြီးနဲ့ သစ်တောဦးစီးက ကိုကျော်ရှိန်တို့လည်း ပြုံးဖြဲဖြဲလုပ်နေတော့တယ်။

**မော့စ်ကော့ကျွန်း** (Moscos Island)

ကျွန်တော်တို့ဆိုတာက သစ်တောဦးစီး၊ ငါးလုပ်ငန်း ဦးစီးနဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်းပြီး မော့စ်ကော့ကျွန်း (Moscos Island)ကို လေ့လာရေးခရီး ထွက်ခဲ့တဲ့အဖွဲ့ဖြစ်ပါတယ်။ အဓိကကတော့ မော့စ်ကော့ ကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရဲ့ လက်ရှိအခြေအနေကို သိရအောင်ထွက်လာခဲ့တဲ့ ပဏာမ ရှေ့ပြေးခရီးဖြစ်ပါတယ်။ ကျွန်တော်ကတော့ မော့စ်ကော့ကျွန်း(Moscos Island)ဆိုတာ တနင်္သာရီတိုင်းဒေသကြီးမှာရှိတယ်၊ မော့စ်ကော့ကျွန်းဟာ ၁-၁၁-၁၉၂၇ ရက်စွဲပါအမိန့်ကြော်ငြာစာအရ သစ်တောဦးစီးရဲ့ စီမံကွပ်ကဲမှုအောက်မှာ ရှိတယ်ဆိုတာလောက်ပဲ အကြမ်းဖျင်းသိခဲ့တာ။ အဲဒီကျွန်းမှာ မြောက်ဘက်ကနေပြီး တောင်ဘက်ကို အတန်းလိုက်ရှိနေတဲ့ အဓိက ကျွန်းတန်းရှည်ကြီး ၃ကျွန်းရှိတယ်ဆိုတာ အခုမှဘဲသိရပါတယ်။ အဲဒီကျွန်းတွေက ဟိန်းဇဲရွာ၊ ဟိန်းဇဲချောင်းအနောက်ဘက်ပင်လယ်ပြင်ထဲမှ ကျွန်းကို ဟိန်းဇဲဘုတ်ကျွန်း(Heinze Bok Island) (သတ္တုမိုင်း)၊ မောင်းမကန်ရွာရဲ့အနောက်ဘက်ပင်လယ်ပြင်ထဲမှ ကျွန်းကို မောင်းမကန်ဘုတ်ကျွန်း (Maug Ma Kan Bok Island)နဲ့ လောင်းလုံမြို့ အနောက်ဘက်မှကျွန်းကို လောင်းလုံဘုတ်ကျွန်း (Longlone Bok Island)လို့ နာမည် အသီးသီးပေးခဲ့ကြတယ်လို့သိရတယ်။ အဲဒီကျွန်း၃ကျွန်း စလုံးကို ကျွန်တော်တို့ သွားရမှာဖြစ်တယ်။

ဗြိတ်ကျွန်းစုက အင်္ဂလိပ်နာမည်ပေးထားတဲ့ ကျွန်းတော်တော်များများကို မြန်မာမှုပြုပြီးဖြစ်ပေမယ့် Moscos Island ကို အင်္ဂလိပ်စာလုံးအတိုင်း ဘာလိုများ ဆက်သုံးနေသေးလဲမသိ။ Moscos Island ကို နောက်လူတွေ မြန်မာမှုပြုရအောင်ရှေ့က လူတွေချန်ထားရစ်ခဲ့လေရော့လား။ သေချာတာက မေ့ကျန်နေတာဖြစ်မယ်။"ထားဝယ်ကျွန်းတန်းရှည်" လို့နာမည်ပေးချင်ပေး၊ တစ်ကျွန်းစီကို အခုရှိနေတဲ့ နာမည်အတိုင်း ဟိန်းဇဲဘုတ်ကျွန်း၊ မောင်းမကန်ဘုတ်ကျွန်း၊ လောင်းလုံဘုတ်ကျွန်းလိုဘဲဆက်ထား။ ထင်ရှားတဲ့ထားဝယ်သားများ ရှိရင်လဲ အမည်ပေးစရာတွေရှိကြမှာပါ။ ရှိရင်ပေးနိုင်ပါတယ်။

" ဟိုမှာ ဟိုမှာ အတောင်ပံတွေနဲ့ လှေကြီးဟေ့ " လှေဦးပိုင်းက ငှက်အဖွဲ့က လှမ်းအော်ပြောသံကြားလိုက်တယ်။ ငါးလုပ်ငန်းဦးစီးက အရာရှိ ၂ ဦး ခေါင်းထောင်ကြည့်နေတယ်။ အတောင်ပံဖြန့်ကားပြီး နေပူစာလှုံနေတဲ့ ဒင်ကြီးငှက်တစ်ကောင်လိုပါဘဲ။ ကင်းမွန်တို့ ပြည်ကြီးငါးတို့ကို ညပိုင်းမှာ မီးထွန်းပြီးဖမ်းတဲ့ လှေကြီးဖြစ်တယ်လို့ ကိုစိုးသန့်က ရှင်းပြသည်။ လှေကြီးရဲ့တစ်ဖက်တစ်ချက်က အတောင်ပံလိုဖြစ်နေတဲ့ တိုင်တွေ၊ တန်းတွေမှာ မီးလုံးတွေအစီအရီ ချိတ်ထားတာ တွေ့လိုက်ရတယ်။ ကျွန်တော်တို့လှေကြီး သူတို့လှေအနီးကပ်သွားတော့ သူတို့အလျင်အမြန်စက်ကုန်ဖွင့် မောင်းပြေးသွားတော့တယ်။

**အထက်ဘုတ်ကျွန်းမှသည် ငှက်သိုက်ကျွန်းအမှတ် (၃) ဆီသို့**

လောင်းလုံဘုတ်ကျွန်းမှာ အထက်ဘုတ်နဲ့ အောက်ဘုတ်ရှိတာမို့ ဦးစိုးတင့်နဲ့ ဦးစိုးသန့်တို့ဟာ မြေပုံကိုယ်စီကိုင်တွယ်ပြီးတိုင်ပင်ရင်း အထက်ဘုတ်အနောက်ဘက်ကနေ ကျွန်းကိုပတ်ဖို့ဆုံးဖြတ်လိုက်တာမို့ ဦးထွန်းသိန်းက ပဲ့နင်းကြီးကို ဆက်လက်သတင်းပို့လိုက်တယ်။ ဒီကနေ့ နောက်ဆုံးဦးတည်ချက်က လောင်းလုံဘုတ်အောက်ကျွန်းက ပင်လယ်လိပ်ထိန်းသိမ်းရေးစခန်းမှာ ညအိပ်ရပ်နားမှာဖြစ်ပါတယ်။ အထက်ဘုတ်ကျွန်းနားကပ်လာတော့ ငါးဖမ်းစက်လှေ၅ စီးကျောက်ချရပ်ထားတာတွေ့ရတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့လှေကြီးနဲ့အတူပါလာတဲ့လှေငယ်လေးဟာ ရိက္ခာရှာဖို့ ကျွန်းဘက်ဆီကိုထွက်သွားတော့တယ်။ ကျွန်တော်တို့ လှေကြီးက အထက်ဘုတ်ကျွန်းရဲ့အနောက်ဘက်ကနေ အောက်ဘုတ်မှာ ကျွန်တော်တို့စခန်းချရပ်နားမှာဖြစ်လို့ဆက်လက်မောင်းခဲ့တယ်။

ပင်လယ်ဒီရေအတက်အကျရှိတဲ့နေရာက ကျောက်ဆောင်တွေနေရာကလွဲပြီး သစ်တောတွေက စိမ်းစိမ်းစိုစိုနဲ့ ထူထူထဲထဲရှိနေတာတွေ့ရတယ်။ ဘယ်လိုသစ်အမျိုးအစားတွေ၊ ဘယ်လို ပရဆေးပင်တွေနဲ့ ဘယ်လိုသတ္တဝါတွေ ရှိတယ်ဆိုတာ စာရင်းကောက်ယူထားသင့်တယ်။ ကျွန်းနဲ့ ဘောလုံးကွင်းတစ်ကွင်းစာလောက် အကွာအဝေးမှာ ငါးဖမ်းလှေ ၅ စီးကျောက်ချရပ်နားထားတာတွေ့ရတယ်။ ဓါတ်ပုံရိုက်ပေးဖို့ ဦးစိုးသန့် အကူအညီတောင်းလာတယ်။ လောင်းလုံမြို့နယ် ငါးလုပ်ငန်းဦးစီးအနေနဲ့ ဌာနပိုင်စက်လှေမရှိလို့ ပင်လယ်ပြင်ကို ဘယ်နဲ့လုပ်ပြီးကြီးကြပ်နိုင်မလဲလေ။ စက်လှေ သို့မဟုတ် သင်္ဘောရှိအုန်းတော့၊ သေနတ်ရှိဖို့လိုသေးတယ်။ လက်နက်နဲ့ သင်္ဘောရှိတဲ့ တပ်မတော်(ရေ)လိုမျိုးမှ ထိန်းနိုင်မှာ။ ကမ်းဝေးလှေတွေက ကမ်းနီးကို ငါးဝင် ဖမ်းလို့ဖြစ်နေတဲ့ပြဿနာတွေက အမယ်ဘုတ်ကဲ့သူ့ချည်မျှင်၊ ရှင်းမနိုင်။

**လောင်းလုံဘုတ်ကျွန်း ငှက်သိုက်ဆွတ်သည့် နေရာအမှတ် (၃)**

အထက်ဘုတ်ကျွန်းအဆုံးကိုကျွန်တော်တို့ လှေကြီးဖြတ်သန်းခဲ့ပြီ။ ဦးစိုးတင့်က နေမဝင်မီအောက်ဘုတ်ကျွန်းရဲ့ အနောက်ဘက်အခြမ်းမှာရှိတဲ့ စခန်းချမယ့်နေရာဖြစ်တဲ့ ပင်လယ်လိပ်ထိန်းသိမ်းရေးစခန်း(ငါးလုပ်ငန်းဦးစီး)ကို ရောက်နိုင်တာမို့ ငှက်သိုက်ကျွန်းအမှတ်(၃)ကိုလည်းဝင်ကြည့်ရအောင်လို့ အောက်ဘုတ်ကျွန်းကို အရှေ့ဘက်ခြမ်းက ပတ်ခိုင်းလိုက်တယ်။ မကြာခင် အထက်ဘုတ်ကျွန်းနဲ့အောက်ဘုတ်ကြားမှာ ငှက်သိုက်ဆွတ်သည့် နေရာအမှတ်(၃) ကျွန်းကိုရောက်ပါတော့တယ်။ ဇီဝဖိုးငှက်လေးတွေ အသိုက်လုပ်တဲ့ ဂူပေါက်ကြီးရှေ့မလှမ်းမကမ်းမှာ ကျောက်ချရပ်နားလိုက်ပါတယ်။ သင်္ဘောဆိပ်ရွာမှ ရေမိုင် ၁၀ မိုင်သို့ရောက်ခဲ့ပြီ။ ဇီဝဖိုးငှက်လေးတွေဟာ သူ့အနှဖတ်နဲ့အသိုက်လုပ်တဲ့ ငှက်ကလေးတွေ။ ငှက်အံ့ဖတ်ကို ဆေးဖက်ဝင်တယ်လို့ အယူအဆရှိတဲ့ သူတွေကအားဆေးအဖြစ်သုံးကြတာဟုဆိုဟု ဆိုပါသည်။ စကားပြောကြရင်း ထားဝယ်လူမျိုးတွေဖြစ်ကြတဲ့ စားဖိုမှူးကြီးမငွေဝင်းနဲ့လှေသားတွေစုပေါင်းချက်ထားတဲ့ နေ့လယ်စာကို ပင်လယ်ဟင်းလျာတွေနဲ့စားကြတော့တယ်။

နေ့လယ်စာ စားနေကြစဉ်မှာပင် လောင်းလုံမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးဌာနမှူး ဦးမြင့်ဇော်နဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်တို့ ဒူးတိုက်ဆွေးနွေးကြပြန်တယ်။ ဦးမြင့်ဇော်က ဦးစိုးတင့်သို့ မော့စ်ကော့ကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၏ လက်ရှိမြေအသုံးချမှု ကွင်းဆင်းစစ်ဆေးခြင်းအစီရင်ခံစာကိုဓါတ်ပုံများ၊ မြေပုံများဖြင့် တင်ပြဆွေးနွေးကြတယ်။ ငှက်သိုက်ဆွတ်ခူးလို့ရတဲ့ အခုအမှတ်(၃) ကျွန်းက(၁၄၁)ဧကကျယ်ပြီး သစ်တောဦးစီး လက်အောက်မှာဘဲရှိနေသေးတယ်ဆိုတာရယ်၊ လောင်းလုံဘုတ်ကျွန်းတစ်ကျွန်းလုံး စုစုပေါင်းအကျယ်အဝန်းက (၅၁၂၅)ဧကဖြစ်တယ်ဆိုတာ ကျွန်တော်သိလိုက်ရတယ်။ ငှက်သိုက်ထွက်တဲ့ အမှတ်(၃)ကျွန်း ဧက(၁၄၁)ကို ဖယ်ထုတ်လိုက်ရင် (၄၉၈၄)ဧက ကျန်ပါတယ်။ အဲဒီ (၄၉၈၄) ဧကကို မြန်မာ့ရေပိုင်နက်ကို ကာကွယ်ထိန်းသိမ်းနေတဲ့ မောရဝတီ ရေတပ်စခန်းသို့ တပ်ပိုင်မြေအဖြစ် ၁၉၉၉ခုနှစ်တွင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်တယ်ဆိုတာ သိခွင့်ရလိုက်ပါတယ်။ အဲသလိုဆိုရင် မောင်းမကန်ဘုတ်ကျွန်းနဲ့ ဟိန်းဇဲဘုတ်ကျွန်းတို့ရဲ့ အခြေအနေက ဘယ်လိုရှိလဲ။ သစ်တောဦးစီးရဲ့ ကွပ်ကဲမှုဘယ်နှစ်ဧကရှိသလဲ။ တစ်ဆက်တည်း လောင်းလုံဘုတ်ကျွန်းပေါ်က ပင်လယ်လိပ်ထိန်းသိမ်းရေးစခန်းဆိုတာကရော ငါးလုပ်ငန်းဦးစီးက ဆိုင်မှဆိုင်ရဲ့လားလို့ ကိုယ့်ဖါသာကိုယ်မေးနေမိတယ်။ နောက်ပြီး သူတို့ပြောစကားတွေထဲက ဘုတ်ကျွန်း( Bok Island )ဆိုတဲ့ ဝေါဟာရက ကျွန်တော့်ကို ဒုက္ခပေးနေတယ်။ ဘုတ်ဆိုတာ ထားဝယ်ဝေါဟာရလား။ သီချင်းတွေထဲမှာနဲ့ ပါးစပ်ရာဇဝင်တွေထဲမှာပါတဲ့ ဘုတ်တလုပ်ကန်နဲ့ ဆက်စပ်နေရော့သလား။

**အမှတ်(၃)ကျွန်း ကျောက်ဂူဝဆီသို့**

ဒေသခံ ဦးထွန်းသိန်းဦးဆောင်ပြီး ဦးစိုးတင့်၊ ဦးသန်းမြင့်၊ ဦးမြင့်နီ၊ ဦးကျော်ရှိန်၊ နော်မေလေးသန့်နဲ့ လှေသားတစ်ဦးနဲ့ ကျွန်တော်တို့တစ်တွေ လှေငယ်လေးပေါ်တက်ပြီး ကျောက်ဂူဝဆီကိုအနီးကပ်သွားခဲ့တယ်။ လှိုင်းလေငြိမ်နေလို့လဲသွားဖြစ်ခဲ့တာပါ။ ကျောက်ဂူထဲကို ရေတွေဝင်တဲ့ အသံနဲ့ ညှီစို့စို့အနံ့က တော်တော်ဆိုးဆိုးဝါးဝါးပါဘဲ။ လှိုင်းလေပြင်းထန်လာမယ်ဆိုရင် ကျွန်တော်တို့လှေငယ်လေး အဲဒီလိုဏ်ခေါင်းထဲရှောကနဲဝင်သွားမှာ အသေအချာပါဘဲ။ ဒီ

လိုဏ်ခေါင်းထဲကို လက်ပစ်ကူးဝင်ပြီး ကျောက်ကမ်းပါးယံတွေကိုတက်ပြီး လိုဏ်ခေါင်းထဲမှာ ဇီဝဖိုးငှက်လေးတွေရဲ့ အံဖတ်ကိုခွာယူရတဲ့အလုပ်က သိပ်ကြမ်းတမ်းပြီး သိပ်စွန့်စားလွန်းရပါတကား။ ဝမ်းရေး --ဝမ်းရေး။ ဖါးကန့်မှာ ရေမဆေးကျောက်ရှာတဲ့သူတွေလောက် အန္တရာယ်မများပါဘူးလို့သူတို့ပြောလိမ့်မယ်ထင်တယ်။ တကယ်တော့ ဒီအမှတ်၃ ဟာ ငှက်သိုက်မထွက်တော့ဘူးလို့ ဦးသိန်းထွန်း ရှင်းပြတယ်။ အကြောင်းရင်းက လိုဏ်ခေါင်းအထက်က တောင်ကုန်းမှာ သစ်ပင်တွေထူထပ်လာလို့တဲ့။ အဲဒီသစ်ပင် တွေပေါ်ကနေပြီး အသားစားငှက်ကြီးတွေ၊ သိမ်းငှက်လိုအကောင်မျိုးတွေက ချောင်းနေပြီး ဇီဝဖိုးငှက်လေးတွေ ကို သတ်ဖြတ်စားသောက်လို့တဲ့။ သစ်ပင်မပေါက်တဲ့နေရာတွေဖြစ်တဲ့ ကျောက်ဂူတွေမှာဘဲ သူတို့အသိုက်လုပ်နေကြ၊ မျိုးပွားကြတာဟု ဒေသခံတွေကရှင်းပြပါသည်။ သူတို့လေးတွေရှင်သန်ဖို့နဲ့ ငှက်သိုက်ရဖို့ တောင်ကုန်းပေါ်က အပင်တွေအပြောင်ရှင်းပစ်ရမလိုဖြစ်နေပြီ။ ခိုင်လုံတဲ့အကြောင်းပြချက်တွေဖြစ်ပါတယ်။ မောင်းမကန်ဘုတ်ကျွန်းက ငှက်သိုက်ကျွန်း (၄)ကျွန်းကို အနီးကပ်တွေ့မြင်ရတော့မှ သူတို့ရှင်းလင်းချက်တွေက မှန်ကန်ပါလားလို့ဆိုတာ လက်တွေ့သိလိုက်ရတယ်။

**ပင်လယ်ထိန်းသိမ်းရေးစခန်းသို့**

နေ့လယ် ၂ နာရီခန့်မှာ စက်လှေကြီးဟာ လောင်းလုံအထက်ဘုတ်ကျွန်းရဲ့အနောက်ဘက်ခြမ်းမှာရှိတဲ့ ငါးလုပ်ငန်းဦးစီး၊ ပင်လယ်လိပ်ထိန်းသိမ်းရေးစခန်းကို အထက်ဘုတ်ကျွန်းရဲ့အရှေ့ဘက်ကနေပြီး ကျွန်းကို လက်ယာရစ်ပတ်ခဲ့တယ်။ နောက်ခံကတောင်ကုန်းကို ကျောပေးထားတဲ့ မြန်မာအက္ခရာစာလုံး "ဂ ငယ်" ပုံစံနေရာအရွယ်အစားမျိုးစုံဖြစ်တဲ့ သဲပလောက်အော်၊ ကမာတောင်၊ ငရုတ်ကောင်းအော်၊ ညောင်ပင်ယိုင်အော်၊ လိပ်သောင်ကြီး၊ အုန်းပင်သောင်တွေဖြစ်တယ်။ အားလုံးဟာ ဖြူလွှလွှသဲသောင်ခုံတွေပါ၊ အရွယ်အစားအစုံပါဘဲလေ။ အဲဒါတွေကိုထားဝယ်မှာတော့" အော် "လို့ခေါ်ပြီး ရခိုင်ပြည်နယ်မှာဆိုရင် " ချိုင် " လို့ခေါ်တယ်။ အရှေ့ဘက်ခြမ်းက အခုလို ဖြူလွှလွှသောင်ခုံတွေမှာ အခုတော့ ပင်လယ်လိပ်တက်တာ မကြားမိဟု ကိုစိုးသန့် ပြောသည်။ အရင်တုန်းကတော့ လိပ်သောင်ကြီးအော်မှာဆိုရင် တော်တော်လေးတက်သတဲ့။ သောင်ခုံလေးတွေရှိတဲ့ နေရာရဲ့နောက်ခံက တောင်တွေကာထားတာမို့ အနောက်တောင်မုတ်သုံလေ လာရင်ဘဲဖြစ်ဖြစ်၊ရာသီဥတုဆိုးဝါးရင်ဖြစ်ဖြစ်၊ သဘော်တွေ လှိုင်းခို၊လေခိုလို့ကောင်းတဲ့နေရာတွေဖြစ်နေတော့ လိပ်တွေလာဥဖို့ အခြေအနေမပေးတော့ဘူး။အနောက်ဘက်ခြမ်းကတော့ မိုးတွင်းဆိုရင်လှိုင်းထန်၊ လေထန် ဘယ်လိုမှနေလို့ ထိုင်လို့မကောင်းတဲ့နေရာ။ ကျွန်တော်တို့ ညအိပ်စခန်းချမဲ့ အနောက်ဘက်ခြမ်းတစ်နေရာမှာဘဲ လိပ်တက်တဲ့သောင်ရှိတော့တာ။ လှိုင်းတွေ၊ လေတွေကြမ်းတဲ့နေရာ။ ကျွန်တော်တို့ လှေကြီးဟာထောက်နန်းစခန်းရဲ့မလှမ်းမကမ်းမှာ စက်ရှိန်သတ်လိုက်တယ်။ ကျောက်ကြိုးမချတော့။ ရေအောက်ထဲမှာ ငါးနဲ့ ကျောက်ခက်ကျောက်မှော်တွေကို အတိုင်းသားမြင်နေရတယ်။ လှပလိုက်တဲ့ ပင်လယ်ကမ်းစပ်နေရာတစ်ခုပါဘဲ။ အားလုံးရဲ့မျက်လုံးအစုံဟာ ပင်လယ်ရေအောက်ဆီကို။ ကျွန်တော်တို့ ဆက်လက်ထွက်ခွာခဲ့တယ်။

ညနေစောင်း နေရောင်ခြည် ဖြာကျနေတာကြောင့်မို့ ကျွန်းပေါ်က အစိမ်းရောင်သစ်တောနဲ့ နောက်ခံ အပြာရောင်မိုးကောင်းကင်၊ ပင်လယ်ပြင်ပေါ်ကို ထိုးကျလာတဲ့ နေရောင်ခြည်နဲ့လှိုင်းတို့ ထိတွေ့ပြီး ပြိုးပြိုးပြက်ဖြစ်နေတဲ့ ရေပြင်။ မြင်ကွင်းတွေဟာ အားလုံးအတွက် အသစ်အဆန်းတွေချည်းဖြစ်နေသည်။ လှိုင်းနဲနဲကြီးလာတယ်။




အမှတ် ၃ ငှက်သိုက်ကျွန်းမှ ဇီဝဖိုးငှက်လေးများ နိုအောင်းကာ အသိုက်ပြုလုပ်သည့် လိုဏ်ခေါင်းအနီးသို့ ချဉ်းကပ်နေစဉ်။




လိုဏ်ခေါင်းအပေါ်ရှိ ကျောက်ဂူပေါ်တွင် သစ်ပင်များထူထဲစွာ ပေါက်ရောက်နေသည်ကို တွေ့မြင်ရစဉ်။

စာမျက်နှာ (၂၃)သို့

# ဆင် ဆင် ဆင်

ခင်အောင် (ပြင်စိုး)

ကျွန်တော်တို့နှစ်ယောက်သား "ရန်ခေါ်"ဆိုတဲ့ တောင်ရဲ့ ဆင်ခြေလျှောတောတန်းကလေးမှာ ခပ်သွက်သွက် လျှောက်နေကြပါတယ်။ ကိုထွန်းအောင်က ရှေ့ဆောင်၊ ကျွန်တော်က နောက်လိုက်၊ ကိုထွန်းအောင်ဆိုတာ ကျွန်တော့် အစ်မဝမ်းကွဲရဲ့ ခင်ပွန်းဖြစ်ပါတယ်။ သူနဲ့ကျွန်တော်က ညီရင်းအစ်ကိုလို။

၁၉၆၃ခုနှစ်လောက် ဖြစ်မယ်ထင်ပါရဲ့။ ကိုထွန်းအောင် သစ်တောဦးစီးဌာနမှာ တောခေါင်းရာထူးနဲ့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့မှာ တာဝန်ကျနေပါတယ်။ ကျွန်တော်က ရန်ကုန်တက္ကသိုလ်မှာ စာမေးပွဲကြီးပြီးလို့ ကျောင်းပိတ်ရက် အိမ်ကိုအပြန်။ ရခိုင်ရိုးမကို ကားနဲ့ဖြတ်ပြီး တောင်ကုတ်ကတစ်ဆင့် သံတွဲမြို့ကိုပြန်လာတာပါ။

တောင်ကုတ်ရောက်တော့ ကိုထွန်းအောင်တို့မိသားစု နေထိုင်တဲ့ သစ်တောဦးစီးဌာနက အိမ်မှာပဲ နှစ်ရက်သုံးရက် လောက်ပျော်ပျော်ကြီးနေခဲ့သေးရဲ့။ ဒီမနက်မှာတော့ သူနဲ့အတူ"ရန်ခေါ်" တောင်ဘက်ဆီ လမ်းလျှောက်ထွက်ခဲ့ကြပေါ့။ တောင်ကုတ်မြို့စွန်ကနေ လယ်ကွင်းတွေကို တစ်မိုင်နီးပါးလောက် ဖြတ်သွားလိုက်ရင် ဒီတောင်ကိုရောက်တာပဲ။ ဟို--ခပ်လှမ်းလှမ်းမှာ ပြာမှိုင်းမှိုင်းတောင်ကြီးတစ်လုံးကိုလဲ တွေမြင်ရတယ်။ "ဘေတောင်"ကြီးတဲ့။

တပေါင်းလဆန်းရဲ့ နှင်းကြွင်းတွေ "ရန်ခေါ်" တောင်ခြေမှာ မှုန်ဝေသိုင်းဖွဲ့နေဆဲ။ ခင်တန်းရိုးက ချိုးငှက်ကလေး ဆင့်ကာဆင့်ကာ ကူချွဲနေပါတယ်။ တစ်တီတူးငှက်ကလဲ လယ်ကွင်းတွေအပေါ်မှာ လူးလာခေါက်ပြန်အသံပေးနေရဲ့။ ဘွတ်ကလုံငှက်ကလေးတွေက တီတာတာ။ ဖိုးခေါင်ငှက်သံ လွမ်းစရာ။ "ဘေတောင်"ကြောဆီက ဥဩသံကိုလဲ သဲ့သဲ့ကြားနိုင်သေးတယ်။

ဖိနပ်မပါတဲ့ ကိုထွန်းအောင်ရဲ့ ခြေလှမ်းတွေကိုမီအောင် ကျွန်တော် မနည်းလိုက်နေရပါတယ်။ "ကိုထွန်းအောင် တောထဲကိုသွားတဲ့အခါ တစ်ယောက်တည်းအဖော်မပါရင် မကြောက်ဘူးလား" ကျွန်တော် စကားစလိုက်ပါတယ်။

"ဘာကြောက်စရာလိုလို့လဲဝေး" "ဘာရယ်လို့တော့ မဟုတ်ဘူးလေ၊ တစ်ယောက်တည်းဆိုတော့ သေလူ၊ နှစ်ယောက်ဆို ရှင်လူလို့ ကျွန်တော်ကြားဖူးရဲ့။ အဖော်နဲ့ဆိုတော့ စကားပြောလို့ဆိုလို့လဲရ၊ အကြောင်းကိစ္စရှိရင်လဲ အားကိုးရတာပေါ့၊ ဟုတ်ဖူးလား"

" ဟုတ်တော့ဟုတ်တာပေါ့ ဝေး၊ ဒါပေမဲ့ နင်မှတ်ထား၊ တောထဲမှာ သူတစိမ်းအဖော်နဲ့အတူ ခရီးသွားလို့ရှိရင် ကိုယ့်ခြေထောက်ကျဉ်လာတာကိုမပြောရဘူးဝေး" "ခြေထောက်ကျဉ်တာပြောရင် ဘာဖြစ်မှာလဲဗျ"

"နင့် ပစ္စည်းတွေယူပြီး ဟိုလူထွက်သွားမှာပေါ့ဝေး၊ နင်ကော မလိုက်နိုင်"

" ဟား ဟား ဟား ဟုတ်တော့ ဟုတ်တယ်ဗျ၊ ရယ်စရာတော့ကောင်းသား"

" အဖော်ကောင်းဆိုရင်တော့ ခရီးသွားလို့ကောင်းပေါ့ဝေး "

တကယ်တော့ ကိုထွန်းအောင်ဟာ မြို့ကြီးပြကြီးမှာ အနေများတဲ့ ကျွန်တော့်ကို တောသဘာဝတောအလှတွေ ဒီမနက်မှာ လိုက်ပြနေတာကိုး၊ မြင်မြင်သမျှ သစ်ပင်ကြီးငယ် ချုံနွယ်တွေရဲ့အမျိုးအမည်ကို သူသိတယ်။ ဘယ်ရာသီမှာဘယ်အသီးသီးပြီး၊ ဘယ်အသီးစားလို့ရတာ သူပြောပြရဲ့။ပန်းတွေကိုလည်း သူအကုန်သိတာပဲ။ ဘယ်ပန်းက ပျားရည်အကောင်းဆုံးဆိုတာ သူပြောပြသေးတယ်။

ငှက်တွေအကြောင်း ပြောပြတာလဲစုံလို့။ ဟိုကောင်က "ဝါဖလေး၊ ချုံပုတ်ဖျားမှာ နားနေတာက "ငှက်ဘုန်းကြီး"၊ တတောက်တောက်နဲ့က "သစ်တောက်ငှက်"၊ ကညင်ပင်ကြီးထိပ်ဖျားမှာ နားနေတာက " အောက်ချင်းဖိုမ"၊ တစ်ကိုယ်လုံးစိမ်းနေတဲ့အကောင်က "ငှု"၊ "ကြက်တူရွေး"၊ ညိုမှိုင်းမှိုင်း နှုတ်သီး ဝါဝါကောင်က" သာလိကာ"၊ ချိုးငှက်ကို အမျိုးအစားလေးမျိုး ခွဲပြသေး၊ "ချိုးလည်ပြောက်"၊ "ချိုးလင်းပြာ"၊ "ချိုးသိန်း"၊ "ချိုးညှင်း"တဲ့ စုံနေတာပဲ။ ဒီငှက်တွေ အသိုက်ဘယ်လိုဆောက်၊ ဘယ်အချိန်ဥ၊ ဘယ်တော့သားပေါက် သူတောက်လျှောက်ပြောပြလာတာပဲ။ ကိုထွန်းအောင်ဟာလေ--တောကို အတော်ချစ်တဲ့သူ။

ဒီလိုနဲ့ကျွန်တော်တို့ လျှောက်လာလိုက်ကြတာ ခြေလမ်းကလေး အချိုးအကွေ့ တောင်ကမ်းပါးပြတ်တစ်ခုအနားကို ရောက်လာပေါ့။ ရှေ့က သွားနေတဲ့ ကိုထွန်းအောင် ရုတ်တရက်ရပ်လိုက်ပြီး ကမ်းပါးယံမှာ ကပ်ပေါက်နေတဲ့ ခါးလောက်အမြင့် အပင်ကလေးကို လှမ်းကိုင်လိုက်ရင်း စပ်ဖြဲဖြဲလုပ်နေလေရဲ့။ အပင်ပုကလေးရဲ့ အရွက်တွေက ခပ်ဖားဖားရယ်၊အဖျားမှာ အချွန်သုံးခု၊ အပွေးနုတွေလဲရှိ။ အကိုင်းခွကြားမှာ ဂေါ်လီလုံးအရွယ်အစိမ်းရောင်အသီးကလေးတွေ တွဲလဲလဲ။

"ဘာပင်ကလေးလဲဗျို့"

ကျွန်တော် မေးလိုက်ပါတယ်။

"ဘာပင်ဆိုတာ ခဏထား၊ တောထဲသွားရင် အဖော်ကောင်းဖို့လိုတယ်" ဆိုတဲ့အကြောင်း ငါပြောပြမယ်ဝေး"။ ခြေလမ်းကြောင်းဘေးက သစ်ငုတ်နှစ်ခုပေါ်မှာ အညောင်းပြေထိုင်ကြရင်း တောတွင်းပုံပြင်တစ်ပုဒ်ကိုသူပြောပြပါတယ်။

+++++++

တစ်ခါတုန်းက ကိုထွန်းအောင်တို့အဘိုးဟာ တောနက်ကြီးတစ်ခုကိုဖြတ်ပြီး ခရီးသွားသတဲ့။ နေကလဲ စောင်းလာပြီ တစ်ယောက်တည်းဆိုတော့ ခပ်ကြောက်ကြောက်။ ဒါပေမဲ့ အားတင်းပြီး သွားရတာပေါ့။ ဒီလိုနဲ့ ချုံထူတဲ့ တစ်နေရာရောက်တော့ ရှေ့က ချုံတိုးသံကြားရတယ်တဲ့။ အဘိုးကျောထဲမှာ စိမ့်ခနဲဖြစ်သွားပြီး ကြက်သီးတွေထလာဆိုပဲ။

" ဟ-- ကိုထွန်းအောင် ကျွန်တော်တောင်လန့်လာပြီ"

ဒါနဲ့ဘေးနားက ဇရာမသစ်ပင်ကြီးရဲ့ ပါးပျဉ်းကြားမှာ ကပ်ပြီးကွယ်နေရတာပေါ့။ သမ္မုဒ္ဒေကို ရွတ်နေရဆိုပဲ။ ချုံတိုးသံဟာ တဖြည်းဖြည်းနီးလာပြီး ရှေ့ချုံကွယ်ကနေ ဘွားခနဲ လူကြီးတစ်ယောက်ပေါ်လာသတဲ့။ ဗလကောင်းကောင်း ခါးတောင်းမြှောင်မြှောင်နဲ့၊ ခါးထဲမှာ ဓါးမကြီးတစ်လက် ထိုးထားရဲ့။ ပခုံးပေါ်မှာ သစ်လုံးကြီးထမ်းထားတယ်။

"သစ်ခုတ်သမားလား ကိုထွန်းအောင်"

" အေး--ဟုတ်မှာပေါ့ဝေး"

အဲဒီတော့မှ အဘိုးလည်း သက်ပြင်းချနိုင်ပြီး သစ်ပင်အကွယ်က ထွက်လာသပေါ့၊ အဖော်များရမလားလို့ သူဘယ်သွားမလဲ မေးလိုက်တော့ အရှေ့ဘက်စူးစူးကို လက်ညိုးထိုးပြသတဲ့။ အဘိုးလဲ အဲဒီဘက်ရွာကိုသွားမှာမို့ အဖော်ရတယ်ဆိုပြီး သိပ်ဝမ်းသာသွားတာပေါ့။ ကိုဗလရှေ့က မားမား-မားမားနဲ့သွားတယ်။ ကိုယ့်အတွေးနဲ့ကိုယ် စကားမပြောဖြစ်ပဲ နေအမီ ခပ်သွက်သွက်လှမ်းလာကြတယ်တဲ့။

ဒီလိုနဲ့ ကွမ်းတစ်ယာ မညက်တညက်လောက်ကြာတော့ ဝါးတောအစပ် ကမ်းပါးပြတ်ကွေ့ရောက်တယ်ဆိုရင်ပဲ ကိုဗလ ရုတ်တရက်ရပ်လိုက်ကာ မျက်လုံးပြူး၊ မျက်ဆံပြူးနဲ့ " ဆင်-ဆင်-ဆင်"လို့ အော်ပြီး ဝါးတောဘက် လက်ညိုးထိုးပြသတဲ့။

"ဘုရား-ဘုရား ဆင်နဲ့မှတိုးရတယ်လို့ဗျာ။ အဘိုးကြီးတော့ ဒုက္ခပဲ" စုတ်သပ်ရင်း ကျွန်တော်ကပြောမိရဲ့။ ကိုထွန်းအောင် သည်းထိတ်ရင်ဖိုဇာတ်လမ်းကို ဆက်ပြန်တယ်။ "အဘိုးလဲ ဘယ်ပြောကောင်းမတုန်း၊ ကမ်းပါးပြတ်အောက် လွှားကနဲခုန်ချပြီး ဆင်ခြေလျှောအတိုင်း အောက်ဘက်ကို စွတ်ပြေးတော့တာပေါ့။ သစ်လုံး မြေပြင်ပေါ် ဗုန်းကနဲ ကျကာ ကုန်းစောင်းအောက် လိမ့်ဆင်းသွားသံနဲ့အတူ ဟိုလူ သူ့နောက်က ဝရုန်းသုန်းကားပြေးလိုက်လာတဲ့ ခြေသံတွေ၊ ချုံတွေနဲ့ တိုးမိငြိမိသံတွေ ကြားရဆိုပဲ။

ဒီလူတော့ ဆင်နင်းသတ်တော့မယ်။ ပြီးရင် ငါ့အလှည့်ကျမှာတွေးမိပြီး ရှေ့က အသားကုန်ပြေးတာပေါ့။ စိတ်မလုံလို့ နောက်ကို တစ်ချက်တစ်ချက် ခိုးကြည့်လိုက်တော့ ဟိုလူ ခြေကားရားလက်ကားရားနဲ့ ချုံနွယ်တွေကို တိုးဝှေ့တိုက်ခိုက်ပြီး အတင်းပြေးလိုက်လာတာတွေ့ရတယ်တဲ့။

နောက်က ဆင်ကြီးနဲ့တော့ ကပ်နေပြီထင်တယ်။ ဒါနဲ့ ဆင်လိုက်ရင် ကုန်းစောင်းတစ်လျှောက် ကွေ့ကောက်ပြေးရတယ်ဆိုတာ သတိရသွားပြီး အဘိုးလဲ တတ်နိုင်သလောက်ကွေ့ပတ်ပြေးသတဲ့။ နောက်ကလူလဲ အဘိုးပြေးသလို ထက်ကြပ်မကွာ ပြေးလိုက်လာတာပေါ့။ ချက်ချင်းပဲ နောက်က "ဝူး-ဝူး-အား-အား" အသံကြီးကြားရတော့ ဒီလူကို ဆင်နင်းပြီ၊ ပြီးတော့ ငါ့နင်းမှာ။ လန့်လန့်နဲ့ နောက်ကို တစ်ချက် ခိုး ကြည့်မိလိုက်တာ သစ်ငုတ်တိုကို ခလုတ်တိုက်ပြီး မြေပြိုတဲ့ ကျင်းထဲ ကျွမ်းပြန်ကျသွားရောတဲ့ဗျို့။

"အဘိုးကြီးတော့ ဒုက္ခပဲဗျာ၊ ဆင်ရောက်လာရင် ကျင်းထဲမှာ ပြေးပေါက်မရှိပဲ တက်နင်းခံရမှာ" ကျွန်တော် စိတ်လှုပ်ရှားပြီး ပြောလိုက်မိရဲ့။ ကိုထွန်းအောင်တစ်ချက်ပြုံးလိုက်ပြီး စကားဆက်ပြန်တယ်။

အဘိုးခါးမျက်သွားတယ်။အမောလဲ ဆို့နေတယ် ဆိုတော့ကျင်းပေါ်ကို ပြန်မတက်နိုင်ရှာဘူးပေါ့။ ကျင်းထဲမှာ ပက်လက်လန်ပြီး သူ့ ကိုယ်ပေါ်ကျလာမဲ့ ဆင်ခြေဖဝါးဝိုင်းဝိုင်းကြီးကို မြင်ယောင်နေသတဲ့။ ရွာမှာ ရှင်ပြုဖို့ပြင်ဆင်နေတဲ့ သူ့မြေးကလေးကိုလဲ သတိရသွားဆိုပဲ။

အဲဒီအချိန်မှာ တဖြုန်းဖြုန်းနဲ့ ခြေသံတွေကြားရလို့ အဘိုးက ကျင်းအပေါ်ကို မော့ကြည့်လိုက်တော့ ကျင်းထိပ်မှာ ဝမ်းလျားမှောက်ပြီး ပြူးတူးပြတဲနဲ့ ဟိုလူ့မျက်ခွက်ကြီးတဲ့။ မျက်လုံးကြီးပြူးပြီး ကျင်းအောက်ငုံ့ကြည့်ရင်း ပါးစပ်ကြီးရွဲ့ကာ " ဘာ--ဘာ--ဘာ"လုပ်နေဆိုပဲ။

ဒီလူ့ကိုတော့ ဆင်ရှပ်ပြီးနင်းလိုက်မိပြီနဲ့တူတယ်တွေးပြီး အဘိုးက လန့်လန့်နဲ့ " ဘယ်မှာလဲ ဆင်"လို့ အော်မေးလိုက်တယ်။ ဒီလူက မျက်လုံးကြီးတွေ ကျွတ်ထွက်မတတ် နောက်ဘက်ပြန်လှည့်ကြည့်ပြီး လက်ခါပြသတဲ့။

အဘိုးလဲ စိတ်တိုလာပြီ၊ "မင်းပဲ ဆင်-ဆင်-ဆင်ဆို၊ ဒါဖြင့် မင်း ဘာလို့ပြေးတာလဲဟ" လို့ ငေါက်လိုက်တော့ ဒီလူက ဘယ်လိုတုံ့ပြန်တယ်ထင်သလဲ-အဘိုးကို လက်ညိုးထိုးပြီး ပြေးဟန်ပြသတဲ့။လက်စသတ်တော့ ဒီလူက "ငအ" ကိုး။ သူဆိုလိုတဲ့ အဓိပ္ပာယ်က အဘိုးပြေးလို့ သူနောက်က လိုက်ပြေးရတယ်ပေါ့။ အဘိုး၊ နဖူး၊ လက်နဲ့ထုရင်း ခါးတစ်ဖက်ကိုနှိပ်ကာ ထော့နင်းနင်းနဲ့ ကျင်းပေါ်ကို ပြန်တက်လာခဲ့တယ်။ ဒီမှာတင် "ငအ"က အဘိုးရဲ့အောက်ပိုင်းကို လက်ညိုးထိုးပြီး တခွီးခွီး ရယ်နေတော့တာပဲ။ အဘိုးလဲ မယုံသင်္ကာ၊ အောက်ကိုငုံ့ကြည့်လိုက်တော့ လုံချည်အောက်ပိုင်းရွဲနေတာ တွေ့ရတယ်။ ရှုးရှူးတွေတဲ့။

ကိုထွန်းအောင်က သူ့ပုံပြင်ကို သူသဘောကျပြီး ဖက်ကလေးပုဝင်သွားအောင် ရယ်နေတယ်။ ကျွန်တော်လဲ ဇာတ်ရည်မလည်သေးပေမဲ့ အဘိုးကြီးအဖြစ်ကိုသဘောကျပြီး တဟားဟားရယ်မိတာပေါ့။

" ငါ့မှာ နာလဲနာ၊ ရှက်ဖို့လဲကောင်း၊ ရယ်စရာ ဟား စရာလဲဖြစ်ရ၊ လက်ထဲမှာသာဓားရှိရင် ဒီခွေးမသားကို အဲဒီနေရာမှာတင် နုတ်နုတ်စင်းပစ်လိုက်ချင်ရဲ့ဝေး"လို့ အဘိုးက ပြန်ပြောပြတယ်။

အဘိုးက ခါးကို လက်နဲ့နှိပ်ရင်း ကျကျန်ရစ်ခဲ့တဲ့ လွယ်အိတ်ကလေးကို ကုန်းစောင်းတစ်လျှောက် လာလမ်းအတိုင်း လိုက်ရှာရတာပေါ့။ ပြေးခဲ့တာကလဲ ကွေ့ကွေ့ကောက်ကောက်ဆိုတော့ လွယ်အိတ်ကို ရှာရတာမလွယ်လှ။ ဒါပေမဲ့ အဘိုးက အသက်သာကြီးတယ် မျက်စိကတော့ လျင်ပ၊ကျောက်တုံးကြီးဘေးနားက "ချင်းရဲပင်"ဆူးမှာ တလှုပ်လှုပ် ငြိတွယ်နေတဲ့ သူ့လွယ်အိတ်ကလေး ကိုလှမ်းမြင်သတဲ့။

လွယ်အိတ်ထဲ လက်နှိုက်ကြည့်လိုက်တော့ ဆေးတံကောက်ကလေး နှစ်ပိုင်းကျိုးနေပြီ။ ဆေးဘူးနဲ့မီးခြစ်ကို ရှာမတွေ့။ ငွေနှစ်ကျပ်နဲ့လျက်ဆားပုလင်းကလေးလဲ ဘယ်နေရာ ကျကျန်ရစ်ခဲ့မသိ။ ဘူးသီးခြောက်ရေဘူးကလေး ကွဲပြီး လွယ်အိတ်ထဲမှာ ရွဲရွဲစိုကုန်ပြီ။ အဘိုး တော်တော် စိတ်တိုပြီး တက်တစ်ချက် ခေါက်မိသတဲ့။

"ငအ"ကလဲ တောင်စောင်းတစ်လျှောက် ကုန်းကုန်း-ကုန်းကုန်းနဲ့ ဓားမပျောက်ကို လိုက်ရှာနေတာပေါ့။ ခဏကြာတော့ "ငအ"ပြုံးပြီး ချုံပုတ်ထဲက ဓားထမ်းထွက်လာရဲ့။ သစ်တုံးကိုလည်း သူရှာတွေ့ပြီး ပခုံးပေါ်တင်ကာ ခရီးဆက်ကြပြန်တာပေါ့။ သူ ရှေ့ကပဲ။

ဝါးတောစပ်တောင်ခါးပတ် မှုလစပြေးတဲ့နေရာရောက်တော့ "ငအ"က ရပ်ပြီး လက်ညှိုးထိုးပြပြန်တယ်။ သူလက်ညှိုးညွှန်ရာကို အဘိုးလှမ်းကြည့်လိုက်ပြီး "ဟယ်"ကနဲ နဖူးကိုလက်နဲ့ထုပြန်သတဲ့။ ပြီးတော့မှ နှစ်ယောက်သား ခွက်ထိုးခွက်လန်ရယ်လိုက်ကြတာ "ငအ"ပခုံးပေါ်က သစ်လုံးတောင် ဗုန်းကနဲ အောက်ကိုပြုတ်ကျသွားဆိုပဲ။

"ဘာကိုတွေ့လို့ နဖူးလက်နဲ့ထုပြီးရယ်ရသလဲဗျ" ကျွန်တော်မေးတော့ - -

"ဒီအပင်"ဆိုပြီး ကိုထွန်းအောင်က အရွက်ဖားဖားကလေးကိုပုတ်ပြရဲ့။

"အပင်နဲ့ ဘာဆိုင်လို့လဲဗျ။ ဒီအပင်က ဘာပင်မို့လို့လဲ"။ မေးလိုက်ပြန်တော့ ကိုထွန်းအောင် ရယ်ကျဲကျဲနဲ့ တစ်ခွန်းပဲပြန်ဖြေတယ်။

" **ဆင်ခရမ်းပင် ဝေး** "။



+++++++++

စာမျက်နှာ (၂၀)မှ အဆက်

ဘေးကလိုက်လာတဲ့ လှေငယ်လေးဆိုတာ တော်တော်လေး လှိုင်းဒဏ်ခံနေရတယ်။ ကျွန်တော်တို့ လှေကြီးပေါ်ကို တစ်ခါတစ်ခါ လှိုင်းရေတွေလာစင်တဲ့အထိဖြစ်လာတယ်။ မွန်မလေး ချိုချိုဆင့် တစ်ယောက်ကတော့လှိုင်းမူးလို့ ခွေခွေလေးမှိန်း နေရှာလေရဲ့။ ကျောက်ကမ်းပါးယံကြီးတွေ အတော်များတဲ့ နေရာဖြစ်ပါတယ်။ လှိုင်းဒဏ်၊လေဒဏ်ခံရတဲ့ နေရာလဲဖြစ်နေတယ်။

ဟိုးမှာဟော့ -ဟိုးမှာ ဟော့-. . ကျောက်ကမ်းပါးယံနဲ့ ရေစပ်မှာ- ၊ ကိုသက်ဇော်နိုင်အော်ပြောလိုက်တဲ့ အသံ။ အားလုံးမျက်လုံးအစုံဟာ ကျောက်ကမ်းယံအောက်က ရေစပ်ကိုကြည့်လိုက်ကြတယ်။ဘာများပါလိမ့်။
ဘာလဲ--ဘာလဲ --မမြင်ရဘူး။ နော်သဥ္ဇာလွင်ရဲ့ တုံ့ပြန်တဲ့အသံ။

အမျိုးတွေ အမျိုးတွေ-မျောက်- မျောက်- မျောက်တံငါ ၊ ကိုသက်ဇော်နိုင်ဟာ သူ့ကင်မရာနဲ့ အမိအရ မှတ်တမ်းတင်ရင်းအော်ပြောနေတယ်။ စောလိုဒိုထူးနဲ့ ပြည့်ဖြိုးအောင်တို့က မှန်ဘီလူးကိုယ်စီနဲ့ သဲကြီးမဲကြီး ကြည့်နေလေရဲ့။

မျောက်တံငါကိုကျွန်မစိတ်ဝင်စားတယ်၊ သိပ္ပံနာမည် *Macaca fascicularis* အင်္ဂလိပ်လို Long- tailed Macaque လို့ခေါ်တယ်။ အဲ. . အဲ ဒီကောင် ခရုကို ကျောက်ခဲနဲ့ ထုခွဲနေတာဖြစ်မယ်လို့ နော်မေလေးသန့်က မှန်ဘီလူးနဲ့ကြည့်ရင်းရှင်းပြနေပါတော့တယ်။ ခရုမှာလဲ အဆံနဲ့ လူမှာလဲအကြံနဲ့စကားပုံရှိတယ်မဟုတ်လား။ အခုမြင်ကွင်းက မျောက်မှာလဲအကြံနဲ့ ခရုမှာလဲအဆံနဲ့ ဆိုတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။

ညနေ ၄ နာရီ ၃၀မိနစ် မှာ ပင်လယ်ထိန်းသိမ်းရေးစခန်းရှေ့ကကမ်းစပ်အနီးမှာ လှေဆိုက်ပါတယ်။ ကမ်းစပ်မှာလူတစ်ယောက်ရပ်ပြီးကျနော်တို့ဘက်ကို လှမ်းမျှော်ကြည့်နေတယ်။ သူဟာပင်လယ်လိပ်ထိန်းသိမ်းရေးစခန်းက တစ်ဦးတည်းသော ဝန်ထမ်းဦးစစ်အေးပဲဖြစ်မှာသေချာပါသည်။ ကျောက်စွန်းတွေရှိနေတာမို့ ကျွန်တော်တို့ လှေကြီးဟာ ကမ်းစပ်ကသောင်ခြေအထိကပ်လို့မရ၊ လှေငယ်လေးဆီ ပြောင်းစီးပြီး ကမ်းစပ်ကို ဆင်းခဲ့ရတော့သည်။

ဒီစခန်းမှာတစ်ညတာနားနေပြီး မောင်းမကန်ဘုတ်ဆီသို့ခရီးဆက်ရပေဦးမည်။

------------------

# ငှက်တစ်ကောင်ရဲ့တမ်းချင်း



❖ ငှက်တစ်ကောင်ရဲ့ တမ်းချင်း
လွမ်းတေးညည်းချင်းမဟုတ်
ကျလိ--ကျလိလို့မြည်
ငိုကြွေးခြင်းသာဖြစ်မည်ထင်။

❖ အော်မြည်သံပေး ငှက်ကလေး
လွမ်းတေးအဆွေးပုံရိပ်ထင်
ရိပ်ခိုနားစရာမရှိလေသလား
ဗျာပါဟေဟကို မှန်းလေသလား။

❖ မစိုးရိမ်ပါနှင့် အိုငှက်ငယ်
ကြင်နာသနားစိတ်ကိုထားတဲ့
သစ်တောသစ်ပင်ချစ်ခင်တဲ့သူ
လုလင်ပျိုတို့ရှိပါသေးတယ်။

❖ ယခင် ယခု ဘယ်သို့ပြုမည်ထင်သလဲ
ဂေဟာမကုန် အေးရိပ်စိုအောင်
စနစ်ကိုအခြေပြုစိုက်ပျိုးပြုစု
တောတွေစိမ်းဖို့ ထိန်းနေတယ်။

❖ ထိန်းသိမ်းကောင်းလျှင် စိုက်ပျိုးပင်
စိမ်းစိမ်ပြြမြအရိပ်တွေရ၏
ရိပ်ခိုနားဝင်နေလျှင်အေးပါ၏
ရိပ်ခိုနားနေသစ်ပင်တွေမှာ
ငှက်များတစ်သိုက် အသိုက်နေအိမ်တည်။

❖ ကျလိ--ကျလိ---ကျလိ လို့မြည်
ပျော်ရွှင်ဟစ်ကြွေးငှက်များ တေးကိုသီ
ညီညီညွှိုင်းတဲ့ ရဂုံမြိုင်ကို
မြင်ယောင်မိတဲ့ အတွေးလီလီ..။

(သဘာဝကိုမြင်ကြည့်ခြင်း)

တင်သောင်း (တောအုပ်)
စီမံကိန်းနှင့်စာရင်းအင်းဌာန

# သစ်ပင်ချစ်တတ်ကြပါစေ

တောတောင်သစ်ပင်
ရှင်သန်စေချင်
နေ့စဉ်ပြုစု
ယုယကာသာ
ရင်မှာပေါက်ဖွား
သားသမီးသို့
မင်းတို့ငါတို့
ချစ်တတ်ဖို့သာလိုပါသည်။

တောတောင်ရေမြေ
လုပစေမှု
လူတွေစိတ်ထား
မလုပြားက
တောများကွယ်ပျောက်
ရာသီဖောက်ကာ
ကမ္ဘာပျောက်လိမ့်။

သင်---ကိုယ့်ဝန်းကျင်တွင်
အပင်ဘယ်လောက်
ဘယ်ရွယ်လောက်က
သက်လောက်ကြင်နာ
အပင်ဒါန
စိုက်ခါပျိုးကြ
ထာဝရကုသိုလ်
ဘယ်လိုရယူခဲ့ပြီလဲ။

ဪ -- အမြဲသစ်ပင်
ချစ်ခင်တတ်သူ
လူပီသသူဖြစ်ပါစေ။ ။



မုံရွာ-ချစ်သန်းထွန်း
ကိုကိုချစ်ကို (မြန်အောင်သစ်တော)




ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်သည့် မြစ်ဝှမ်းဒေသများစီမံအုပ်ချုပ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၁၇-၂-၂၀၁၆)




ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ကျေးလက်ဒေသဖွံ့ဖြိုးမှုအထောက်အကူပြု ဝါးစိုက်ခင်းတည်ထောင်ခြင်းနှင့် ဝါးအခြေခံ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့် သင်တန်းသားများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးစဉ်။ (၄-၂-၂၀၁၆)



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ရောက်ရှိလာသော ဖလန်မင်ဂိုငှက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (၄-၁၂-၂၀၁၅)




ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဝမ်းတွင်းမြို့နယ်ရှိ စက်ရက်ကန်းလုပ်ငန်းများ၏ ဆိုးဆေးလုပ်ငန်းလုပ်ကိုင်မှုများမှ ထွက်ရှိသည့် ရေထုညစ်ညမ်းမှု၏ ဖြစ်နိုင်ခြေရှိမှုအပေါ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း စီမံကိန်းနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ(MoU)အား လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။(၁၅-၂-၂၀၁၆)



ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် "အရည်အသွေးပြည့်မီသောပညာရေးကိုအခြေခံလျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားသည့် ဘဝတွက်တာကျွမ်းကျင်စရာ" စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့် အခမ်းအနားတက်ရောက်စဉ်။ (၂၃-၂-၂၀၁၆)





သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် ကျေးလက်ဒေသဖွံ့ဖြိုးမှု အထောက်အကူပြုဝါးစိုက်ခင်းတည်ထောင်ခြင်းနှင့် ဝါးအခြေခံအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးသင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (၂၆-၂-၂၀၁၆)





ရခိုင်ပြည်နယ်၊ စစ်တွေမြို့ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဌာနဆိုင်ရာပြခန်းများအနက်
နှစ်သိမ့်ဆုရ သစ်တောဦးစီးဌာနပြခန်း

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကျင်းပခြင်း



တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊
သရက်ချောင်းမြို့နယ် (၃-၁-၂၀၁၆)



မွန်ပြည်နယ်၊ သထုံခရိုင်၊
ဘီးလင်းမြို့နယ် (၇-၁-၂၀၁၆)



ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊
သီပေါမြို့နယ် (၂၃-၁-၂၀၁၆)



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊
ရွှေတောင်မြို့နယ် (၂၅-၁-၂၀၁၆)

# ဥယျာဉ်/ဘေးမဲ့တောများအတွင်း ကမ္ဘာ့ရေတိမ်ဒေသများနေ့အထိမ်းအမှတ် ဟောပြောပွဲများကျင်းပ (၂-၂-၂၀၁၆)


အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော


ပိတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော


ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်


မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော


အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်


ပုပ္ပါးတောင် ဥယျာဉ်




# မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲ အခြေအနေနှင့် ပြောင်းလဲမှု

## မျိုးစိတ်များ

**ကုန်းနေရေနေနှင့် တွားသွားမျိုးစိတ်များ**

၁၉၉၉ ခုနှစ်နှင့် ၂၀၁၀ခုနှစ်တို့တွင် သစ်တောဦးစီးဌာနနှင့် အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယား သိပ္ပံအကယ်ဒမီ(California Academy of Sciences-CAS)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စာရင်းကောက်ယူခြင်းမှ မြန်မာနိုင်ငံတွင် ကုန်းနေရေနေနှင့် တွားသွားမျိုးစိတ်များ အများအပြား ကျက်စားလျက်ရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသည့် ကုန်းနေရေနေနှင့်တွားသွားမျိုးစိတ်များကို ဖော်ပြထားပါသည်။

*မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသည့် ကုန်းနေရေနေနှင့် တွားသွားမျိုးစိတ်များ*

| အုပ်စု | မျိုးစိတ် | အရေအတွက် | အုပ်စု | မျိုးစိတ် | အရေအတွက် |
|---|---|---|---|---|---|
| တွားသွား | မြွေများ | ၁၇၂ | ကုန်းနေရေနေ | ဖားများ | ၁၀၆ |
| | ပုတ်သင်များ | ၈၇ | | Caecilians | ၂ |
| | လိပ်များ | ၃၂ | | ရေပုတ်သင် | ၁ |
| | မိကျောင်းများ | ၄ | | | |
| | စုစုပေါင်း | ၂၉၅ | | စုစုပေါင်း | ၁၀၉ |

စင်းကျားလိပ်(Myanmar Narrow-headed softshell turtle - *Chitra vandiji*)၊ မြန်မာ့ကြယ်လိပ် (Myanmar star tortoise- *Geochelone platynota*)၊ ရခိုင်တောင် လိပ်(Rakhine forest turtle-*Heosemys depressa*)၊ မြန်မာ့တိုက်လိပ် (Burmese roofed turtle-*Batagur trivitta*)၊ စင်းချောလိပ်(Myanmar flapshell turtle- *Lissemys scutata*)၊ ဆောက်လိပ်(Burmese-eyed tutle-*Morenia ocellata*)နှင့် လေးကွက်လိပ် (Burmese peacock softshell-*Nilssonia formosa*)တို့အပါအဝင် မြန်မာနိုင်ငံတွင် ဒေသရင်းတွားသွားမျိုးစိတ်(၂၁)မျိုးနှင့် ဒေသရင်းကုန်းနေရေနေမျိုးစိတ်(၃)မျိုးတွေ့ရှိရပါသည်။

သစ်တောဦးစီးဌာန-CAS ကုန်းနေရေနေနှင့် တွားသွားမျိုးစိတ်များ စာရင်းကောက်ယူခြင်းသည် ၂၀၁၀ ခုနှစ်တွင် ပြီးဆုံးခဲ့သော်လည်း ဆက်လက်ဆောင်ရွက်နေသည့် လေ့လာဆန်းစစ်မှုမှ မျိုးစိတ်သစ်များ တွေ့ရှိလျက်ရှိပါသည်။ အချို့သောမျိုးစိတ်များ ဥပမာ-ကြယ်လိပ်၊ တိုက်လိပ်နှင့် ယိုးဒယားမိချောင်း(*Crocodylus siamensis*)တို့မှာ သဘာဝအခြေအနေ၌ မျိုးသုဉ်းလုနီးပါးအခြေအနေတွင် ရှိပြီး၊ လိပ်မောင်း(*Manouria emys*)၊ လိပ်တက် (*Manouria impressa*)၊ ရေငံလိပ်(*Batagur baska*)၊ ဂဂိုမိကျောင်း (Gharial crocodile-*Gavialis gangeticus*)နှင့် နဂါးမိကျောင်း (*Crocodylus palustris*)တို့အပါအဝင် မျိုးစိတ်အများအပြား၏ အခြေအနေနှင့်ပတ်သက်၍ အချက်အလက်များနည်းပါးဆဲဖြစ်ပါသည်။(WCS 2013)။

**ကျောရိုးမဲ့မျိုးစိတ်များ**

ကျောရိုးမဲ့ မျိုးစိတ်များသည် မြန်မာနိုင်ငံတွင် လေ့လာထားမှု အနည်းဆုံးမျိုးစိတ်အုပ်စုများဖြစ်ပါသည်။ သစ်တောဦးစီးဌာနနှင့် အမေရိကန်ပြည်ထောင်စု၊ စမစ်ဆိုးနီးယန်းအင်စတီ ကျူးရှင်း(Smithsonian Institution)တို့ ပူးပေါင်းလေ့လာမှုအရ မြန်မာနိုင်ငံတွင် လိပ်ပြာမျိုးစိတ် (၁၁၉၇)မျိုး မှတ်တမ်းတင်နိုင်ခဲ့ပြီး (Kinyon ၂၀၁၄)၊ ကမ္ဘာ့စုစုပေါင်း၏ (၁၂)ရာခိုင်နှုန်းဖြစ်ကာ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ပဉ္စမမြောက် လိပ်ပြာမျိုးစိတ်အများဆုံး နိုင်ငံဖြစ်ပါသည်။ ယင်းလိပ်ပြာမျိုးစိတ်များတွင် ကမ္ဘာ့အရှားပါး

ဆုံး လိပ်ပြာမျိုးစိတ်(၆)မျိုးပါဝင်ပါသည်။ အခြားသော ကျောရိုးမဲ့မျိုးစိတ်များဖြစ်သည့် အင်းဆက်၊ ပိုးတောင်မာ၊ ပျား၊ ပင့်ကူစသည်တို့နှင့်ပတ်သက်၍ အချက်အလက်များ နည်းပါးဆဲဖြစ်ပါသည်။

*မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် ရှားပါးလိပ်ပြာမျိုးစိတ်များ*

| စဉ် | အမည် | သိပ္ပံအမည် |
|---|---|---|
| ၁ | The Apollo | *Parnassius imperator* |
| ၂ | The Common Birdwing | *Troides helena cerberus* |
| ၃ | The Golden Birdwing | *Troides aeacus praecox* |
| ၄ | The Bhutan Glory | *Bhutanitis ledderdalei lidderdalei* |
| ၅ | The Kaiser | *Teinopalpus imprrialis* |
| ၆ | The White Edge Baron | *Euthalia phemius phemius* |
| | White-edged Blue Baron | *(Euthalia phemius)* |

ရေချိုငါးမျိုးစိတ်များ

အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံသည် ရေချိုငါးမျိုးစိတ် လေ့လာထားရှိမှု အနည်းဆုံးနိုင်ငံများတွင် အပါအဝင်ဖြစ်ပါသည် (Kullander et al. 2004)။ သို့သော် မြန်မာနိုင်ငံသည် ရေချိုငါးမျိုးစိတ်ကြွယ်ဝသည့်နိုင်ငံအဖြစ် သိရှိကြပြီး ဒေသရင်းငါးမျိုးစိတ် အမြောက်အမြား အပါအဝင် ရေချိုငါးမျိုးစိတ်(၅၉၀)မျိုး မှတ်တမ်းတင်ထားပါသည်။ (Fish Database, http// www.fishbase.org/ search.php, country profile)။ သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်အဖွဲ့ (Fauna& Flora International -FFI)တို့ ပူးပေါင်းဆောင်ရွက်သည့် လတ်တလောလေ့လာမှုများမှ သိပ္ပံလောကအတွက် မျိုးစိတ်သစ်များဖြစ်သည့် *Lepidocephalichthys spp.*၊ *Acanthocobitis spp.*၊ *Physoschistura spp. Schistura spp.*နှင့် *Amblyceps spp.*တို့ကို အင်းတော်ကြီးကန်ဒေသ၊ *Hypsibarbus spp.*၊ *Macrognathus spp.*၊ *Dermogenys spp.*၊ *Crossocheilus spp.*၊ *Brachydanio spp.*၊ *Pangio sp.*၊ *Garra sp.*၊ *Acantopsis spp.*နှင့် *Balitoropsis spp.* တို့ကို တနင်္သာရီမြစ်၊ *Poropuntius sp.*၊ *Dermogenys spp.*၊ *Brachydanio spp.*၊ *Pangio spp.*နှင့် *Garra spp* တို့ကိုလေညာမြစ်၊ *Devario spp.*၊ *Aborichthys spp.*၊ *Acanthocobitis spp.*၊ *Schistura spp.* တို့ကို ပူတာအိုခရိုင်၊ မလိခမြစ်တို့မှ ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ဒေသရင်းငါးမျိုးစိတ် များ အထူးကြွယ်ဝသည့် နေရာမှာ အင်းလေးကန်ဖြစ်ပြီး မျိုးရင်း(၃)မျိုး၏ ဒေသရင်း ငါးမျိုးစိတ်(၉)မျိုး တွေ့ရှိရပါသည်။(WWF http://wwf.panda.org/about-our-earth/ ecoregion/lake_inle.cfm)။

**အဏ္ဏဝါမျိုးစိတ်များ**

မြန်မာနိုင်ငံသည် ရှည်လျားသည့်ကမ်းရိုးတန်းနှင့်ကြီးမားသည့်ပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ပါသည်။ အဏ္ဏဝါသယံဇာတအရင်းအမြစ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိပါသည်။ သို့သော် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများနှင့် ပတ်သက်၍ အနည်းငယ်သာသိရှိရဆဲဖြစ်ပါသည်။ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာနှင့်ဒီဇင်ဘာလတို့တွင် သုတေသနသင်္ဘော" RV Fridtj of Nansen" ဖြင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များတွင် စာရင်းကောက်ယူမှု၏ ကနဦးရလဒ်များမှ မြန်မာပင်လယ်ပြင်၏ စဉ်ဆက်မပြတ် အမြင့်ဆုံးထုတ်လုပ်နိုင်မှုနှုန်း (Maximum Sustained Yield -MSY)သည် ၁၉၈၀ခု အစောပိုင်းနှစ်များတွင် တွက်ချက်ခဲ့သည့် MSY ထက် အများကြီးလျော့နည်းလျက်ရှိကြောင်း ဖော်ပြလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း မှတ်တမ်းတင်ထားသည့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများကို ဖော်ပြထားပြီး အဏ္ဏဝါငါးမျိုးစိတ်များမှလွဲ၍ အခြားသောမျိုးစိတ်များ၏ အချက်အလက်များမှာ မြိတ်ကျွန်းစုဒေသမှ အဓိကရယူထားခြင်းဖြစ်ပါသည်။

*မြန်မာနိုင်ငံရှိ အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ*

| စဉ် | အဏ္ဏဝါ ဇီဝမျိုးစုံမျိုးကွဲ | အရေအတွက် | စဉ် | အဏ္ဏဝါ ဇီဝမျိုးစုံမျိုးကွဲ | အရေအတွက် |
|---|---|---|---|---|---|
| ၁ | Phytoplankton | ၁၃၆ | ၈ | ကဏန်း (crustacean) | ၄၂ |
| ၂ | Zooplankton | ၁၅၀ | ၉ | သန္တာ | ၂၈၇ |
| ၃ | Meroplankton | ၄၇ | ၁၀ | အဏ္ဏဝါငါးမျိုးစိတ် | ၅၇၈ |
| ၄ | ပင်လယ်မြက် | ၁၂ | ၁၁ | အဏ္ဏဝါကျောရိုးမဲ့မျိုးစိတ် | ၂၃၀ |
| ၅ | ပင်လယ်ရေညှိ | ၃၈ | ၁၂ | ငါးမန်း | ၅၇ |
| ၆ | Gastropods (molluscs) | ၅၀ | ၁၃ | ငါးလိပ်ကျောက်၊ ငှက် | ၇၀ |
| ၇ | Bivalves (molluscs) | ၄၁ | | | |

**စိုက်ပျိုး၊ မွေးမြူထားသည့် ဇီဝမျိုးစုံမျိုးကွဲများ**

ကောက်ပဲသီးနှံများ

အပင်များသည် လူမှုအဖွဲ့အစည်း၏ အသက်ရှင်ရပ်တည်နိုင်ရန်အတွက် မရှိမဖြစ်အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပါသည်။ အပင်မျိုးရိုးဗီဇအရင်းအမြစ်များသည် အစားအစာလုံလောက်စွာရရှိရေး၊ ဇီဝလောင်စာနှင့် ဇီဝနည်းပညာဖြင့် ထုတ်ယူထားသော ဆေးဝါးထုတ်လုပ်ရေးတို့အတွက် များစွာအထောက်အကူပြုပါသည်။ မြန်မာနိုင်ငံတွင် သီးနှံအမျိုးအစား(၆၀)ကျော်ကို စိုက်ပျိုးပြီး ယင်းတို့ကို အောက်ဖော်ပြပါအတိုင်း အုပ်စု(၇)စုခွဲခြားနိုင်ပါသည်။ (Myint ၁၉၈၉)-

**နှံစားသီးနှံ-** စပါး၊ ဂျုံ၊ နှံစားပြောင်းနှင့်ပြောင်း၊

**ဆီထွက်သီးနှံများ-** မြေပဲ၊ နှမ်း၊ နေကြာနှင့်မုန်ညင်း၊

**ပဲမျိုးများ-** ထောပတ်ပဲ၊ ပဲနီနှင့်ပဲအမျိုးမျိုး၊

**စက်မှုသုံးသီးနှံများ-** ဝါ၊ ကြံ၊ ဆေးရွက်ကြီး၊ ရာဘာ၊

**မီးဖိုချောင်သီးနှံများ-** အာလူး၊ ကြက်သွန်၊ ငရုတ်သီး၊ ဟင်းသီးဟင်းရွက်၊

**နှစ်ရှည်သီးနှံများ-** လက်ဖက်၊ ကော်ဖီ၊ အုန်း၊ ငှက်ပျောသီး၊ ဆီအုန်း၊ ထန်းနှင့်အခြားအသီးများ၊

**အခြားသီးနှံများ**- အထက်တွင်ဖော်ပြခြင်းမရှိသော သီးနှံများ။

နိုင်ငံအနှံ့အပြား၌ စိုက်ပျိုးထားသော သီးနှံများ အထူးသဖြင့် စပါး၊ ပြောင်း၊ နှံစားပြောင်း၊ လူး၊ မုံညင်း၊ မြေပဲ၊ ချင်း၊ နနွင်း၊ ဩဇာ၊ ရုံးပတီ၊ ငရုတ်၊ ငရုတ်ကောင်း၊ ခရမ်းချဉ်၊ လိမ္မော်၊ သံပုရာ၊ ဖရဲ၊ သရက်၊ ပိန္နဲ၊ ငှက်ပျောနှင့် ဆေးဖက်ဝင်အပင်များအစရှိသော သီးနှံများအတွင်း၌ပင် မျိုးရိုးဗီဇကွဲလွဲမှုများကို တွေ့ရှိရပါသည်။ (Tun and Than 1995)

မြန်မာနိုင်ငံကို ဆန်စပါး၊ သရက်၊ ငှက်ပျောနှင့်ကြံကဲ့သို့သော အဓိကအရေးကြီးသောသီးနှံမျိုးစိတ်များ၏ မူရင်းဒေသဟု ယူဆထားကြပါသည်။ ယင်းသီးနှံများ၏ မူလမျိုးစိတ်ရိုင်းများနှင့် နေရာဒေသအလိုက် ကွဲပြားခြားနားစွာပေါက်ရောက်လျက်ရှိသည့်မျိုးစိတ်များကို မြန်မာနိုင်ငံတွင် တွေ့ရှိရပါသည်။ မျိုးရိုးဗီဇ၊ မြေမျက်နှာသွင်ပြင်နှင့် မော်လီကျူးများဆိုင်ရာ လေ့လာမှုများအရ မြန်မာနိုင်ငံသည် စိုက်ပျိုး ထုတ်လုပ်နိုင်သည့် စပါးမျိုး(O.sativa indica) မျိုးကွဲများ တွေ့ရသော အဓိကနေရာတွင်ရှိသည်ဟု ယူဆရပါသည်။ (Londo et al. 2006၊ DAR 2011)။

စိုက်ပျိုးထုတ်လုပ်သည့် မျိုးများဖြစ်သည့် ပဲတီစိမ်း၊ ကောက်ညှင်းနှင့်အာဇူကီ(ခ)ဂျပန်ပဲတို့နှင့် ဆက်စပ်လျက်ရှိသည့် ပဲမျိုးရင်းဝင် မျိုးစိတ်ရိုင်း အများအပြားကို ပင်လယ်ကမ်းရိုးတန်းရှိ သဲဆန်သောမြေ၊ ထုံးကျောက်တောင်များနှင့် ရှမ်းပြည်နယ်တို့အပါအဝင် နိုင်ငံအနှံ့ကွဲပြားခြားနားသည့် ဂေဟစနစ်အမျိုးမျိုးတွင် ပျံ့နှံ့ပေါက်ရောက်လျက်ရှိပါသည် (Ye and Yamaguchi 2007)။ ယင်းပဲမျိုးရင်းဝင် မျိုးစိတ်ရိုင်းများသည် မြန်မာနိုင်ငံ၏ ပဲသီးနှံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော မျိုးရိုးဗီဇများကို ထောက်ပံ့ပေးနိုင်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ အမျိုးမျိုးသော တိုင်းရင်းသား လူမျိုးစုများသည် လူသုံးနည်း အပင်မျိုးစိတ်အများအပြားကို စိုက်ပျိုးအသုံးပြုကြသည်။

အပင်မျိုးရိုးဗီဇအရင်းအမြစ်များ(Plant Genetic Resources-PGR)များ၏ တန်ဖိုးကြီးမားမှုအား အလေးထားခြင်းနှင့် သဘာဝနေရင်းဒေသများနှင့် လယ်ယာမြေများတွင် အပင်မျိုးရိုးဗီဇမျိုးကွဲများ ဆုံးရှုံးမှုမြင့်မားလာခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မျိုးစေ့ဘဏ်(Seed Bank)သည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဇီဝမျိုးစုံမျိုးကွဲများကို စုဆောင်းရန်နှင့်ထိန်းသိမ်းမှုများပြုလုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် မျိုးစေ့ဘဏ်သည် အရေးကြီးသည့် စိုက်ပျိုးသီးနှံမျိုးစိတ်များ၏ နမူနာ(၁၂,၀၀၀)ကျော်ကို ထိန်းသိမ်း ကာကွယ်ထားပါသည်။

**မွေးမြူထားသည့်တိရစ္ဆာန်များ**

မြန်မာနိုင်ငံတွင် မွေးမြူထားသည့်တိရစ္ဆာန်များ၏ မျိုးရိုးဗီဇကွဲပြားမှုနှင့် ပတ်သက်၍ လေ့လာထားမှု နည်းပါးပါသည်။ အချို့သော မွေးမြူထားသည့် တိရစ္ဆာန်များမှာ နိုင်ငံအနှံ့အတူတူပင်ဖြစ်သော်လည်း အချို့မှာ သီးခြားနေရာဒေသတွင်သာ မွေးမြူကြပါသည်။ ဥပမာအားဖြင့် နွားနောက်(Mithun-*Bos frontalis*)ကို ချင်းပြည်နယ်၌သာ မွေးမြူကြပါသည်။ နွားနောက်အား တောင်ပေါ်နွားဟု ခေါ်ကြပြီး ဒေသခံဌာနေလူမျိုးများအတွက် လူမှုရေး၊ စီးပွားရေးတွင်အလွန်အရေးပါပါသည်။ သို့သော်အသားထုတ်လုပ်မှုကြောင့် နွားနောက်ကောင်ရေသည် တဖြည်းဖြည်း ကျဆင်းလျက်ရှိပါသည်။ ယင်းအခြေအနေကို ဖြေရှင်းရန် ကျောက်ဆည်နည်းပညာတက္ကသိုလ်သည် နွားနောက် စနစ်တကျ သားဖောက်မျိုးပွားခြင်းကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာမြင်းနှင့် အင်ဘင်ဝကြက်တို့သည် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ကောင်ရေကျဆင်း နေမှုကြောင့် မျိုးသုဉ်းမည့် အန္တရာယ်နှင့်ကြုံတွေ့နေရသည့် မြန်မာ့မွေးမြူရေး တိရစ္ဆာန်မျိုးများဖြစ်ပါသည် (LBVD 2011)။

*မြန်မာနိုင်ငံတွင်မွေးမြူသည့် အဓိကတိရစ္ဆာန်များ*

| စဉ် | မျိုးစိတ် | သိပ္ပံအမည် | ဒေသအမည် | တည်နေရာ/ဒေသ |
|---|---|---|---|---|
| ၁ | နွား | *Bos indicus* | ပြဒိန်၊ ရွှေနီ၊ ရှမ်းနွား၊ ကတိုးနွား၊ ကျောက်ဖြူ | မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ရှမ်း၊ ကရင်၊ ရခိုင် |
| ၂ | နွားနောက် | *Bos frontalis* | နွားနောက် | ချင်း |
| ၃ | ကျွဲ | *Bubals bubals* | မြန်မာကျွဲ၊ ရှမ်းကျွဲ | ဧရာဝတီ၊ စစ်ကိုင်း၊ ရှမ်း |
| ၄ | မြင်း | *Equus caballus* | မြန်မာမြင်း၊ ရှမ်းမြင်း | မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်း |
| ၅ | မြည်း | *Equus asinus* | မြန်မာမြည်း | ရှမ်း |
| ၆ | ဝက် | *Sus domesticus* | ဘိုကီတ်ဝက်၊ ချင်းဝက် | ပန်းတောင်း၊ အခါ၊ ဝက်တောင်း၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်း |
| ၇ | သိုး | *Ovis aries* | မြန်မာသိုး၊ ကုလားသိုး | မကွေး၊ မန္တလေး၊ စစ်ကိုင်း |
| ၈ | ဆိတ် | *Capra hircus* | ဆိတ်နီ/ ဂျိတ်နီ/ ပျောင်ဦး/ထိန်စန်း/ မွေးဆိတ် | မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ရခိုင် |
| ၉ | ကြက် | *Gallus gallus* | တိုက်ကြက်၊ တည်ကြက်၊ ကြက်လင်းတ | အနှံ့အပြား |
| ၁၀ | ကြက်ဆင် | *Meleagris gallopavo* | ကြက်ဆင် | အနှံ့အပြား |
| ၁၁ | ဘဲ | *Anas platyrhynchos* | ဧရာဝတီဘဲ၊ တောဘဲ | အနှံ့အပြား |
| ၁၂ | ဘဲ | *Cairina Maschata* | မန်ဒါလီ | အနှံ့အပြား |
| ၁၃ | ဘဲငန်း | *Anser cygnoides* | ငန်း | အနှံ့အပြား |
| ၁၄ | ငုံး | *Coturnix spp* | ငုံး | အနှံ့အပြား |



**ကျူးကျော်ဝင်ရောက်လာသည့်မျိုးစိတ်များ**

မြန်မာနိုင်ငံတွင် ကျူးကျော်ဝင်ရောက်လာသော မျိုးစိတ်(Invasive alien species-IAS)များ၏ အခြေအနေနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပြည့်စုံ

မှုမရှိသေးပေ။ IAS များ၏ အကျိုးသက်ရောက်မှုကို ပြည့်စုံစွာလေ့လာထားခြင်းမရှိသေးပါ။ သို့သော် အချို့သော လေ့လာမှုများမှ IASများ၏ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုကို ဖော်ထုတ်ပြသလျက်ရှိပါသည်။ ဥပမာအင်းလေးကန်ရှိ ခရုနီ (Golden apple snail-*Pomacea canaliculata*)သည် စိုက်ပျိုးသီးနှံများကို ထိခိုက်ပျက်စီးစေခြင်း၊ မြက်တစ်မျိုးဖြစ်သည့် Pennisetum grassသည် စီးပွားရေးကျွန်း စိုက်ခင်းများကို ကြီးမားသောပြဿနာ ဖြစ်စေခြင်း၊ ဗေဒါပင်များ(Water hyacinth *Eichhornia crassipes*)သည် မြစ်/ချောင်းများပိတ်ဆို့ခြင်းနှင့်ရေတိမ်ဒေသဂေဟစနစ်များ အဆင့်အတန်းကျဆင်းခြင်း စသည့် IAS များ၏ ထိခိုက်မှုများကို ကြုံတွေ့လျက်ရှိပါသည်။

IAS များကို ထိန်းချုပ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းဆိုင်ရာ သီးခြားဥပဒေများ၊ အမိန့်ညွှန်ကြားချက်များ မြန်မာနိုင်ငံတွင်ပြဋ္ဌာန်းထုတ်ပြန်ထားခြင်းမရှိသေးပါ။ အချို့သော ဥပဒေများဥပမာ-သစ်တောဥပဒေ (၁၉၉၂)၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ(၁၉၉၄)၊ အပင်ရောဂါပိုးမွှား ကာကွယ်သည့်ဥပဒေ(၁၉၉၃၊ ၂၀၁၁ တွင်ပြင်ဆင်ခဲ့)တွင် IAS များကို ထိန်းချုပ်နိုင်သည့်စည်းမျဉ်းစည်းကမ်းအချို့ပါဝင်ပါသည်။ သို့သော် IASဆိုင်ရာပြဿနာများကို အပြည့်အဝဖြေရှင်းရန် လုံလောက်မှုမရှိပါ။ ထို့အပြင် အများပြည်သူ၏ IASအပေါ် သိမြင်နိုးကြားမှုမှာလည်း နည်းပါးဆဲ ဖြစ်ပါသည်။ အချို့သော IAS များကို သုတေသနလုပ်ငန်းများ၊ သစ်တောပြန်လည်ထူထောင်ခြင်းနှင့် အစားအစာထုတ်လုပ်ခြင်းတို့အတွက် ရည်ရွယ်ချက်ရှိရှိ တင်သွင်းခဲ့ခြင်းဖြစ်ပြီး အချို့မှာ မတော်တဆရောက်ရှိလာခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ဒေသရင်းရေချိုငါးမျိုးစိတ်များ-

| စဉ် | သိပ္ပံအမည် | မြန်မာအမည် | စဉ် | သိပ္ပံအမည် | မြန်မာအမည် |
|---|---|---|---|---|---|
| ၁ | *Akysis pictus* | တံငါပို | ၃၀ | *Hemibagrus variegatus* | - |
| ၂ | *Akysis prashadi* | ငါးရှတ် | ၃၁ | *Homaloptera rupicola* | - |
| ၃ | *Caragobius burmanicus* | - | ၃၂ | *Ilisha novacula* | ရေချိုငါးသလောက် |
| ၄ | *Chaca burmensis* | ငါးကျောက်ဖား | ၃၃ | *Labeo stolizkae* | ငါးလူး |
| ၅ | *Channa harcourtbutleri* | ငါးအုံမက်၊ တောင်သူခေါင်းပု | ၃၄ | *Macrognathus caudiocellatus* | ငါးမြွေထိုး |
| ၆ | *Clupisoma prateri* | ငါးကလောင် | ၃၅ | *Mastacembelus oatesii* | ငါးမြွေထိုး |
| ၇ | *Cyprinus intha* | ငါးဖိန်း | ၃၆ | *Microdevario gatesi* | - |
| ၈ | *Danio choprae* | - | ၃၇ | *Microphis dunckeri* | ရေနဂါး |
| ၉ | *Danio erythromicron* | ငါးပုတ်ဆောမ | ၃၈ | *Microrasbora rubescens* | ငါးရေနီမ် |
| ၁၀ | *Danio nigrofasciatus* | ငါးမြင်း၊ ရေရောက်ငါး | ၃၉ | *Mystus leucophasis* | ငါးပက်လက် |
| ၁၁ | *Devario auropurpureus* | - | ၄၀ | *Mystus rufescens* | ငါးခင်ရိုင်း |
| ၁၂ | *Devario sondhii* | - | ၄၁ | *Neolissochilus blythii* | - |
| ၁၃ | *Devario spinosus* | ငါးလဲ | ၄၂ | *Neolissochilus compressus* | - |
| ၁၄ | *Esomus ahli* | ငါးမောတော့ | ၄၃ | *Neolissochilus stevensonii* | - |
| ၁၅ | *Esomus altus* | ငါးမောတော့ | ၄၄ | *Olyra burmanica* | - |
| ၁၆ | *Exostoma berdmorei* | ငါးကျောက်ကပ် | ၄၅ | *Osteochilus sondhii* | ငါးလဲ |
| ၁၇ | *Exostoma stuarti* | ငါးကျောက်ကပ် | ၄၆ | *Parasphaerichthys ocellatus* | ငါးမီးကွက် |
| ၁၈ | *Garra flavatra* | ကျောက်ငါးလူး၊ ငါးတိုင်တက် | ၄၇ | *Physoschistura brunneana* | ကျောက်ငါးသလဲထိုး |
| ၁၉ | *Garra gravelyi* | - | ၄၈ | *Physoschistura rivulicola* | ကျောက်ငါးသလဲထိုး |
| ၂၀ | *Garra nigricollis* | - | ၄၉ | *Physoschistura shanensis* | ကျောက်ငါးသလဲထိုး |
| ၂၁ | *Garra poecilura* | - | ၅၀ | *Procutropiichthys macropthalmos* | - |
| ၂၂ | *Garra propulvinus* | - | ၅၁ | *Pseudolaguvia tuberculata* | မိနီကတ် |
| ၂၃ | *Garra rakhinica* | ငါးမွေ့စု | ၅၂ | *Puntius burmanicus* | ငါးနုံးမ |
| ၂၄ | *Garra spilota* | - | ၅၃ | *Sawbwa resplendens* | ငါးနီစိမ် |
| ၂၅ | *Garra vittatula* | - | ၅၄ | *Schistura acuticephalus* | - |
| ၂၆ | *Gonialosa modesta* | ငါးဝမ်းပူ | ၅၅ | *Sicamugil hamiltonii* | - |
| ၂၇ | *Gonialosa whiteheadi* | - | ၅၆ | *Toxotes blythii* | ငါးမြင်ကန်း၊ ပျောက်မ |
| ၂၈ | *Gudusia variegata* | ငါးလဘီ | ၅၇ | *Trichogaster labiosa* | ငါးဖျင်းသလက် |
| ၂၉ | *Hemibagru speguensis* | - | ၅၈ | *Yunnanilus brevis* | ငါးခြောက်ငယ် |

မြန်မာ့မျိုးစေ့ဘဏ်တွင်ထိန်းသိမ်းကာကွယ်ထားသည့် အပင် မျိုးရိုးဗီဇ အရင်းအမြစ်များ

| စဉ် | သီးနှံအမည် | နမူနာအရေအတွက် | စဉ် | သီးနှံအမည် | နမူနာအရေအတွက် |
|---|---|---|---|---|---|
| ၁ | စပါး | ၇,၃၆၇ | ၁၂ | ပြောင်း | ၁၀၀ |
| ၂ | စပါးရိုင်း | ၁၈၄ | ၁၃ | ဂျုံ | ၁,၆၀၇ |
| ၃ | ကောက်ညှင်း | ၁၂၈ | ၁၄ | နံ့စားပြောင်း | ၂၁၉ |
| ၄ | ကုလားပဲ | ၆၁၇ | ၁၅ | လူး၊ ဆတ် | ၁၂၃ |
| ၅ | ပဲစင်းငုံ | ၁၄၃ | ၁၆ | မုန်ညှင်း | ၃၇ |
| ၆ | ပဲတီစိမ်း | ၁၈၉ | ၁၇ | မြေပဲ | ၆၆၅ |
| ၇ | ပဲလွန်း | ၁၈၁ | ၁၈ | ပန်းနှမ်း | ၁ |
| ၈ | ပဲဗိစပ် | ၈၁ | ၁၉ | ဆူးပန်း | ၁ |
| ၉ | Lima bean | ၆၆ | ၂၀ | လျှော် | ၄၂ |
| ၁၀ | Kidney bean | ၆၉ | ၂၁ | ဟင်းသီးဟင်းရွက်များ | ၁၀၉ |
| ၁၁ | Wild Vigna spp. | ၁၀၁ | စုစုပေါင်း | | ၁၂,၈၂၉ |

# ကြားခံနယ်မြေ စီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်ချက်များ

၂၀၀၇ခုနှစ်၊ ဇွန်လနှင့်ဩဂုတ်လထုတ် သစ်တောရေးရာဂျာနယ်မှ ဒေါက်တာမင်းသန့်ဇင်၏ ဆောင်းပါးအား ပြန်လည်ဖော်ပြအပ်ပါသည်။

လူသားတို့ကမ္ဘာမြေပေါ်ဝယ် ဆက်လက် အသက်ရှင် ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်အရေးပါသည့် အပူပိုင်းသစ်တောများ ကြောက်ဖွယ်လိလိ ပျက်စီးပြုန်းတီး နေခြင်းကို ဟန့်တားနိုင်ရန် သဘာဝနယ်မြေများ(Protected Areas)တည်ထောင်ကာ ကြိုးပမ်းလျက်ရှိကြပါသည်။ သို့သော် သဘာဝနယ်မြေများ၏ ရေရှည်ရည်မှန်းချက်နှင့် ဒေသခံပြည်သူတို့၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်တို့အကြား ကွာဟချက်နည်းပါးမှသာလျှင် အန္တိမရည်မှန်းချက်များကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်လွှားမှ သင်ခန်းစာများက ထောက်ပြလျက်ရှိပါသည်။ သို့ဖြစ်၍ အဆိုပါကွာဟချက်နည်းပါးစေရန် ရည်ရွယ်၍ သဘာဝနယ်မြေနှင့် ဆက်စပ်နေသည့် ဧရိယာများတွင် ကြားခံနယ်မြေ (Buffer Zone) တည်ထောင်ကာ အားဖြည့်ဆောင်ရွက်လျက်လည်းရှိကြပါသည်။ ကြားခံနယ်မြေဖွဲ့စည်း တည်ထောင်စီမံအုပ်ချုပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ သဘာဝနယ်မြေအား ကာကွယ်ထိန်းသိမ်းမှု ပိုမိုထိရောက်စေရန်နှင့် ဒေသခံပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးအတွက် သဘာဝသယံဇာတများကို အကန့်အသတ်ဖြင့် အသုံးပြုခွင့်ပေးရန်ဖြစ်ပါသည်။ အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်ပြီးမြောက်စေရန်အတွက် ကြားခံနယ်မြေများကို ထိထိရောက်ရောက် အကျိုးရှိရှိ စီမံအုပ်ချုပ်နိုင်ရန် အလို့ငှာ အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၁။ ကြားခံနယ်မြေစီမံအုပ်ချုပ်မှုအတွက် စီမံချက်တစ်ရပ်ရေးဆွဲထားရှိရန် လိုအပ်ပါသည်။ သဘာဝနယ်မြေတစ်ခုလုံးအတွက် ရေးဆွဲထားသည့် စီမံအုပ်ချုပ်မှုစီမံချက်တွင် အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းရေးဆွဲနိုင်ပါက ပို၍သင့်တော်ပါသည်။

- ကြားခံနယ်မြေများကို ရည်မှန်းချက်တိကျစွာ ချ မှတ်၍ စနစ်တကျ စီမံအုပ်ချုပ်ရန် လိုအပ်ပါသည်။ ကြားခံနယ်မြေအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းဆောင်တာများသည် တင်းကျပ်စွာ ကာကွယ်ထားသည့် အမာခံနယ်မြေများကို ကာကွယ်မှုအတွက် အထောက်အကူဖြစ်စေသင့်ပါသည်။ ထို့အပြင် စီမံ အုပ်ချုပ်မှုစီမံချက်သည် မိရိုးဖလာအစဉ်အလာများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေများနှင့်အခြားတည်ရှိဆဲဥပဒေများနှင့်လိုက်လျောညီထွေမှုရှိရပါမည်။ လက်တွေ့ကျင့်သုံးသည့်အခါတွင် သဘာဝ ထိန်းသိမ်းရေးနယ်မြေတစ်ခုလုံး၏ ကာကွယ်ထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူတို့သာယာဝပြောရေးဟူသည့် အချက်(၂)ချက်ကို မျှမျှတတအခြေခံ၍ စီမံအုပ်ချုပ်ရန်ဖြစ်ပါသည်။

၂။ ကြားခံနယ်မြေများကို ဒေသတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီအောင် စီမံအုပ်ချုပ်ရပါမည်။

- ကြားခံနယ်မြေများသည် သဘာဝထိန်းသိမ်းရေး နယ်မြေများ၏ အမာခံနယ်မြေနှင့် သဘာဝနယ်မြေပြင်ပရှိ မြေယာအသုံးချမှုစနစ်အကြားရှိ ဆက်စပ်နယ်မြေများဖြစ်ပါသည်။ သို့ဖြစ်၍ ကြားခံနယ်မြေများကို စီမံအုပ်ချုပ်ရာတွင် ဒေသ၏ မြေယာအသုံးချမှုနှင့် ဖွံ့ဖြိုးမှုကိုလမ်းညွှန်ပေးနေသည့် မူဝါဒများကို လေးစားလိုက်နာရပါမည်။ ထို့ကြောင့် သဘာဝနယ်မြေများကို စီမံအုပ်ချုပ်ရသူများသည် ဒေသတစ်ခုလုံး၏ စီမံအုပ်ချုပ်ရေးနှင့် စီမံကိန်းရေးဆွဲရေးဆိုင် ရာ အာဏာပိုင်များနှင့် နီးနီးကပ်ကပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ ကြားခံနယ်မြေအတွင်းတွင် ရေရှည်တည်တံ့သောမြေယာအသုံးချမှုနှင့် သယံဇာတအသုံးပြုမှုစနစ်ပေါ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်ရပါမည်။

- ကြားခံနယ်မြေ စီမံအုပ်ချုပ်မှုသည် ရေရှည်တည်တံ့သောအသုံးချမှုစနစ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းမည်ပါသည်။ သင့်တော်သော စီမံအုပ်ချုပ်မှုသည် ဇီဝဗေဒသဘောတရားများ၊ ယဉ်ကျေးမှုအခြေခံများ၊ သွင်းအားစုများ ရရှိနိုင်မှုအနေအထားနှင့် ဒေသခံပြည်သူတို့၏ ကျွမ်းကျင်မှုတို့အပေါ်တည်မှီ၍ သတ်မှတ်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ရမြဲဖြစ်ပါသည်။ ထို့အပြင် ဒေသခံပြည်သူတို့သည်လည်း စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်လည်းလိုအပ်ပါသည်။ ဒေသခံပြည်သူတို့ ပူးပေါင်း ဆောင်ရွက်လာခြင်းကြောင့် အလုပ်အကိုင်များရရှိခြင်း၊ လုပ်အားများကို အကျိုးရှိရှိအသုံးချခြင်း စသည့်အခွင့်အလမ်းများ တိုးပွားလာစေနိုင်ပါသည်။
- စီမံအုပ်ချုပ်မှုလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့်မြေယာအသုံးချမှုမျိုးကိုသာ အားပေးသင့်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ကြားခံနယ်မြေ၏ ပင်မရည်မှန်းချက်ကို ထိခိုက်တိမ်းပါးသွားစေနိုင်သည့် လုပ်ငန်းများကို ကောင်းစွာသိရှိ နားလည်ထားရန် အရေးကြီးပါသည်။ သို့ဖြစ်၍ ဒေသရှိမြေယာများ၏ အခြေအနေပေါ်မူတည်ပြီး ခွင့်ပြုသင့်သည့် လုပ်ငန်းများကို အဆင့်အတန်းခွဲခြား သတ်မှတ်ထား

သင့်ပါသည်။ အခြေအနေပေးပါက သစ်တောဖုံးအုပ်မှု လျော့ပါးစေသည့် လုပ်ဆောင်မှုမျိုးကို ကြားခံနယ်မြေအတွင်းတွင် ရှောင်ရှားသင့်ပါသည်။

၄။ မိရိုးဖလာ မြေယာအသုံးချမှုစနစ်ကို လက်ခံကျင့်သုံးရပါမည်။

- ယေဘုယျအားဖြင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှု နည်းပါးသောလုပ်ငန်းများကိုသာ ကြားခံနယ်မြေအတွင်း ခွင့်ပြုသင့်ပါသည်။ လူသူတို့၏ အနှောင့်အယှက်နည်းပါးသေးသည့် နေရာများတွင် အပင်နှင့် တိရစ္ဆာန်ထွက်ကုန်များ စုဆောင်းရယူမှုကို ခွင့်ပြုပေးခြင်းအားဖြင့် သစ်တောဖုံးလွှမ်းမှု လျော့ပါးမသွားစေရန် ထိန်းထားနိုင်ပါသည်။ သို့သော်လုံလုံလောက်လောက် ကျယ်ပြန့်သည့်ဧရိယာများ သတ်မှတ်ပေးပြီး စဉ်ဆက်မပြတ်ထုတ်ယူရရှိနိုင်အောင် စီမံဆောင်ရွက်ရပါမည်။ များသောအားဖြင့် ဒေသခံပြည်သူတို့ လက်ခံကျင့်သုံးနေသည့် စိုက်ပျိုးမွေးမြူရေးစနစ်များသည် သစ်တောထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေမှု ရှိနေတတ်ပါသည်။
- အဓိကဆိုလိုရင်းမှာ လက်ရှိကျင့်သုံးနေသော မြေယာအသုံးချမှုအပေါ် မူတည်ပြီး၊ ဒေသနှင့်သင့်လျော်မည့် လုပ်ငန်းများကို ရွေးချယ်ခွင့်ပြုရန်ဖြစ်ပါသည်။ အနီးအနားပတ်ဝန်းကျင်ရှိ သစ်တောများသည်သဘာဝအနေအထားနီးပါး ကျန်ရှိနေပြီး၊ ဒေသခံတို့၏ လိုအပ်ချက်ရှိသလောက်သာ ထုတ်ယူသုံးစွဲနေသော အခြေအနေမျိုးတွင် သစ်တောနှင့် စိုက်ပျိုးရေးနည်းစနစ်အသစ်များ အသုံးပြုရန်မလိုအပ်ပါ။ သို့သော် လူဦးရေထူထပ်လွန်းပြီး တောတောင်အပေါ် မှီခိုအားထားမှု များပြားပါက ကြားခံနယ်မြေအတွင်းတွင် သစ်တောနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျအားဖြင့်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ ဤနည်းသည်သာ သဘာဝထိန်းသိမ်းရေးနယ်မြေများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကို လျော့ပါးစေရန်စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ အကယ်၍ ကြားခံနယ်မြေအဖြစ် ပြဋ္ဌာန်းထားသည့်ဧရိယာတွင် သစ်တောနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကို စနစ်တကျအားဖြင့် ဆောင်ရွက်ထားပြီးဖြစ်ပါက သဘာဝတည်ငြိမ်မှုနှင့် ပြန်လည်ဖြစ်ထွန်းမှုကို အထောက်အကူပြုသည့် လုပ်ငန်းများကိုသာ အားပေးသင့်ပါသည်။

၅။ စီးပွားရေးမက်လုံးနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်ဖွံ့ဖြိုးလာစေရန် စီမံဆောင်ရွက်ရပါမည်။

- ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သမားရိုးကျရန်ပုံငွေများသည် မျိုးစိတ်များကာကွယ်ခြင်းနှင့် နယ်မြေများကာကွယ်ခြင်းတို့အတွက်သာ ခွင့်ပြုလေ့ရှိသဖြင့် ကြားခံနယ်မြေစီမံအုပ်ချုပ်မှုအတွက် ဘဏ္ဍာရေးနှင့် နည်းပညာအရင်းအနှီးနည်းပါးတတ်ပါသည်။ သို့သော် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်မှု၏ ကဏ္ဍတစ်ရပ်အဖြစ် ဒေသခံပြည်သူများ အကျိုးငှာ ကြားခံနယ်မြေများကို စီမံအုပ်ချုပ်မည်ဆိုပါက ဖွံ့ဖြိုးမှုလုပ်ငန်းထောက်ပံ့သည့် အဖွဲ့အစည်းများနှင့် အခြားသောဇာစ်မြစ်များမှ ရန်ပုံငွေ အထောက်အပံ့ရရှိအောင် ဆောင်ရွက်နိုင်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် ကြားခံနယ်မြေအပေါ် ထားရှိသည့် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သဘောထားတွင် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်သည်ဟူသော အချက်ကို ထည့်သွင်းစဉ်းစားဖော်ပြရပါမည်။
- သဘာဝနယ်မြေများ ကာကွယ်ထိန်းသိမ်းမှု ပိုမိုထိရောက်စေသည့် အစီအမံတစ်ရပ်မှာ သဘာဝသယံဇာတများကို တရားမဝင်ထုတ်ယူသုံးစွဲခြင်းမှ ရှောင်လွှဲနိုင်အောင် စီးပွားရေးမက်လုံးများ ဖန်တီးပေးခြင်းပင်ဖြစ်ပါသည်။ သဘာဝနယ်မြေများ ပတ်ဝန်းကျင်ရှိကျေးရွာများတွင် ငွေကြေးအထောက်အပံ့များပေးပြီး ဆင်းရဲနွမ်းပါးမှု လျော့ပါးအောင် ဆောင်ရွက်ပေးနိုင်ပါသည်။ ထို့အပြင် ငွေစုငွေချေး သမဝါယမအသင်း၊ အစုစပ်စီးပွားရေး လုပ်ငန်းများတည်ထောင်ပေးသင့်ပါသည်။ ကျေးလက်ဒေသရှိ ဝန်ဆောင်မှုလုပ်ငန်းများ (ဥပမာ- ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး) ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးခြင်းသည်လည်းကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ကျေးလက်ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် နှိုးဆော်ပေးနိုင်ပါသည်။

၆။ သဘာဝဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သောကြောင့် တားမြစ်လိုက်သည့် မြေယာအသုံးချမှုလုပ်ငန်းများအတွက် နစ်နာကြေး(သို့မဟုတ်)ထောက်ပံ့ကြေးပေးသင့်ပါသည်။

- မီးကို အဓိကအားကိုးအားထားပြုသည့် တောင်ယာစနစ်ကျင့်သုံးခြင်း၊ ကာကွယ်ထားသည့် တိရစ္ဆာန်များကို အမဲလိုက်ခြင်း၊ အဆိပ်အသုံးပြု၍ ငါးဖမ်းခြင်းလုပ်ငန်းများသည် ကြားခံနယ်မြေအတွင်း ခွင့်ပြုရန်မသင့်လျော်သည့် လုပ်ငန်းများဖြစ်သဖြင့် တင်းကျပ်စွာတားမြစ်ရန် လိုအပ်ပါသည်။ ကြားခံနယ်မြေဟူသည် မူလအဓိပ္ပါယ်ဖော်ဆောင်ချက်တွင် ဘက်စုံအသုံးပြုခြင်း multiple use ဟူသည့် တွေးဆချက်ပါဝင်သဖြင့် ကြားခံနယ်မြေအတွင်းတွင် ပဋိပက္ခ(conflict)ဟူသည် ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍ စီမံအုပ်ချုပ်မှုဆိုသည်မှာ ပဋိပက္ခပြေငြိမ်းရေး ဆောင်ရွက်ချက် တစ်ရပ်ဖြစ်သကဲ့သို့ ပို၍လက်တွေ့ကျသည့် သဘာဝပတ်ဝန်းကျင်တွင် ကာကွယ်ရေးလုပ်ငန်းတစ်ရပ်လည်း ဖြစ်ပါသည်။ သို့သော် ပဋိပက္ခများသည် ရင်ကြားစေ့ပေးရန် မဖြစ်နိုင်တော့သည့် အခြေအနေမျိုးတွင် နစ်နာကြေးပေးခြင်း၊ ကူညီထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါ

သည်။ ကြားခံနယ်မြေဆိုသည်မှာ ဘက်စုံအသုံးပြုရန် ခွဲခြားသတ်မှတ်ထားသည့် နယ်မြေဖြစ်သဖြင့် ရည်မှန်းချက်များ များပြားကာလက်တွေ့စီမံအုပ်ချုပ်ရေးတွင် အခက်အခဲတွေ့စေတတ်ပါသည်။ သို့ဖြစ်၍ အထက်တွင် တင်ပြဆွေးနွေးခဲ့သည့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ကြားခံနယ်မြေ၏ အဓိကရည်မှန်းချက်နှင့် လက်ငင်းအကျိုးခံစားနိုင်အောင် လက်တွေ့ကျကျစီမံအုပ်ချုပ်နိုင်မည်ဖြစ်ပါသည်။

သဘာဝနယ်မြေများ ကာကွယ်ထိန်းသိမ်းမှု ပိုမို ထိရောက်စေရေးဟူသည့် ရေရှည်ရည်မှန်းချက်နှင့် ဒေသခံပြည်သူတို့၏ အခြေခံလိုအပ်ချက်အတွက် သဘာဝသယံဇာတများအား အကန့်အသတ်ဖြင့် အသုံးပြုခွင့်ပေးရေးဟူသည့် ရေတိုရည်မှန်းချက်များအတွက် သဘာဝနယ်မြေများ အနီးပတ်ဝန်းကျင်ရှိ ဆက်စပ်ကိရိယာများကို (Buffer Zone)ကြားခံနယ်မြေများအဖြစ် သတ်မှတ်၍ စီမံအုပ်ချုပ်လေ့ရှိပါသည်။ အခါအားလျော်စွာ ကြားခံနယ်မြေများတွင် သစ်တောများရှိနေတတ်သဖြင့် အဆိုပါသစ်တောများ၏ ရေရှည်တည်တံ့မှုအတွက်လည်း ထည့်သွင်းစဉ်းစားကာ စနစ်တကျစီမံအုပ်ချုပ်ရန်လိုအပ်ပါသည်။

ကြားခံနယ်မြေတစ်ခုတွင် လက်ခံကျင့်သုံးသင့်သည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်သည် မြေယာနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာဆိုင်ခွင့်၊ သစ်တော၏ ဇီဝဗေဒဆိုင်ရာစရိုက် လက္ခဏာများနှင့် လက်ရှိမြေယာအသုံးချမှုသဘာဝတို့အပေါ် တည်မှီပါသည်။ အချို့သောကိစ္စရပ်များတွင် ရေဝေရေလဲဒေသများအား ကာကွယ်ရန် သစ်တောဖုံးလွှမ်းမှုကို ထိန်းသိမ်းခြင်းသည် အရေးပါဆုံးသော ရည်မှန်းချက်ဖြစ်နိုင်ပါသည်။ သို့သော်အချို့သောဧရိယာများတွင် အတန်းအစားကျဆင်းနေသည့် မြေယာများအား ပြန်လည်တည်ထောင်ရန် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းသည်အဓိကလိုအပ်ချက်ဖြစ်ပါမည်။ ထို့အတူ ယင်းသစ်တောများမှ သစ်များထုတ်ယူရန် ဖိအားများလည်းရှိနေတတ်ပါသည်။ ယေဘုယျအားဖြင့် စီးပွားဖြစ်သစ်ထုတ်လုပ်မှုလုပ်ငန်းသည် သဘာဝနယ်မြေထိန်းသိမ်းကာကွယ်ရေး ရည်မှန်းချက်နှင့်ဆန့်ကျင်နေသည်ဟု ဆိုနိုင်ပါသည်။ သို့သော် သဘာဝထိန်းသိမ်းရေးနှင့်သစ်ထုတ်လုပ်ရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်(၂)ရပ်ကို လုံးဝပူးတွဲဆောင်ရွက်၍ မရနိုင်သည့်စနစ်များအဖြစ် မတွေးမြင်ကြတော့ပဲ အပြန်အလှန်ထိန်းညှိဆောင်ရွက်နိုင်ကြောင်း အသိအမှတ်ပြုလာကြပါသည်။

ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အခြေခံ လိုအပ်ချက်မှာ ကာကွယ်ထိန်းသိမ်းရေး ရည်မှန်းချက်အတွက် လုံလောက်ကျယ်ပြန့်သည့် လူသူအနှောင့်အယှက်ကင်းသော သစ်တောဧရိယာကို သဘာဝထိန်းသိမ်းရေးနယ်မြေ (Protected Area)အဖြစ် ဥပဒေအရ တရားဝင်သတ်မှတ်ရမည်ဖြစ်ပြီး ယင်းနယ်မြေနှင့်ဆက်စပ်နေသည့် သစ်အထုတ်လွန်ဧရိယာများတွင် သစ်တောဖုံးအုပ်မှုကို ထိန်းသိမ်းထားနိုင်ပါက ကြားခံနယ်မြေအဖြစ် သတ်မှတ်ဖော်ပြရန်ဖြစ်ပါသည်။ ကြားခံနယ်မြေအတွင်းတွင် မိရိုးဖလာသစ်ထုတ်လုပ်မှုကို တင်းတင်းကျပ်ကျပ်တားမြစ်ခြင်းထက် လက်တွေ့ကျသော ပြဋ္ဌာန်းချက်များဖြင့် သစ်ထုတ်လုပ်မှုပြုခြင်းက ပို၍အကျိုးများစေနိုင်ပါသည်။ အဖိုးတန်သစ်များကို ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျထုတ်လုပ်ခွင့်ပြုသည့် စီမံအုပ်ချုပ်မှုစနစ်သည်သာ ကျယ်ပြောသည့်ဧရိယာပေါ်တွင် သစ်တောများရေရှည်တည်တံ့နေအောင်စွမ်းဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ လမ်းညွှန်ချက်များကို အခြေခံမူများအဖြစ် လက်ခံကျင့်သုံး၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၇။ သစ်ထုတ်လုပ်မှုကို သဘာဝသစ်တောစီမံ အုပ်ချုပ်မှုအပေါ်တွင်သာ အခြေပြုသင့်ပါသည်။

သဘာဝနယ်မြေများ၏ကြားခံနယ်မြေများတွင် သစ်တောစီမံအုပ်ချုပ်မှု၏ရည်ရွယ်ချက်မှာ သစ်တောသယံဇာတများကို ရေရှည်တည်တံ့အောင် ဂေဟဗေဒဆိုင်ရာအခြေခံမူများကိုအခြေခံ၍ ထိန်းသိမ်းရန်ပင်ဖြစ်ပါသည်။ သဘာဝသစ်တောစီမံအုပ်ချုပ်မှုစနစ်သည် အဖိုးတန်သစ်များ၏ ပြန်လည်မျိုးဆက်ပွားမှုကို တိုးပွားစေသည့်နည်းစနစ်များအပေါ် အခြေခံပါသည်။ ကြားခံနယ်မြေအတွင်းတွင် သစ်ထုတ်လုပ်မှုကို သဘာဝသစ်တောစီမံအုပ်ချုပ်မှုအပေါ် အခြေပြု၍ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ အခြေအနေငါးရပ်ကို အလေးဂရုပြု ဆောင်ရွက်ရပါမည်။

သဘာဝသစ်တောစီမံအုပ်ချုပ်မှုစနစ်

(က) သစ်ထုတ်လုပ်မှုကြောင့် သစ်တောဖုံးအုပ်မှုကို အလွန်အကျွံလျော့ပါးမှုမဖြစ်စေရပါ။

(ခ) သစ်ထုတ်လုပ်မှုကြောင့် တော၏သဘာဝဖွဲ့စည်း တည်ဆောက်မှု(Structural composition)ကို ပြန်လည်ထိန်းသိမ်းနိုင်သည့်စွမ်းအားကို ထိခိုက်မှုမဖြစ်စေရပါ။

(ဂ) သစ်ထုတ်လုပ်မှုလုပ်ငန်းများသည် သဘာဝပတ်ဝန်း ကျင်နှင့် လူမှုရေးဆိုင်ရာထိခိုက်ပျက်စီးမှုမဖြစ်စေရပါ။

(ဃ) သစ်ထုတ်လုပ်သည့် နည်းလမ်းသည် အဖိုးတန်သစ်မျိုး များမျိုးဆက်မှုကို အထောက်အကူပြုရပါမည်။

(င) သစ်ထုတ်လုပ်မှုပမာဏသည် တော၏မှန်တမ်းတော ထွက်(Sustained yield)ပမာဏထက်မကျော်စေရပါ။

၈။ ဒေသသုံးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ရန်လိုအပ်ပါသည်။

- အချို့သောအခြေအနေများတွင် ဒေသသုံးအတွက် သစ်တောစိုက်ခင်းငယ်များ တည်ထောင်ခွင့်ပြုရန် လိုအပ်သကဲ့သို့ တည်ထောင်ခွင့်လည်းပြုသင့်ပါသည်။ သို့သော် တတ်နိုင်သလောက် ဒေသခံသစ်မျိုးကိုသာ အသုံးပြု တည်ထောင်စိုက်ပျိုးရန်ဖြစ်ပါသည်။ သဘာဝ

နယ်မြေများ၏ ဆက်စပ်ဧရိယာများတွင် ကြားခံနယ်မြေအဖြစ် ဖြည့်စွမ်းပေးရန် ဒေသသုံးထင်း၊ သစ်နှင့် ကြိမ်စိုက်ခင်းများ တည်ထောင်ခြင်းသည် ခွင့်ပြုသင့်သည့်လုပ်ငန်းများဖြစ်ပါသည်။

- ကြားခံနယ်မြေအတွင်း ဒေသမျိုးကိုအသုံးပြု၍ သစ်တောစိုက်ခင်းများစနစ်တကျ တည်ထောင်ပေးခြင်းအားဖြင့် သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာပြီး နေရင်းဒေသ(Habitat)များ ဖန်တီးပေးသကဲ့သို့ ဖြစ်ကာ အခြားသစ်တောထွက်ပစ္စည်းများနှင့် တောရိုင်းတိရစ္ဆာန်ပေါကြွယ်ဝမှုကိုလည်း အထောက်အကူဖြစ်စေပါမည်။ သို့သော် သစ်တစ်မျိုးတစ်မျိုးတည်း စိုက်ပျိုးသည့်စိုက်ခင်းများကို တောများပျက်စီးပြုန်းတီးသွားပြီဖြစ်သည့်နေရာများတွင်သာ ဆောင်ရွက်သင့်ပါသည်။ အတန်းအစားကျဆင်းနေသည့် တောမျိုးတွင် တန်ဖိုးမြှင့်စိုက်ပျိုးခြင်း(Enrichment planting) သို့မဟုတ် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း(Gap planting) သာ ဆောင်ရွက်သင့်ပါသည်။ ဒေသသစ်မျိုးကို စိုက်ပျိုးသည်ဆိုသော်လည်း သစ်မျိုးတစ်မျိုးတည်းကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးပါက ဂေဟစနစ်၏ ဟန်ချက်ကို တိမ်းစောင်းစေနိုင်ပြီး ရောဂါပိုးမွှားဖျက်ဆီးမှု အန္တရာယ်ကြီးမားစေနိုင်ကြောင်း သတိပြုရန် အထူးလိုအပ်ပါသည်။ ထို့အတူ စိုက်ခင်းငယ်များကို ပြည်ပမှ တင်သွင်းလာသည့် သစ်မျိုးများဖြင့် စိုက်ပျိုး တည်ထောင်ခြင်းသည် အချို့သောအခြေအနေများတွင် အကျိုးများတတ်သည်ကိုလည်းတွေ့ရပါသည်။ လူနေလွန်စွာ ထူထပ်သည့်ဧရိယာများတွင် အဆိုပါ စိုက်ခင်းများကို တည်ထောင်ပေးခြင်းအားဖြင့် ဒေသသုံးသစ်များ ရရှိနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း တိုးပွားခြင်း၊ သဘာဝသစ်တောများအား ကာကွယ်ပေးခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ ဥပမာ- ရုမ်ဒါနိုင်ငံ၌ သဘာဝတောပတ်ဝန်းကျင်တွင် ယူကလစ်နှင့်အခြားအကြီးမြန်သစ်မျိုးများကို ကြားခံနယ်မြေအဖြစ် ဝန်းပတ်စိုက်ပျိုးခြင်းကြောင့် တရားမဝင် ခုတ်လှဲထုတ်လုပ်မှုနှင့် ကျူးကျော်ဝင်ရောက်မှုကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ကြောင်း လေ့လာသိရှိရပါသည်။ သဘာဝတောပတ်လည်တွင် ဒေသသုံး စက်မှုကုန်ကြမ်းစိုက်ခင်းများ တည်ထောင်ပေးခြင်းဖြင့် အဆိုပါ သဘာဝတောများ ကာကွယ်ထိန်းသိမ်းရေး ကြိုးပမ်းမှုကို အားဖြည့်ပေးနိုင်ခဲ့ကြောင်း ကင်ညာနိုင်ငံတွင်လည်း သာဓကရှိခဲ့ပါသည်။

- ဒေသတွင်း သစ်ပင်စိုက်ပျိုးရေးကို ဒေသ၏သစ်တော သစ်ပင်စီမံအုပ်ချုပ်မှု အလေ့အထအပေါ် အခြေခံရပါမည်။ သီးနှံသစ်တောရောနှော စိုက်ပျိုးမှု (Agroforestry)ကို တတ်စွမ်းသလောက် အားပေးအားမြှောက်ပြုသင့်ပါသည်။ သို့သော်လည်း သစ်ပင်သစ်တော ထူထပ်ကောင်းမွန်သေးသည့်ဒေသများတွင်သဘာဝသယံဇာတများကို အလျှံပယ်ရနိုင်သေးသဖြင့် သစ်ပင် သစ်တောထိန်းသိမ်းမှု မိရိုးဖလာအစဉ်အလာ အတိအကျမရှိတတ်ကြပါ။ ထိုကဲ့သို့သောဒေသများတွင် တောထဲမှ လွန်လွန်ကျူးကျူးထုတ်ယူသုံးစွဲသည့် သစ်မျိုးများကို ကာမိစေရန်အတွက် ကြားခံနယ်မြေများအတွင်းတွင် ပြန်လည်စိုက်ပျိုးသင့်ပါသည်။

၉။ ကြားခံနယ်မြေအတွင်းတွင် အပြောင်းရွှင်းလင်းခြင်းနှင့် စီးပွားရေးစိုက်ခင်းများတည်ထောင်မှုကိုရှောင်ရှားရပါမည်။

- ကြားခံနယ်မြေအတွင်းမှသစ်ထုတ်လုပ်မှုသည် ဒေသသုံးသစ်အတွက်သာဖြစ်သင့်ပါသည်။ သို့သော် စီးပွားဖြစ် သစ်တောလုပ်ငန်းဆောင်ရွက်နေပြီးဖြစ်ပါက သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုအနည်းပါးဆုံးဖြစ်စေရန် စီမံအုပ်ချုပ်ရမည်ဖြစ်ပါသည်။ စီးပွားဖြစ်သစ် ထုတ်လုပ်မှုအတိုင်းအဆပေါ်မူတည်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုဖြစ်စေသည့်အလျောက် အဖိုးတန်သစ်ပမာဏနည်းနည်းပါးပါးကိုသာ ရွေးချယ်ခုတ်လှဲခွင့်ပြုသင့်ပြီး အပြောင်ခုတ်လှဲ၍ စီးပွားရေးသစ်တောစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်မှုကိုမူ ခွင့်မပြုအပ်ပေ။ သစ်မျိုးတစ်မျိုးတည်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသည့် စီးပွားရေးသစ်တောစိုက်ခင်းတည်ထောင်မှုသည် သဘာဝထိန်းသိမ်းရေးနယ်မြေ၏ ကြားခံနယ်မြေများတွင် သင့်တော်သည့် မြေယာအသုံးချမှုတစ်ရပ်မဟုတ်ပါ။ ဤသို့တည်ထောင်ခြင်းဖြင့် တည်ရှိနေသည့် သဘာဝသစ်တော၏ အနှစ်သာရကို ထိခိုက်စေမည်ဖြစ်ပါသည်။ ထို့အပြင် စီးပွားရေးစိုက်ခင်း တည်ထောင်မှုတွင် ရှိနိုင်သည့် ဓာတ်မြေဩဇာများနှင့် စက်ကိရိယာများအသုံးပြုမှုများသည် မြေဆီလွှာကို ထိခိုက်မှုများစွာဖြစ်စေနိုင်ပါသည်။ ထို့အတူ ပိုးသတ်ဆေးများအသုံးပြုမှုကြောင့်လည်း နီးစပ်ရာသစ်တောများအတွင်းရှိ မျိုးစိတ်ပေါကြွယ်ဝမှုကို အန္တရာယ်ပြုနိုင်ပါသည်။

**ကျမ်းကိုး**

Oldfields,(1988). Buffer Zone Management in Tropical Moist Forests: Case studies and guildines. Tropi-



ကြားခံနယ်မြေတစ်ခုဖြစ်သော ရွှေစက်တော်အေးမဲ့တော



# သင်တန်းတက်ဖို့ တူပျော်ပျော်ဘာလီကျွန်းကို သွားစို့နော်(၃)

ဒေါ်မြင့်မြင့်စန်း၊ လက်ထောက်သုတေသနအရာရှိ၊ သစ်တောသုတေသနဌာန

သင်တန်းမှာ ရေညှိရေမှော်ပင်တွေရဲ့အပင် အမည်တွေကိုလည်း ပုံနဲ့တကွပြောပြပါတယ်။ *Leucobryum* ကိုအဖြူရောင်ရေညှိပင်(white Moss)၊ *Bryum* ကို နှင်းဆီပန်းနဲ့တူတဲ့ရေညှိပင်(a rose like moss)၊ *Hypopterygium* ကို ယပ်တောင်နဲ့တူတဲ့ရေညှိပင် (a fan shade moss) *Hypodendron* ကို သစ်ပင်နဲ့တူတဲ့ရေညှိပင် (a tree like moss)၊*Thuidium* ကိုငှက်မွေးနဲ့ တူတဲ့ရေညှိပင် (a feather like moss)၊ *Plagiominum* ကို သစ်တောများရဲ့ အောက်ဘက်ကြမ်းပြင်မှာ တွားသွားနေတဲ့ရေညှိပင်(a common forest floor creeping moss) ဟုခေါ်ကြောင်း ရှင်းပြပါတယ်။နောက်ပြီး Thalloid liverworts or hepatics တွေဖြစ်တဲ့ *Marchantia* ကိုရောထွေးတဲ့ရေညှိပင် (a complex thalloid liverwort)၊တစ်ခါ *Marchantia* အပင်ရဲ့ အဖို၊ အမပင်တွေ၊ (Male and female plants)၊ *Dumortiera* မျိုးစိတ်ကို လမ်းဘေးတွေမှာတွေ့ရတဲ့ ရေညှိပင် ( a common road bank thalloid liverwort)၊ *Cyathodium* မျိုးစိတ်ကိုမြေပြင်ပေါ်မှာ တောက်ပစွာ တွေ့ရတဲ့ ရေညှိပင် (a shining thalloid liverwort on soil)၊ သစ်ပင်ရဲ့ပင်စည်ပုံရှိပြီး အရွက်နဲ့တူတဲ့ ရေညှိပင်မျိုးစိတ် *Frullania , Pleurozia gigantea* မျိုးစိတ်ကိုတော့ အနီရောင်အရွက်နဲ့တူပြီး ကိုင်းဖြာနေတဲ့ ရေညှိပင် (a branch epiphytic reddish leafy liverwort) တွေ အကြောင်းကို စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။ ကင်မရာ ကောင်းကောင်းနဲ့ရိုက်ထားတာမို့ ပုံတွေဟာ ရှင်းလင်းလှပါတယ်။

တစ်ဆက်တည်း အရွက်နဲ့တူတဲ့ Liverworts ရေညှိပင်တစ်ပင်ကို ဘယ်လိုမျိုးခွဲခြားမလဲတဲ့။ ဘေးဘက်ကအရွက်တွေဟာအတန်းနှစ်တန်းရှိကြောင်းနဲ့အရွက်ရဲ့ဆဲလ်တွေမှာ အဆီ ပါဝင်ကြောင်းပုံနဲ့သင်ပေးပါတယ်။ အဲဒီနောက်ဂျိုလေးတွေ ထောင်နေတဲ့ပုံရှိတဲ့ hornworts အပင်တွေရဲ့ ဆဲလ်ထဲမှာ ကလိုရိုပလတ်တစ်ခုတည်းသာရှိကြောင်း စတဲ့ မျိုးခွဲခြားနိုင်တဲ့အချက်တွေကိုလည်းသင်ပေးပါတယ်။ ပြီးတော့ ဘယ်နေရာတွေမှာ တွေ့နိုင်သလဲဆိုတဲ့ ခေါင်းစဉ်မှာတော့၊ Peat moss (*Sphagnum*) တွေကို ရေကန်ကြီးတွေရဲ့ မျက်နှာပြင်ပေါ်မှာ တွေ့နိုင်ကြောင်း၊ Hanging bryophyte plants ပင်တွေဟာ အပူပိုင်းဒေသက စိုစွတ်တဲ့ မိုးသစ်တောတွေထဲမှာ သစ်ကိုင်းတွေပေါ်ကနေ တွဲလောင်းကျနေတတ်ပါတယ်။ ဒီရေညှိရေမှော်ပင်တွေဟာ ရေကို ထိန်းသိမ်းပေးသလို မြေဆီလွှာကို ရေ လေတိုက်စားခံရခြင်းမှလည်း ကာကွယ်ပေးပါတယ်။ ဒါ့အပြင် တိရစ္ဆာန်တွေအတွက်လည်း နေစရာနဲ့စားစရာကို စီမံပေးသလိုဖြစ်ပြီး သစ်တောတွေရဲ့ ဂေဟစနစ်ကိုလည်းအစာအာဟာရ ပြန်လည်ပေးစွမ်းနိုင်တဲ့ အပင်တွေဖြစ်တာကြောင့် အကျိုးကျေးဇူးများတဲ့ အပင်တွေလို့ပြောလို့ရပါတယ်။ တရုတ်နိုင်ငံ၊ စီချွမ်ပြည်နယ်က pheasant bird ငှက်အမျိုးအစားဟာ ဒီရေညှိရေမှော်ပင်တွေကို အစားအစာအဖြစ် စားသုံးကြောင်း သင်ကြားပေးပါတယ်။ ညနေ၅နာရီမှာတော့ ဟိုတယ်ကိုပြန်ဖို့ပါတယ်။ ညစာကတော့ မိမိအစီအစဉ်ဖြစ်တာကြောင့် ဆာလည်း မဆာတာမို့ပါလာတဲ့ မုန့်နဲ့ကော်ဖီကိုသောက်ကာ အပြင်ဘက်ထွက်ပြီး လမ်းလျှောက်ကြပါတယ်။ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နဲ့ စက်ာပူကသင်တန်းသားတွေကတော့ နည်းနည်းလေး အချိန်ရသခိုက်မှာ ကျွန်းပတ်ပတ်လည်က လည်စရာကောင်းတဲ့ နေရာတွေ မှန်သမျှကို မိုးချုပ်လည်း သွားလည်ကြပါတယ်။ စာရေးသူတို့နဲ့ ထိုင်းနှစ်နိုင်ငံက Mr. Kittipon တို့နှစ်ဦးကတော့ ညဘက်အပြင်မထွက်ပါဘူး။ မိုးကလည်း ညတိုင်း ကြောက်စရာကောင်းအောင် မြည်ဟီးပြီး ရွာနေတာမို့ မသွားဖြစ်တာလည်းပါပါတယ်။ ညမှာ သင်ခန်းစာတွေ

ကအသစ်မို့ ခဏသာနားပြီး မှတ်စုကို ပြန်ဖတ်ရပါတယ်။ အပင်အမည်တွေက ချက်ချင်းမကျက်နိုင်တာမို့ ခုခေါက် လောက်ဖတ်ပြီး အိပ်ရာဝင်ခဲ့ပါတယ်။

နောက်တစ်နေ့မှာတော့ နံနက်အစာအဖြစ် ထမင်း ကြော်နဲ့ အာလူးကြော်၊ ကြက်ဥကြော်ကိုပဲစားပြီး ကော်ဖီ သောက်ကြပါတယ်။ နံနက်၈နာရီမှာ ကားရောက်လာလို့ ကျောင်းကို ထွက်ခဲ့ကြပါတယ်။ အဲဒီအချိန်က ဘာလီပြည်သူ တွေအတွက် ရုံးချိန်မို့ ဆိုင်ကယ်တွေက လမ်းပေါ်မှာ အပြည့် ပါဘဲ။ ကားလမ်းကကျဉ်းပြီး အလုအယက်မောင်းနေတာ ကြောင့် စာရေးသူတို့ စီးလာတဲ့ကားက ဖြေးဖြေးမှန်မှန် မောင်းနေရပါတယ်။ကားပေါ်က သင်တန်းသားတွေက တော့ လမ်းဘေးဘက်က ရှုခင်းကိုကြည့်ပြီး တစ်ယောက်နဲ့ တစ်ယောက် ပြောကြ စကြနဲ့နေကြပါတယ်။ အချို့ကလည်း ကားပေါ်မှာဖွင့်ထားတဲ့ အင်္ဂလိပ်သီချင်းတွေကို လိုက်ဆိုကြ ပါတယ်။ ကားဆရာကြီးကတော့ တပြုံးပြုံးနဲ့ပေါ့။ သင်တန်း သားတွေကငယ်လည်းငယ် တော်လည်းတော်ကြပါတယ်။ ကျောင်းကိုရောက်တော Dr. Ho Boon u bryophyte တွေကို ကောက်ယူစုဆောင်းပုံနဲ့ မျိုးခွဲခြားပုံတွေကို စာရေး သူတို့ရှိနေတဲ့ ကျောင်းဝင်းထဲမှာ လက်တွေ့သင်ပါတယ်။ မကောက်ယူမီ အိတ်ပြုလုပ်ပုံကို စာရွက်နဲ့ပြုလုပ်ပြပါတယ်။ အလျား၊အနံ သေချာပြပြီးတာနဲ့ စာရေးသူတို့က စာရွက်ကို ချိုးကြပါတယ်။ စာအိတ်ရပြီးရင် စာအိတ်ပေါ်မှာ ဘယ်လို ရေးရမလဲဆိုတဲ့ အချက်တွေနဲ့ အပင်စုတဲ့ အခါ ပါဝင်ရမယ့် ပစ္စည်းတွေကိုလည်း ပြသပြီးသင်ပေးပါတယ်။ ပြီးတာနဲ့ အဖွဲ့တွေခွဲပြီး moss တွေကို ဇာဂနာအသေးလေးတွေနဲ့ ရေကန်နား၊ အပင်ကြီးတွေအပေါ်နဲ့ မြက်ခင်းတွေ အကြား မှာ လိုက်ပြီးရှာကြပါတယ်။တွေ့ရင်စာအိတ်ထဲ ကောက်ထည့် ပြီး ဆရာ့အနားမှာ မျိုးစိတ်အမည်ကို မေးကြပါတယ်။ ပြီးတာ နဲ့အပေါ်ထပ်က အခန်းတစ်ခန်းကို ခေါ်သွားပါတယ်။ မိုက် ကရိုစကုပ်တွေထားတဲ့ အခန်းဖြစ်ပြီး စာရေးသူတို့ သင်တန်း သားတွေကို လေးယောက်တစ်ဖွဲ့ကို မိုက်ကရိုစကုပ် တစ်လုံးစီ ရှေ့မှာစုခိုင်းပါတယ်။ ပါလာတဲ့ အပင်နမူနာတွေကို စားပွဲ ပေါ်မှာတင်ခိုင်းပြီး ရေစုပ်အောင်နဲ့ ခြောက်အောင် စာအိတ် နဲ့ဖိခိုင်းပြီး ခဏနေမှ တစ်ပင်ချင်းကို မိုက်ကရိုစကုပ် အောက် ထည့်ပြီး ကြည့်ခိုင်းပါတယ်။ အရွက်တွေရဲ့ အနားတွေမှာရှိတဲ့ ဆဲလ်တွေ၊ အရောင်၊ အရွယ်အစားတွေပါ။ အဲဒီလိုဆိုတော့ လည်း လွယ်လွယ်လေးပါလားလို့ တွေးမိပါတယ်။ တစ်ပင် ပြီးတစ်ပင်ကြည့်ရင်းနဲ့ သူတို့ရဲ့ကွဲပြားခြားနားပုံတွေကို သိလာ ရပါတယ်။ ကိုယ့်အဖွဲ့ကြည့်ပြီးရင်တော့ အခြားအဖွဲ့နဲ့လဲ ကြည့်ခိုင်းပါတယ်။ ကျမ်းကိုးအနေနဲ့လည်း Java, China, SE Asia က စာအုပ်တွေကိုချထားပေးပါတယ်။

ဒီသင်ခန်းစာ တစ်ခုတည်းနဲ့ နံနက်တစ်ပိုင်း ကုန် သွားပြီး နေ့လယ်စာစားချိန် ရောက်လာတာမို့ အောက်ထပ် ဆင်း၊ နေ့လယ်စာ စားကြပါတော့တယ်။ ဟင်းတွေကတော့ အရမ်းကောင်းပါတယ်။ မြန်မာနိုင်ငံရဲ့ အစားအစာချက် ပြုတ်ပုံနဲ့တူတာမို့ မစားနိုင်စရာမရှိပါဘူး။ အချိုပွဲကလည်း အအီပြေအချိုအသီးတွေမို့ အနေတော်ပါဘဲ။ သူတို့နိုင်ငံ မှာက နိုဝင်ဘာလ ကုန်ကာဘဲရှိပေမဲ့ သရက်သီးတွေ လှိုင် လှိုင်ပေါ်နေပါပြီ။ အီကွေတာအောက်မှာမို့ စောသီးတယ် ထင်ပါတယ်။ နောက်ပြီး ပိန္နဲသီးလည်း အလွန်ပေါပါတယ်။ နေ့လယ်စာစားပြီးတော့ တိုကျိုတက္ကသိုလ်က ဆရာမ Junko Kawai က moss တွေရဲ့ ဇီဇမျိုးရိုးဆိုင်တာတွေကို သင်ကြား ပါတယ်။ နေ့လယ်စာ အများကြီးစားမိတဲ့ သင်တန်းသား အချို့ကတော့ မျက်တောင်စင်းပြီး အိပ်ငိုက်နေကြပုံကို ဘရူနိုင်းသင်တန်းသားက ဖုန်းနဲ့ဓာတ်ပုံလိုက်ရိုက်နေကြပါ တယ်။ သိတဲ့သူက ပြုံးပြီး မသိတဲ့လူကတော့ ပါသွားတာပေါ့။ ဆရာမကလည်း စာသင်တာက စိတ်ဝင်စားစရာ မကောင်း တဲ့အပြင် သင်တဲ့ဘာသာကလည်း မော်လီကျူး၊ ဂျင်းဗီဇ တွေမို့ အိပ်ငိုက်တာထင်ပါတယ်။ သင်ပြီးတော့ မေးခွန်း နည်းနည်းပဲ မေးပြီးပြီးသွားပါတယ်။ နိုင်ငံတိုင်းမှာ မိမိတတ် ထားတာကို တစ်ပါးသူ နားလည်အောင် မရှင်းပြနိုင်တဲ့ ဆရာ၊ ဆရာမတွေ အများကြီးရှိတာ တွေ့ရပါတယ်။

နောက်တစ်ချိန်ကတော့ East and Southeast Asia Biodiversity Information Initiative (ESAII)အကြောင်းသင်ကြားပေးပါတယ်။ ဒီအဖွဲ့ကတော့ ဇီဝမျိုးစုံမျိုးကွဲတွေရဲ့အချက်အလက်တွေကိုဖွံ့ဖြိုးတိုးတက်ဖို့ နဲ့၊ မျိုးခွဲခြားခြင်းဆိုင်ရာ အရည်အသွေးများ တိုးမြှင့်လာဖို့ ရည်ရွယ်ပါတယ်။ အဖွဲ့ဝင်တွေကတော့ အာဆီယံနိုင်ငံတွေ



Moss cell



Liverwaort cell



Horn cell

ပဲဖြစ်ပါတယ်။ JAIF- ESAII အဖွဲ့ဟာ ၂၀၁၀ခုနှစ်ကနေ ၂၀၁၅ခုနှစ်အထိ အာဆီယံနိုင်ငံတွေက သင်တန်းသားတွေကို ခေါ်ယူပြီး မတူကွဲပြားတဲ့ ဘာသာရပ်တွေနဲ့ သင်ကြားပို့ချပေးပုံ၊ ဇီဝမျိုးစုံမျိုးကွဲတွေရဲ့ အချက်အလက်တွေကို ကြည့်ရှုနိုင်တဲ့ website တွေမျှဝေပေးခဲ့ပုံတွေကို ရှင်းပြပါတယ်။ အဲဒီနောက် ဆရာ Jerome S.J. Alano က Mapping Aspect of Biodiversity Assessment ခေါင်းစဉ်ကို သင်ကြားပါတယ်။ မြေပုံမှာ အချက်အလက်ထည့်သွင်းရာမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေဖြစ်တဲ့ ကျွမ်းကျင်မှု၊ ငွေကြေးအထောက်အပံ့နဲ့ လိုအပ်သောပစ္စည်းကိရိယာကို ရှင်းပြပါတယ်။ smart phones နဲ့ capturing, recording GPS data, Geographic coordinates တွေဖြစ်တဲ့ ( Park boundary, Name of forest, Name of river, Village, Mountain ,Province) စတာတွေမှာ အမှန်တကယ် အသုံးပြုနိုင်ပုံကို သင်ကြားပါတယ်။ နောက်ပြီး GPS ဆိုတာ ဘာလဲ၊ ဘယ်လိုအသုံးပြုမလဲ၊ GPS ကို ဘယ်ကနေသွားမလဲဆိုတာတွေကို satellite ပုံတွေက တစ်ဆင့်သင်ပေးပါတယ်။ သင်ကြားတာက မြန်နေတော့ သေချာလိုက်မှတ်ရပါတယ်။ Android Phone နဲ့ iPhone ကနေ GPS ကို ရှာဖွေနည်းကိုလည်း ရှင်းပြသလို၊ point တွေဖြစ်တဲ့ XY ဝင်ရိုးယူ နည်းတွေနဲ့ GeoCommons (www.geocommons.com) လို့ခေါ်တဲ့ မိမိရောက်ရှိရာနေရာကို ကြည့်နိုင်တဲ့ နည်းတွေကိုလည်း သင်ကြားပေးပါတယ်။ စာရေးသူအဖို့တော့ ကျယ်ပြောတဲ့ပညာ ပင်လယ်ထဲရောက်နေသလိုပါဘဲ။ ဆည်းပူးလို့ မကုန်နိုင်အောင် များပြားလှပါတယ်။



ပစ္စည်းတစ်ခု ဝယ်ခါနီးရင်
"ဒါကို ငါ တကယ် လိုရဲ့လား" လို့
ကိုယ့်ကိုကိုယ် မေးကြည့်ပါ။

APK

# သစ်တောသမား သစ်တောသမား



ကာကီရောင်ဝတ် ကမ္ဘာသစ်ပို့
တို့အင်တို့အား စိတ်မှာထားလို့
ဝန်းကျင်လှရေး တို့တွေတွေးကာ
လုပ်ဆောင်မှာ။

ညို့မှိုင်းတောတန်း အစဉ်လန်းရေး
ကာကွယ်ပေးမို့
လောဘရမ္မက် တောကိုဖျက်သူ
အို---ရန်သူလဲ
မရှိကင်းဝေး ပပျောက်ရေး
ဒီတောကိုပြတ် ဒီတောင်တက်ရင်း
ထမ်းဆောင်နေမှာ အမြဲသာ။

စက်ခဲတောင်ကတုံး တောင်တက်ထုံးမြဲ
တာဝန်ထဲဝယ်
ပြုံးပျော်လူထု အစုစုနဲ့
မြေသားစိုစိုက် သစ်ပင်စိုက်ရင်း
ဝန်တာတွေထမ်း စိတ်ရွှင်လန်းလို့
ပြုံးပျော်နေတာ အစဉ်သာ။

နိုင်ငံ့ဝင်ငွေ တိုးပွားစေမို့
ထမ်းရွက်နေမှာ ပြည့်ဝန်တာ

အလင်းရောင်

# မြစ်ဝကျွန်းပေါ်ဒေသမှ သီးနှံသစ်တောစနစ်

ခင်သီတာထွန်း(၂၀၀၁)

မြန်မာနိုင်ငံတွင် သစ်တောဦးစီးဌာန၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ(၁၉၉၅) သည် ဒေသခံပြည်သူများက သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့အတွက် အနှစ်သုံးဆယ် မြေအသုံးချ အုပ်ချုပ်လုပ်ကိုင်ခွင့်အား စီစဉ်ပံ့ပိုးပေးထားခြင်းဖြစ်ပါသည်။

သီးနှံသစ်တောရောနှောစနစ်သည် သစ်တောပင်များ၊ ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံပင်များ (သို့မဟုတ်) သစ်တောပင်များ၊ သီးနှံပင်များနှင့် တိရစ္ဆာန်များ ရောနှောပေါင်းစပ်၍ မွေးမြူစိုက်ပျိုးသော စနစ်တစ်ခုဖြစ်သည်။ တစ်နည်းအားဖြင့် သစ်တော၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ အရင်းအမြစ်များကို အသုံးပြု၍ ပေါင်းစပ်စီမံအုပ်ချုပ်သော မြေအသုံးချမှုတစ်ရပ်ပင် ဖြစ်ပါသည်။ သီအိုရီအရ သီးနှံသစ်တောရောနှောစိုက်ပျိုးသည့်ပုံစံများစွာရှိနေပြီး ဒေသခံပြည်သူတို့မှလည်း ရေမြေသဘာဝအလျောက် ကိုက်ညီသည့် နည်းစနစ်များဖြင့် ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဒေသခံပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမှုနှင့် သီးနှံသစ်တောစိုက်ပျိုးမှုပုံစံများအား သုတေသနပြု လေ့လာတွေ့ရှိချက်များအပေါ် စုစည်းတင်ပြလိုက်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးလက်နေပြည်သူများသည် ၎င်းတို့၏စားဝတ်နေရေးအတွက် သဘာဝဒီရေတောများအပေါ် မှီခိုလျက်ရှိပြီး သဲသောင်ခုံများ ပေါများသည့်အလျောက် အဓိကအားဖြင့် မိရိုးဖလာဥယျာဉ်ခြံစိုက်ပျိုးခြင်း( Traditional Home Garden)၊ လယ်ယာစိုက်ပျိုးခြင်းနှင့် ဓနိခြံလုပ်ငန်း၊ မြစ်ချောင်းများအတွင်း ငါး၊ ပုစွန်ဖမ်းခြင်းတို့အပြင် အစိုးရနှင့် အခြားသော NGO အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်မွေးမြူခြင်း စသည်တို့လည်း လုပ်ကိုင်လျက်ရှိကြသည်။

အဆိုပါဒေသမှ ကျေးရွာနေ လူထုအများစုသည် မြေယာမဲ့ လက်လုပ်လက်စားများဖြစ်ကြ၍ ဒေသခံအချင်းချင်းလူမှုရေးအရခင်မင်မှုကြောင့် သော်လည်းကောင်း၊ ဆွေမျိုးတော်စပ်၍သော်လည်းကောင်း ဥယျာဉ်ခြံပိုင်းတစ်ခု အတွင်း စုပေါင်းနေထိုင်လေ့ရှိကြပြီး ဥယျာဉ်ခြံ စိုက်ပျိုးခြင်း၊ ဒီရေတောပိုင်ဆိုင်သူများထံမှ ထင်းရှာခွင့်၊ ကဏန်း၊ ပုစွန်၊ ငါးရှာ ခွင့်များ ရရှိကြခြင်း အထူးသဖြင့် ဒေသခံအမျိုးသမီးများသည် ဥယျာဉ်ခြံနှင့်ပျိုးဥယျာဉ်လုပ်ငန်း၊ ဓနိခြံလုပ်ငန်းများတွင် အဓိကလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းမှုပြုကြသည်။

ပြည်တွင်း NGO အဖွဲ့များမှလည်း ကျေးလက်ပြည်သူတို့၏ စားဝတ်နေရေးများ ပိုမိုအဆင်ပြေစေရန် ငွေကြေး၊ နည်းပညာအထောက်အပံ့များ၊ လုပ်ကွက်ကိရိယာများ ပံ့ပိုး၍ ငါး၊ ပုစွန်များ မွေးမြူစေခြင်း၊ ရေတိုဝင်ငွေရရှိနိုင်မည့် သီးနှံပင်များတိုးချဲ့စိုက်ပျိုးစေခြင်း စသည့်နည်းလမ်းသစ်များဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဒေသတွင် ပြည်တွင်း NGOအဖွဲ့တစ်ခုဖြစ်သော သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) လက်အောက်ခံ စီမံကိန်းငယ်တစ်ခုဖြစ်သော EEP ၏နောက်ဆက်တွဲ Agro-Aqua-Forestry, A.F.P ခေါ် သီးနှံသားငါးသစ်တောဝင်ငွေတိုး စီမံကိန်းမှ ကျေးလက်ဒေသပြည်သူများ၏ အခြေခံ ဆင်းရဲနိမ့်ကျမှုများ လျော့နည်းစေရန်နှင့် ဝင်ငွေတိုးတက်ရရှိ စေရန် ၂၀၁၃ ခုနှစ်မှ စတင်ကာ အရှုပ်အရှင်းကင်းသည့် လယ်မြေမဟုတ်သော အခြားမြေပိုင်ရှိသူများ ပါဝင်လျက် ကျေးရွာကော်မတီအဖွဲ့နှင့်အတူ စီမံကိန်းမှအသင်းသား အဆိုပြုလွှာလက်ခံ၍ ကွင်းဆင်းစစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ ချေးငွေများထုတ်ချေးပေးခြင်း၊ လုပ်ကွက်များဖော်ထုတ်ခြင်း၊ လုပ်ကွက်ကိရိယာ တချို့ထုတ်ပေးခြင်း၊ ငါး၊ ကဏန်း၊ ငါးရှဉ့်ထည့်သွင်းရန် စီမံခြင်း၊ သစ်ပင်ပျိုးပင်များ၊ ရာသီမျိုးစေ့များ ဖြန့်ဝေခြင်းနှင့် သီးနှံသားငါး သစ်တောရောနှောသည့် နည်းလမ်းများ၊ ငါး၊ ကဏန်း မွေးမြူသည့် နည်းစနစ်များအား ငါးလုပ်ငန်း ပညာရှင်၊ စိုက်ပျိုးရေးပညာရှင်နှင့် သစ်တောဆိုင်ရာ ကွင်းလုပ်ငန်းကျွမ်းကျင်တို့ဖြင့် သင်တန်းပို့ချပေးခြင်း၊ လေ့လာရေး

ခရီးစဉ်များ သွားရောက်စေခြင်း၊ လုပ်ကွက်ပိုင်ရှင်များနှင့် အကြံပြု ဆွေးနွေးခြင်း၊ နည်းပညာပံ့ပိုးခြင်း၊ လုပ်ကွင်းလက်တွေ့သရုပ်ပြခြင်း၊ လစဉ်ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ထူးချွန် အောင်မြင်သည့် လုပ်ကွက်များအပေါ် အကဲဖြတ်၍ ဆုပေးသည့် စနစ်ကိုလည်း ဖော်ဆောင်ပေးထားသည်။

သီးနှံ့သားငါးသစ်တော စနစ်သည် ရာသီဥတုအခြေအနေ၊ မြေဆီလွှာနှင့်ရေ အရည်အသွေးတို့အပေါ် မှီတည်လျက်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သည့် နည်းလမ်းများ၊ လုပ်သားအင်အားများဖြင့် ရေရှည်ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသခံပြည်သူလူထုအများစုသည် ဒီရေတော (ဒေသခံ ပြည်သူအစုအဖွဲ့) ပိုင်ဆိုင်မှုအဖြစ် တစ်ဦးချင်း( individually) ပိုင်ဆိုင်လုပ်ကိုင်လျက်ရှိကြပြီး ဒီရေတောများအတွင်း ဥယျာဉ်ခြံစိုက်ပျိုးခြင်း၊ တာပတ်၍ ကဏန်းမွေးခြင်းတို့မှ ဝင်ငွေများရရှိနေသကဲ့သို့ A.F.P ၏ ထောက်ပံ့ပေးမှုများအပြင် ကိုယ်ပိုင် ငါးပုစွန်ကန်များ တိုးချဲ့နိုင်ခြင်း၊ လုပ်ကွက်ပစ္စည်းများ ထပ်မံဖြည့်တင်းနိုင် မှုများကိုလည်း လေ့လာတွေ့ရှိခဲ့ရသည်။ မိရိုးဖလာဥယျာဉ်ခြံ စိုက်ပျိုးခြင်း (Traditional Home Garden) ကြောင့် မိသားစုရေရှည်စားသုံးရန် အဓိကအားထားနိုင်ပြီး စိုက်ပျိုးရေး နှင့်မွေးမြူရေးယှဉ်တွဲသည့် Agrosilvicultural၊ Silvopastoral(သို့) Agrosilvopastoral စနစ်များမှ ဝင်ငွေများရရှိနေပါသည်။

သဲသောင်ခုံများ ပေါ်များသည့် မြစ်ဝကျွန်းပေါ်ဒေသ၏ မြေဆီလွှာ အခြေအနေသည် လက်ရှိ အချိန်ထိတိုင် ထွန်ယက်စိုက်ပျိုးနိုင်သောမြေအမျိုးအစား ဖြစ်၍ မိရိုးဖလာဥယျာဉ်ခြံများ ဖြစ်ထွန်း အောင်မြင်လျက်ရှိသည်။ ငါး၊ ပုစွန်၊ ကဏန်းများ ရောနှောမွေးမြူ၍ Modified




ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ သီးနှံသစ်တောစနစ်ပုံစံများ

Agroforestry System များ ကျင့်သုံးလုပ်ကိုင်လာသည့် denuded land များတွင် ရေအငန် ဓာတ်တိုးလာသော်လည်း ဥယျာဉ်ခြံမြေများတွင် သောက်ရေသုံးရေများ ရရှိ နိုင်သေးကြောင်း လေ့လာသိရှိခဲ့ရပါသည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အလျောက် ဥယျာဉ်ခြံများသည် လေကာတန်းသဖွယ် တည်ရှိနေခြင်း၊ denuded ဖြစ်နေသည့်နေရာများတွင် ငါး၊ ပုစွန်၊ ကဏန်းများမွေးမြူပြီး ကန်ဘောင်ပေါ်တွင် နှစ်ရှည်သီးနှံပင်များ၊ သစ်တောပင်များ စိုက်ပျိုးခြင်းစနစ်များကြောင့် မျက်စိပသာဒများ တိုးပွားလာစေပါသည်။ သို့ဖြစ်ရာ သီးနှံသစ်တောရောနှောစနစ်သည် ဒေသ၏ ဂေဟဗေဒ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာအပေါ် ရေရှည်တွင် အကျိုးဖြစ်ထွန်းစေနိုင်သကဲ့သို့ အစုအဖွဲ့ပိုင်သစ်တောများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည့် ထိရောက်သည့် နည်းလမ်းတစ်ခုလည်းဖြစ်ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ စတင်ဆောင်ရွက်ခဲ့သည့် သီးနှံသားငါးသစ်တောဝင်ငွေတိုးစီမံကိန်း (A.F.P)သည် သီးနှံသစ်တောစနစ်ပုံစံများစွာ ရှိသည့်အနက် ဒေသလိုအပ်ချက်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများအပေါ်



ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ သီးနှံသစ်တောစနစ်မှထွက်ကုန်များ



မျက်စိပသာဒ ဖြစ်စရာ ငါးကန်ရှုခင်းအလှ



ဥယျာဉ်ခြံအတွင်း နှစ်ရှည်သီးနှံကွမ်းသီးပင်များ စိုက်ပျိုးထားရှိမှု



ဥယျာဉ်ခြံအတွင်း ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှု



ဒီရေတောအတွင်း တာပတ်၍ ကဏန်းမွေးမြူခြင်း

အခြေခံ၍ လိုက်လျောညီထွေစွာ အကောင်အထည်ဖော်ဆောင်ခဲ့ပြီး Agrosilvicultural၊ Silvopastoral(သို့) Agrosilvo pastoral စနစ်များသည် ၎င်းဒေသအတွက် ကိုယ်စားပြုသည့် သရုပ်ပြကွက်ပုံစံအဖြစ် တည်ရှိနေပါသည်။ မြန်မာနိုင်ငံအတွင်း အခြားသောနေရာများတွင်လည်း ဒေသအလိုက်ကိုက်ညီစေမည့် နည်းစနစ်များ ဖော်ဆောင်၍ဒေသခံများ၏ လိုအပ်ချက်၊ ၎င်းတို့၏အတွေ့အကြုံနှင့် ဗဟုသုတများကို အခြေခံပေါင်းစပ်ကာ ဒေသခံပြည်သူများ ပိုမို၍ ပူးပေါင်းပါဝင်စေသည့် နည်းလမ်းများဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရပါမည်။

ထို့အပြင် သစ်တောကြိုးဝိုင်းများအတွင်း မြေအသုံးချမှု ပြောင်းလဲလာမှုနှင့် ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် အခြေပြု၍ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရာတွင် သီးနှံသစ်တောစနစ်များ (ယာစည်းရိုး ပတ်လည်၊ တန်းကြား၊ အကွက်လိုက်၊ ကွက်ပြည့်) စသည့် ပုံစံများ ထည့်သွင်းစိုက်ပျိုးလာပြီဖြစ်ရာ နိုင်ငံအတွင်း နေရာဒေသအလိုက် ကိုက်ညီစေမည့် စိုက်ပျိုးနည်းစနစ်ပုံစံများကို ထည့်သွင်းအသုံးပြု၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ သရုပ်ပြကွက်၊ စံပြစမ်းသပ်ကွက်များ ဖော်ဆောင်၍လည်း ဆောင်ရွက်သွားရပါမည်။

သို့ဖြစ်ရာ သီးနှံသစ်တောရောနှောစနစ်သည် တောပျက်များအား ပြန်လည်ထူထောင်နိုင်မည်ဖြစ်ပြီး မြေဆီလွှာမြေအရည်အသွေးတို့အား ပြန်လည်ထိန်းသိမ်းပေးနိုင်ခြင်း၊ ရိုးရာဒေသနည်းများ လေ့လာဖော်ထုတ်၍ စိုက်ပျိုးသူတောင်သူများအား ဒီဇိုင်းပုံစံသစ်များ မိတ်ဆက်ပေးနိုင်ခြင်း၊ မိမိတို့နိုင်ငံအတွင်း ဒေသရိုးရာနည်းလမ်းများဖြင့် အစဉ်အဆက်ထိန်းသိမ်းခဲ့သော သဘာဝတောများအား ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ခြင်းတို့ကြောင့် ပြည်သူလူထုအခြေပြုသည့် သီးနှံသစ်တောစံပြကွက်များ ဖော်ဆောင်ပေးခြင်းအားဖြင့် ကျေးလက်ဒေသပြည်သူများနှင့်အတူ အတွေ့အကြုံဗဟုသုတများ ဖလှယ်နိုင်မည်ဖြစ်ပြီး ဒေသခံများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်ရှိ သစ်တောများကို ပြုစုပျိုးထောင်သည့် အသိပညာများ တိုးတက်ရရှိလာ၍ ပြည်သူများ ပူးပေါင်းပါဝင်လာခြင်းဖြင့် သစ်တောများကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ပါသည်။





# မြန်မာ့ဆေးဖက်ဝင် သစ်ခွများစိုက်ပျိုးနည်း

ဒေါ်ခင်မေသီ (သုတေသနမှူး ဆေးဝါးဗေဒသုတေသနဌာနခွဲ)
ဆေးသုတေသနဦးစီးဌာန

မြန်မာနိုင်ငံသည် ရာသီဥတု၊ သစ်တောဖုံးလွှမ်းမှု ပထဝီဝင်အနေအထားအရ သစ်ခွသိုက်ပေါကြွယ်ဝ၍ မျိုးစိတ်ပေါင်း (၈၄၁)မျိုးရှိပြီး မျိုးစိတ်သစ်များလည်း ရှာဖွေတွေ့ရှိနေဆဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောသယံဇာတ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မျိုးသုဉ်းမှုအန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့နေရသော သားငှက်တိရစ္ဆာန် ရှားပါးမျိုးစိတ်များထိန်းသိမ်းရေးလုပ်ငန်းများတွင် ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် (FREDA)အသင်းကြီးနှင့် သားငှက်ထိန်းသိမ်းရေး (WCS) မြန်မာနိုင်ငံအစီအစဉ်၊ မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်းတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသောကြောင့် သစ်ခွရိုင်းများ မြန်မာနိုင်ငံတွင် ဖော်ထုတ်တွေ့ရှိနေရဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပေါက်ရောက်သည့် ဒမ်ဒရိုဗီယမ်သစ်ခွမျိုးစိတ်(၂၀၀)ခန့်ရှိသည်ဟု ရုက္ခဗေဒပါရဂူ (F.Kingdomward) အက်ဖ်ကင်းဒမ်ဝပ်က ဆိုထားပါသည်။ တောတောင်မြစ်ချောင်းများသည် ဟိမဝန္တာတောင်တန်းများနှင့်ဆက်လျက်ရှိသောကြောင့် မြောက်မှတောင်သို့ အများဆုံးသွယ်တန်း စီးဆင်းနေပြီး သစ်ခွပေါက်ရောက်မှုသည် အနောက်ဘက် အိန္ဒိယမဏိပူရအာသံနယ်စပ် ဟူးကောင်းတောင်ကြားချိုင့်ဝှမ်းဒေသတို့၏ အမျိုးအစား၊ ပေါက်ရောက်ပုံတို့နှင့်တူညီသည်ကိုတွေ့ရှိရပါသည်။ သစ်ခွမျိုးရင်းဝင်၊ မျိုးစု၊ မျိုးစိတ်များသည် ဟိမဝန္တာမှ စတင် ပြီး တရုတ်၊ ယူနန်၊ မြန်မာ၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ကိုးရီးယား၊ ဂျပန်၊ ထိုင်ဝမ်မှ မဒါဂါစကာ ကျွန်းစုသြစတြေလျတိုက်ထိအောင် ပျံ့နှံ့ခဲ့ပါသည်။ မြန်မာပြည်သူတို့အနေနှင့် သစ်ခွပန်းမန်ကို စိတ်ဝင်စားသည့်အလျောက် နေအိမ်တိုက်တာ အဆောက်အဦ၊ ပန်းခြံစသည်တို့တွင် အလှဆင်စိုက်ပျိုးခြင်းကို အထူးအလေးထားကြပါသည်။ အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀)ကျော်ကာလ (မင်မင်းဆက်)လက်ထက်တွင် သစ်ခွကို နန်းတော်၌ အလှဆင်စိုက်ပျိုးရန်အတွက် သာမကဘဲ နန်းတွင်းတရုတ်တိုင်းရင်းဆေးဝါးများ၊ အစွမ်းထက်သည့်ဆေးဝါးများ ဖော်စပ်ခဲ့ရာတွင် အသုံးပြုခဲ့ကြပါသည်။

သစ်ခွအရိုင်းများကို ဖော်ထုတ်စိုက်ပျိုး မျိုးစပ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မင်္ဂလာဒုံသစ်ခွဥယျာဉ်ခြံကို တည်ထောင်ကာ မျိုးစပ်ခြင်း၊ မျိုးပွားခြင်းများဆောင်ရွက်ပြီး သစ်ခွစိုက်ပျိုး ပြုစုပျိုးထောင် ပွင့်လှဖုံဖုံ သစ်ခွစုံ စာအုပ်ရေးသားပြုစု ထုတ်ဝေခဲ့ပါသည်။ ယခုအခါ ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်းခြံ၊ ပွေးတောင်ခြံ၊ ရုံးဝင်းခြံများတွင်လည်း မြန်မာ့ဆေးဖက်ဝင် သစ်ခွများစိုက်ပျိုးလျက်ရှိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၎င်းတို့၏ ရှေးရိုးစဉ်ဆက်နန်းတွင်းသမားတော်များ၏ တရုတ်တိုင်းရင်းဆေးဝါးများကို ခေတ်မီသိပ္ပံနည်းကျ ဆေးဝါးထုတ်လုပ်ခြင်းနည်းစနစ်ဖြင့် ဆေးတောင့်၊ ဆေးရည်၊ ထိုးဆေးများကို ဖော်စပ်ထုတ်လုပ်လျက်ရှိပါသည်။ ယင်းသို့ထုတ်လုပ်ရာတွင် သစ်ခွအရိုင်းများ၏ အခန်းကဏ္ဍမှာ အထူးအရေးပါလာခဲ့ပါသည်။ တရုတ်ပြည်၏ အထူးအစွမ်းထက်မြက်သော တိုင်းရင်းဆေး(၁၀)မျိုးထဲတွင် သစ်ခွရိုင်းမှ ထုတ်လုပ်သော ခေတ်မီဆေးဝါးများသည် လူသားများအတွက် အကျိုးပြုရာ နံပါတ်တစ်နေရာတွင်ရှိနေပါသည်။ ကမ္ဘာကျော် လူသိများနေသော ဂျင်ဆင်းဆေးမြစ်နှင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါးအမျိုးမျိုးမှာ နံပါတ်နှစ်နေရာတွင်ရှိပြီး၊ နှစ်ပေါင်း(၁၀၀)နှင့် နှစ်ပေါင်း(၁၀၀၀)သက်တမ်းရင့် သဘာဝလင်ဇီမှိုများနှင့် ဖော်စပ်ထုတ်လုပ်ခဲ့သောဆေးဝါးများသည် နံပါတ်သုံး အဆင့်နေရာမှာသာ ရှိခဲ့ပါသည်။

ရည်ရွယ်ချက်များမှာ -

(၁) သဘာဝအလျောက်ပေါက်ခြင်းမှ စိုက်ခင်းစနစ်သို့ စနစ်တကျကူးပြောင်းစိုက်ပျိုးရန်

(၂)ဆေးဖက်ဝင်သစ်ခွစိုက်ပျိုးလိုသူများအတွက် လိုအပ်သောမျိုးများကို သားတက်မျိုးပွားနည်းများဖြင့် ပျိုးပင်များထုတ်လုပ်ရန်

(၃)စိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေတိုးတက်မှုရှိစေရန်အတွက် နည်းပညာများဖြန့်ဝေပေးရန်

(၄)တိုင်းရင်းဆေး သုတေသနပြုလိုသူများနှင့် ပရဆေးထုတ်လုပ်မှုကို အထောက်အကူပြုရန်တို့ဖြစ်ပါသည်။

ပေါက်ရောက်သည့်ဒေသမှာ-

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးရိုးမ၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ဖြစ်ပြီး နှစ်သက်သောရာသီဥတုနှင့် အခြေအနေမှာ ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ (၁၅၀၀၊ မှ၄၅၀၀)ကြား၊ အပူချိန် ၂၀ ဒီဂရီ မှ ၃၀ဒီဂရီကြားတွင် ပေါက်ပွားပြီး အများအားဖြင့် သစ်ပင်မြင့်များ၊ ကျောက်ကမ်းပါးများတွင် ပေါက်ရောက်ပါသည်။ လေကောင်းလေသန့် ကောင်းစွာရရှိမှုကို ကြိုက်နှစ်သက်ပြီး ရေအမြဲစိုစွတ်ခြင်း၊ အလွန်ခြောက်သွေ့ခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိကြောင်းတွေ့ရပါသည်။

စိုက်ခင်းပြုပြင်ခြင်းကို မြေပြင်(အများအားဖြင့် ၃၀ ဒီဂရီထက် မတ်စောက်သော တောင်စောင်း)များတွင် အရိပ်ပေး၍ စိုက်ပျိုးနိုင်ပြီး မြေသည် ပေါင်းမြက်ကင်းရှင်း၍ ရေကောင်းစွာရရှိပြီး လေဝင်လေထွက်ကောင်းမွန်ရမည်။ သဘာဝဘေးအန္တရာယ် ကျရောက် မည့်ဒေသ၊ ရေဝပ်ဇရိယာမဖြစ်စေရပါ။ သစ်ခွပင်များသည် တွယ်ကပ်ရန် အမြစ်မွှားများသာထွက်လေ့ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးမည်ဆိုလျှင် (၆လက္မ × ၄လက္မ) ၊ (၄လက္မ ×၂လက္မ)အရွယ်ရှိသော ကျောက်ခဲများနှင့် အုတ်ခဲကျိုးများ၊ အုန်းဆံပတ်ခြောက်များ၊ သစ်ဆွေးများ၊ သစ်ပျော့ (ထင်းရှူးပင်၏ အခေါက်များလုံးဝမသုံးရပါ)၊ အရှည် ၂ပေနှင့် အကျယ် ၁လက္မ ရှိ ဝါးခြမ်းပြား၊ လျှော်ကြိုး၊ ရေညှိမြက် ခြောက်များ၊ ဘောင်များ၊ရေနုတ်မြောင်းများ လိုအပ်ပါသည်။ အရိပ် ၇၀ ရာခိုင်နှုန်းရအောင် အမိုးမိုးရပါမည်။

**ပျိုးပင်များစုဆောင်းခြင်း**

အပင်များမှာ အင်ပင်၊ သစ်ယာပင်၊ ပိတောက်ပင်၊ သပြေပင်၊ သနပ်ပင်၊ထောက်ကြံ့ပင်၊ ကြွက်စာနက်ပင်၊ ရေပိတုန်းပင်၊ တောင်သရက်ပင်၊ ညံပင်၊ အင်ကြင်းပင်တို့တွင် အများဆုံးပေါက်ရောက်ပါသည်။ အပင်၏သက်တမ်းသည် (၁၀)နှစ်မှ (၂၀)နှစ်အထိရှိတတ်ပါသည်။

သစ်ခွပျိုးပင်များကိုခွာယူလျှင် အပင်ကြီး တစ်အုံလျှင် တစ်ဝက်ချန်၍ခွာခြင်း၊ သုံးပုံတစ်ပုံချန်ခြင်း၊ သစ်ခွရိုးတံ (၃)ခုပါ၍ခွာခြင်းဖြင့် သစ်ခွမျိုးဆက်ကို ဆက်လက်ရှင်သန်ကြီးထွားကျန်ရစ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ သစ်ခွပျိုးပင်များကို ဂရုတစိုက်စုဆောင်းခြင်းသည် အရေးပါလှပါသည်။

ပျိုးပင်များစိုက်ပျိုးရာတွင် ကျန်းမာသန်စွမ်းမှု ရှိသော သစ်ခွများကို စိုက်ပျိုးရန်အရေးအကြီးဆုံးဖြစ်ပြီး၊ ဆေးဖက်ဝင်သစ်ခွများကိုအရိပ်ရသစ်ပင်များပေါ်တွင်လည်းကောင်း၊ နေရောင်ခြည်ကျရောက်မှုနည်းသော ကျောက်ကမ်းပါးတွင်လည်းကောင်း ကပ်၍စိုက်ပျိုးရပါသည်။ စိုက်ခင်းများတွင် စိုက်ပျိုးလိုလျှင် စုဆောင်းထားသောသစ်ခွအုံကိုခွဲ၍ စိုက်ပျိုးနိုင်ပါသည်။ အုံကြီးလျှင် အနည်းဆုံးလေးပိုင်းခွဲနိုင်သည်။ ခွဲလိုက်သောအုံသည် ရိုးတံဟောင်းအနည်းဆုံး သုံးခုပါသောအုံဖြစ်ရပါမည်။ ၎င်းထက်နည်းလျှင် အပင်ရှင်သန်မှု ရာခိုင်နှုန်းနည်းပါးပါမည်။ ရိုးတံပေါ်တွင် ပွားလာသောသားတက်များကို ဖြတ်၍မျိုးအဖြစ်စိုက်ပျိုးနိုင်ပါသည်။ သားတက်အသစ်များ (၄)လမှ၊ (၅)လခန့်အရွယ် သစ်ခွတန်းနှစ်တန်းကြား၌ မဲဒီဒုတ်အရွက်၊ နေကြာရွက်စိမ်းများကို သစ်စိမ်းမြေဩဇာထည့်သွင်းနိုင်ကြောင်းသိရပါသည်။ သားခွဲထားသောပျိုးပင်များကို မှိုသတ်ဆေးများထည့် ထားသောပုံးထဲသို့ အပင်ခြေခေါင်းများကို (၁၀)မိနစ်ခန့်စိမ်ပါ။ ၎င်းနောက်ပျိုးပင်များကို အသင့်ပြင်ထားသော ပျိုးဘောင်ရှိ ဝါးခြမ်းပြားတွင် ချည်ထားရပါသည်။ ၎င်းနောက် အပင်ခြေတွင် (၄လက္မ × ၂လက္မ) အုတ်ခဲကျိုးများ၊ ကျောက်ခဲများ၊ သစ်ဆွေး၊ သစ်ခေါက်များဖြင့် ဖုံးပေးပြီး၊ အရိပ်မိုးပေးရပါမည်။ ရေကောင်းစွာ လောင်းပေးပြီး ရေမဝပ်စေရန် သတိထားပါ။ ဇွန်လတွင် စိုက်ပျိုးလျှင် အကောင်းမွန်ဆုံးဖြစ်ပါသည်။

အပင်ပြုစုထိန်းသိမ်းနည်းမှာ အလွန်ခြောက်သွေ့သောရာသီတွင် တစ်ရက်ရေ(၂)ကြိမ်လောင်းပေးပါ။ သားတက်များ အရှည် ၄လက္မ ၊ အရွက် ၄လက္မ ရှိလျှင် ရွက်ဖျန်းဆေးများ စတင်ပက်ဖျန်းနိုင်ပြီး၊ ဆေးဖျန်းရာတွင် နံနက်(၉)နာရီထက်နောက်မကျသောအချိန် (သို့မဟုတ်) ညနေ(၄) နာရီထက်မစောသောအချိန် မြေဩဇာမပက်ဖျန်းရပါ။ သဘာဝမြေဩဇာအရည်(ဆန်၊ ငါး၊ EMအရည်)များအသုံးပြုနိုင်ပါသည်။ မိုးရာသီတွင် လိုအပ်မှရေဖျန်းပေးရပြီး၊ ရောဂါနှင့်ပိုးမွှားများကျရောက်လျှင် ဆေးများ ပက်ဖျန်းအသုံးပြုသင့်ပါသည်။ အပင်များကြီးထွားလာလျှင် ယိုင်လဲမှုမရှိစေရန် ဝါးကြမ်းကွက်(သို့မဟုတ်) ပိုက်ကွန်ဖြင့် ထိန်းပေးခြင်းနှင့် အပင်သေ၊ အကိုင်းခြောက်များကို ဖယ်ရှားပေးရန်လိုအပ်ပါသည်။ သစ်ခွပင်များသည်သစ်ခွမျိုးအလိုက် လိုအပ်ချက်များကို သိရှိထားပါက စိုက်ပျိုးရလွယ်ပြီး မျိုးအလိုက် လိုအပ်သည့်အလင်းရောင်၊ စိုထိုင်းဆနှင့် လေဝင်လေထွက်တို့ကို သင့်လျော်အောင် စီစဉ်ပေးနိုင်ပါက နေရာဒေသအတော်များများတွင် အောင်မြင်စွာစိုက်ပျိုးနိုင်ပါသည်။

သစ်ခွစိုက်ပျိုးနည်း(၆)မျိုးမှာ-

**(၁) အပင်ကြီးများတွင်တွယ်ကပ်စိုက်ပျိုးခြင်း**

အခေါက်ထူသောအပင်ကြီးများအား တွယ်ကပ်ပင်

အဖြစ် အသုံးပြု၍ အနည်းဆုံး သစ်ခွပင်(၃) ပင်ပါအုံငယ်များအား အပင်ကြီးများတွင် ကြိုးဖြင့်ပတ်ချည်၍ စိုက်ပျိုးနိုင်ပါသည်။

## (၂) တိုင်ထောင်စနစ်ဖြင့်စိုက်ပျိုးခြင်း

အခေါက်ထူသောသစ်ပင်များအား တိုင်အဖြစ်အသုံးပြု၍ ယင်းတိုင်များတွင် သစ်ခွပင်များအား တွယ်ကပ်စိုက်ပျိုးနိုင်ပါသည်။



## (၃) ဘောင်စနစ်ဖြင့်စိုက်ပျိုးခြင်း



ဘောင်တစ်ဘောင်အနေဖြင့် အကျယ် ၃ပေ၊ အရှည်၁၀၀ပေ၊ အမြင့် ၆လက္မ ပြုလုပ်ပြီး၊ တစ်ပင်နှင့် တစ်ပင် အကွာအဝေး ၁ပေ၊ တစ်တန်းနှင့်တစ်တန်း အကွာအဝေး ၁ပေထား၍ စိုက်ပျိုးပါက တစ်ဘောင်လျှင် အပင်အရေ အတွက် (၃၀၀)ပေ၊ တစ်ဧက(၂၅၂၀၀)ပင် စိုက်ပျိုးနိုင်မည် ဖြစ်ပါသည်။အပင်များထောင်မတ်စေရန် ဝါးခြမ်းပြားများ စိုက်ထူပြီး အပင်များချည်၍စိုက်နိုင်ပါသည်။

## (၄) စင်တင်စနစ်ဖြင့်စိုက်ပျိုးခြင်း



ရေပိတုန်း၊ မဒမအစရှိသောတိုင်များကို ၄ပေ× ၆ပေ စင်တန်းများထိုး၍ သစ်ခွများအား အုန်းခွံပတ်၍ စိုက်ပျိုးနိုင်ပါသည်။



## (၅)ချိတ်ဆွဲစနစ်ဖြင့် စိုက်ပျိုးခြင်း

(၃လက္မ × ၄လက္မ) ပတ်လည်သစ်သားတုံးများ ဖြတ်၍ သစ်ခွပင်များချိတ်ဆွဲစိုက်ပျိုးနိုင်ပါသည်။

ဤနည်းဖြင့် သစ်ခွနီ၊ ခမောက်ကြိုး၊ ရွှေတူလက်တံရှည်အာမဲ၊ စက္ကူပန်း၊ မြက်သစ်ခွ၊ မနှင်းဖြူ စသည်တို့ကို စိုက်ပျိုးနိုင်ပါသည်။

## (၆) အိုးစနစ်ဖြင့်စိုက်ပျိုးခြင်း



အလယ်တွင်အိုး၏အကျယ် ၁ပေ နှင့် အမြင့် ၆လက္မ အိုးကိုအသုံးပြုရပါသည်။ အိုး၏အလယ်တွင် ၂ပေရှိ ဝါးခြမ်းကို ထောင်ထားရပါမည်။ ထိုနောက် အုတ်ခဲကျိုးနှင့် မီးသွေးထည့်ပြီး အုန်းဆံခွံကို အိုးနှုတ်ခမ်းအထက် အနည်းငယ်မြင့်၍ထည့်ထားရပါမည်။ ဤသို့သစ်ခွပင်ကို အမြစ်များ မနာစေရန် အိုးတွင်ထည့်၍ သစ်ခွပင်များကို ဝါးခြမ်းတိုင်တွင် ကြိုးဖြင့်ချည်၍ စိုက်ပျိုးရပါမည်။

မြေဩဇာပေးရာတွင် သဘာဝမြေဩဇာအနေဖြင့် ငါးပုတ်ရေ၊ နှမ်းဖတ်ပုတ်ရေ၊ နွားချေးအကြည်ရည်၊ သစ်ရွက်စိမ်း ရွက်ဖျန်းမြေဩဇာ ရေ(၄)ဂါလံနှင့် ရွက်ဖျန်းမြေဩဇာ (၂၅၀)စီစီရော၍ ပက်ဖျန်းခြင်းဖြင့် အပင်များကြီးထွားခြင်းကို အထောက်အကူပြုနိုင်ပါသည်။ တစ်ပတ်လျှင် တစ်ကြိမ်ပက်ဖျန်းနိုင်ပါသည်။ တစ်ပတ်လျှင်တစ်ကြိမ် ပက်ဖျန်းနိုင်ပါသည်။ပိုးသတ်ဆေးပက်ဖျန်းခြင်းအနေဖြင့် တမာပိုးသတ်ဆေးရည် (၂၀၀)စီစီနှင့် ရေ(၄) ဂါလန်ရော၍ ညနေပိုင်းတွင် ပက်ဖျန်းနိုင်ပါသည်။ တစ်ပတ်လျှင် တစ်ကြိမ်ပက်ဖျန်းနိုင်ပါသည်။

စာမျက်နှာ ( ၄၆)သို့ ➤

# အစိမ်းရောင်ကျေးရွာ နောင်ကတ်

ဇာဏီဟိန်း (သီပေါ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

သီပေါမြို့သည် သမိုင်းဝင်မြို့ကြီးတစ်မြို့ဖြစ်ပါသည်။ ဒုဋ္ဌဝတီမြစ်သည် သီပေါမြို့နှင့်ခွဲမရသလို သီပေါမြို့၏ အလှကိုလည်း ဂုဏ်တင့်စေပါသည်။ဒုဋ္ဌဝတီမြစ်သည် သီပေါမြို့နယ်ချောင်းဆုံတွင် မြစ်ဖျားခံပြီး မန္တလေးမြို့ မြစ်ငယ်မှတစ်ဆင့် ဧရာဝတီမြစ်သို့ စီးဝင်သောမြစ်ဖြစ်ပါသည်။သီပေါမြို့သည် ဒုဋ္ဌဝတီနှင့် တောင်တန်းပြာကြီးများအလှများနှင့် ပဏာတင့်လှပါသည်။ ရှမ်း၊ တအောင်း (ပလောင်)လီဆူးစသည့် တိုင်းရင်းသားပေါင်းစုံ နေထိုင်သဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကလည်း နိုင်ငံခြားသားခရီးသွားဧည့်သည်များကို အထူးစိတ်ဝင်စားစေပါသည်။

သမိုင်းဝင်တန်ခိုးကြီးဘော်ကြိုဘုရား၊ မဟာမြတ်မုနိဘုရားကြီးနှင့် သာသနိက ရှေးဟောင်းစေတီပုထိုး ကျောင်းကန်ဘုရားများပေါများမှုကြောင့်လည်းပို၍ စိတ်ဝင်စားကြပါသည်။ သီပေါမြို့သည် ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးသောမြို့တစ်မြို့ဖြစ်ပါသည်။ ဟိုတယ်ပေါင်းများစွာရှိပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် များပြားစွာလာရောက်လည်ပတ်ကြသဖြင့် သီပေါမြို့၏ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများကို ဖွံ့ဖြိုးလာစေရန်အထောက်အကူ ဖြစ်စေသည်။

အစိမ်းရောင်ကျေးရွာ နောင်ကတ်မှာလည်း သီပေါမြို့နယ်၏ ဂုဏ်ကိုဆောင်လျက်ရှိပါသည်။ နောက်ကတ်ကျေးရွာသည် သီပေါမြို့နယ်၊ တိန်းချေ-တိန်းစံကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ နောင်ကတ်ရွာသည် ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိ၍ ရေမြေတောတောင်သာယာလှပကာ ရှေးဟောင်းစေတီပုထိုး ဘုန်းတော်ကြီးကျောင်းတို့က ရွာ၏ဂုဏ်ကို တက်စေပါသည်။ လျှပ်စစ်မီးရရှိခြင်း၊ သောက်သုံးရေပေါများခြင်း၊ သဘာဝ သစ်တောနှင့်နီးသဖြင့် သစ်၊ ဝါး၊ သစ်တောထွက်ပစ္စည်းများနှင့် သယံဇာတကြွယ်ဝသောရွာလည်း ဖြစ်ပါသည်။ ရှုမျှော်၍ မဆုံးသောလယ်ကွင်းပြင်များက စိုက်ပျိုးရေးကို အခြေခံသောရွာလေးဖြစ်ကြောင်း ဖော်ပြ နေပြီး၊ အိမ်ခြေ(၄၅)အိမ်၊ လူဦးရေ(၁၅၀)ကျော်၊ ရှမ်းတိုင်းရင်းသားများ နေထိုင်သည့် ရွာလေးဖြစ်ပါသည်။



စိုက်ပျိုးရေးလုပ်ငန်းအပြင် အိမ်တွင်းမှု လက်မှုလုပ်ငန်းဖြစ်သည့် ဝါးကုန်ကြမ်းကိုအသုံးပြုကာ နှီးဖျာယက်လုပ်ငန်း၊ ယပ်တောင်လုပ်ငန်း၊ ခြင်းတောင်းလုပ်ငန်း စသည့်ဘိုးဘွားအစဉ်အဆက် မိရိုးဖလာအိမ်တွင်းလက်မှုထုတ်ကုန်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။ ယင်းအိမ်တွင်းမှုလုပ်ငန်းများကြောင့် နောင်ကတ်ရွာသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နေ့စဉ်စိတ်ဝင်တစား လာရောက်လေ့လာလျက်ရှိပါသည်။ ဤ ဝါးနှီးလုပ်ငန်းကို နည်းပညာရယူ၍ နိုင်ငံခြားအထိ ထိုးဖောက်နိုင်အောင် ဆောင်ရွက်မည်ဆိုပါက မဝေးတော့သည့်အချိန်တွင် မီးခိုးမထွက်သော အစိမ်းရောင်နောင်ကတ်ရွာလေးဖြစ်လာတော့မည်ဖြစ်ပါသည်။

**စာမျက်နှာ ( ၄၅ ) အဆက်**

စိုက်ပျိုးနည်း(၆)နည်းအနက် အပင်ကြီးများတွင် တွယ်ကပ်စိုက်ပျိုးခြင်းစနစ်သည် ကုန်ကျစရိတ်သက်သာ၍ အကောင်းဆုံးနည်းဖြစ်ပြီး စင်တင်စနစ်ဖြင့်စိုက်ပျိုးခြင်းသည် စီးပွားဖြစ်စိုက်ပျိုးလိုသူများအတွက် အသင့်လျော်ဆုံးဖြစ်ပါသည်။

**ကျမ်းကိုးစာရင်း-**

**၁။ ဒေါက်တာ စိန်လှဗိုလ် "သစ်ခွစိုက်ပျိုးနည်း "**
**၂။ မြင့်မြင့်စန်း(သစ်တောသုတေသန) "စီးပွားရေးဈေးကွက်ဝင်သော ဆေးဘက်ဝင်သစ်ခွပင် "**
**၃။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)၏"ဆေးဘက်ဝင်သစ်ခွပင်များ"**
**၄။ စိုက်ပျိုးထုတ်လုပ်မှုသင်တန်းမှတ်စု "ဆေးဘက်ဝင်သစ်ခွ"**
**၅။ မြန်မာနိုင်ငံ၏ သစ်ခွမှတ်တမ်း**

# REDD-Plus INFORMATION -30-

## Land Use Issues in the Context of REDD+

By

U Sein Thet

Project Coordinator, ITTO REDD – Plus Project

1. The Union of the Republic of Myanmar includes 135 national races and has a population estimated in 2015 at 55 million people. Myanmar is primarily an agricultural country with about 70 percent of the population residing and earning their livelihoods in rural areas. Land is major source of social and political status as well as economic power for a large proportion of the population. Economic development centered on use of land resources has been a primary focus of successive ruling bodies from the British colonial era to now.

2. Until 2012, no important new land laws had been promulgated since the 1953 land Nationalization Act and 1963 Tenancy Act. Under these prior laws, the Government had formed the Central Committee for the Management of Vacant land, Fallow land and Waste land for the expansion of agricultural land use through the State-owned organizations and cooperatives, societies, joint-ventures, other organizations and individuals that had purposes to obtain and use agricultural land for commercial purposes. In accordance with the Constitution, Pyithu Hluttaw, Amyotha Hluttaw and pyidaungsu Hluttaw, Myanmar land legislation evolved after 2011 January 30. The bill of Farmland Law was approved by Pyidaungsu (Union) Hluttaw and the President enacted as Farmland Law on March 30, 2012. The new Farmland Law has its companion law namely "The Vacant, Fallow and Virgin Land Management Law". This companion law was enacted on March 30, 2012. According to these laws, the Government has the right to permit the utilization agricultural and vacant, fallow and virgin land to Myanmar citizens, local national investors, Government Departments and agencies, non-government organizations, investors who obtained the permission to carry out businesses of mutual benefit with any Government department or organization under the Foreign Investment Law, and other investors who obtain permission to carry out joint venture businesses with Myanmar nationals under the Foreign Investment Law.

3. With the existing constitutional provisions and rights, laws, rules and procedures brought out by various ministries, department and institutions of the republic of the union of Myanmar continue to be in force for taking decisions on land use changes, the Government commits to strengthen and clarify safeguards in these proceedings to protect all existing land user rights. Added safeguards will include marking the proceedings more transparent by requiring more extensive official public notice and public display of the application to change land use with a proposed land use map that is easily understood by all land users and inhabitants in or near the affected area. This public display will continue for a reasonable period of time and be followed by an open and transparent public consultation process at the local level in which all affected men and women in the area may register approval or opposition with reasons regarding the proposed land use change prior to any decision being made.

4. Added safeguards to protect all existing land users and land use rights from harmful potential impacts include:

- Prior to consideration of the application, the authorized department of the concerned land administration body will prepare an updated land use map at the village level for the affected area to verify current occupancy, land use, land tenure, land cover, protected areas, encroachments, and other relevant socio-economic land use mapping information. Map preparation will be based on participatory land use, aping and consultation techniques to assure that all men and women living in the affected village area are fully aware and informed of the potential impact of the proposed land use change.

- Protection of existing agricultural land, including shifting taungya and other traditional farming methods, from land use conversions in order to assure food security, meet consumption needs of the growing population, their dependents, and protect existing livelihoods of current land users.
- Protection of shared environmental resources that benefit the surrounding communities.
- Protection of all legitimate existing land tenure and land use rights, whether currently registered or not.
- Balancing of land use development and environmental requirements with feedback from the public for changing land use classifications with the objective to reduce potential land conflicts.

5. There are various ministries for conducting land administration and land management in the Country. For example, Ministry of Agriculture and Irrigation manages agricultural land, Ministry of Environmental Conservation and Forestry manages forest land (Permanent Forest Estate which included Reserved Forests, Protected Public Forest and Protected Areas System) and the Ministry of home Affairs, other than for purposes of agriculture and forestry. Land administration records and registers are now kept by each concerned ministry and department according to their individual needs. The registered holdings status of land rights and the cadastral maps showing registered land parcels of urban land (except in Yangon City, Mandalay City and Nay Pyi Taw City) and of agricultural and vacant, abandoned fallow and virgin (VFV) lands are kept by the Settlement and land Records Department (SLRD) under the Ministry of Agriculture and Irrigation. The registered holdings status of land rights and the cadastral maps showing registered land parcels of urban land in Yangon City, Mandalay City and Nay Pyi Taw City are kept and managed by Yangon City Development Committee, Mandalay City Development Committee and Nay Pyi Taw City Development Committee respectively. The Government recognizes that the existing land records and registration systems of the various ministries and departments need more effective and transparent coordination, management, standardization and shared reporting among the different ministries and departments at all levels of Government so this information will be readily accessible to all stakeholders for marking effective land use plans, investments and land use decisions.

6. The government of Myanmar commits to adopt and administer a comprehensive land use policy that protects the legitimate rights of all existing land users whether registered yet or not, applies to all land classifications and land uses, and priorities balanced economic development that benefits local populations and small holder farmers based on principles of sustainable land management and sustainable forestry management. Preparatory to making new District level land use plans, the Government commits to update existing land use maps through the township and village tract level governments to verify current occupancy, land use, land tenure, land cover, protected areas, encroachments, and other relevant socio-economic land use planning information in each village based on participatory land use mapping and consultation process open to all men and women living in each affected village area.

Criteria for preparing the proposed new District land use plans include:

- Open, free and transparent access to land use planning records and integration of National, State/ Regional and Local Land Use Plans;
- Utilization of "bottom-up" approaches to refine land use plans;
- Transparent decision making processes relating to land use and land tenure;
- Township, village tract, and village level notice and comment procedures developed and utilized specifically for land use planning purposes;
- Recognition and incorporation of existing land use classification mechanisms;
- Highlighting areas where changes in existing land use classifications are desired or rational based on existing conditions;
- Non-binding agro-ecological zoning in order to assist with decision making regarding appropriate classification and use of land in rural areas;
- Periodic updating of land use plans to reflect changes over time;

- Development of effective and efficient mechanisms to challenge land use decisions;

To identify and safeguard all legitimate existing land user rights prior to making land use change or new land use allocations, the Government commits to update existing land use maps and plans and verify current occupancy, land use, land tenure, land cover, protected areas, encroachments, the potential impact of proposed land use changes, allocations or concessions, and other relevant socio-economic information through a participatory land use planning process.

7. Among other criteria, ESIA are expected to include evaluations of compliance with applicable due process rights respecting existing land users inside or near to the proposed lease or concession area; the need to identify and preserve existing environmental and natural resources that benefit all adjacent land users; ready accessibility to an impartial dispute resolution mechanism for all affected land owners, and guarantee that any forced relocations of households shall not take place until suitable replacement the land, infrastructure, and housing of equal or higher value has been fully constructed.

To resolve farmer complaints and sustain investment in the rural economy, the Government commits to apply measures to regulate fair and equitable terms and conditions in agribusiness operations before agribusiness projects implemented, as follows:

- Required verification of operational records of companies making applications for agri-business concessions.
- Conduct environmental and social impact assessments before projects commence and at regular intervals during project operations;
- Oversee company implemented pilot projects to assess most suitable farming and contracting model for local conditions;
- Require company provided social security contributions for farmers as part of growing contracts;
- Use short term leases until company compliance with lease terms and conditions is proven whereupon substitution of longer term leases may be considered; and
- Require clear stipulation of mutually beneficial arrangements in growing contracts, including land use, crop profit sharing and crop prices.

The Government recognizes a widespread need across the country for readily accessible, impartial mechanisms to hear and resolve potentially large numbers of disputes concerning land. There are many potential kinds of disputes over land involving different issues and points of view, including families, neighbors, farmers, associations of citizens cooperatives, businesses, government agencies, as well as need by all for an institutional mechanism that can authoritatively interpret and resolve disputed points in applicable laws.

8. The broad range and large potential volume of land disputes at different levels of society also requires a broad range of solutions, including voluntary and binding arbitration at the local level, as well as formal tribunals in all parts of the country. In response, the Government commits to research, develop and make available a broad variety of impartial mechanisms, both formal and informal, that are readily accessible to all levels of society throughout the country. Appropriate policy safeguards include providing farmer associations with the power to solve their own land conflict issues, clear identification of who can act as legally recognized land users' representatives to defend their rights, and Government guarantee of independent legal representation for farmers, other land users and companies. The Government is responsible to establish and administer the necessary laws and regulations that govern recordkeeping, availability, public access and the use of legally authentic land information in all aspects of the land acquisition and allocation process as part of overall land use policy. The international standard for access to this information is the same for all natural persons, legal entities, and government bodies that hold rights to land and that are legally entitled to conduct transactions concerning land. Every person uses land in some way for shelter, food, livelihoods or other important personal

purposes. Accordingly, keeping up to date records of complete and correct land information for all usage rights to all classifications of land for all entitled men and women is a pre-requisite for defining and solving compensation, restitution and resettlement issues that arise during government acquisition and allocation of land for public purposes.

9. There are different kinds of indigenous communities in Myanmar such a Kachin, Kayah, Karin, Chin, Naga, Shan, Rakhine, etc. These upland ethnic communities also have their own customs and methodologies for formal recognition of land tenure and cultivation rights for their food security. Since ancient times, each indigenous community has self-administered land allocation, land tenure rights and the inheritance of land tenure rights through their village headmen or the elders of their communities according to their customary laws. Ethnic group traditional land use procedures and rights are not yet fully reflected and protected in the Government's current laws and records of land use rights. Further, traditional ethnic group institutions are not able to solve disputes about traditional land use and ownership rights with respect to outside interests. Into the Union level legal framework to protect these rights and to provide ready access to the impartial dispute resolution mechanisms available to all citizens of Myanmar for land dispute resolution.

10. To assure complete and correct recognition of the land tenure rights of individual men and women or communities who cultivate customary ancestral land, or terraced cultivation land, or rotational and shifting cultivation on fallow land, the Government also commits to include indigenous group authorities and elders in the decision-making, monitoring and dispute resolution mechanisms used to carry out this work. For all ancestral land, customary terrace cultivation land or rotational fallow land cultivated by indigenous groups that is situated in lands now classified as Forest land or Vacant, Fallow or Virgin land, the Government commits to temporarily discontinue allocation of these lands to any other land users until after such time as the Government has reclassified and registered all indigenous group land use rights for these lands according to the provisions of land use policy and the new national Land Law to be enacted based on land use policy. To enable recognition and registration of the customary land tenure rights of indigenous ethnic groups, and to protect and conserve forest land and the environment, the Government also omits to reclassify the customary rotational fallow farming system and the shifting system as permanent farming systems.

11. For the purpose of more efficient land use management in areas inhabited and cultivated by indigenous ethnic groups, the Government commits to incorporate use of traditional indigenous ethnic group dispute resolution institutions into the new national Land Law or resolving land disputes affecting indigenous ethnic group land use right. The Government further commits to establish the right of each indigenous ethnic group to organize and administer such institutions by appointment of efficient men and women who are respected in their community in accordance with the guidelines of the policy and National Land to be established based on land use policy. Throughout Myanmar, the majority of people are farmers. Since most women are participating in cultivation and work together with men on the farmland to secure their family livelihoods and food security, most women also need to obtain and secure equal and legally protected rights to land tenure and land use management. Some women face discrimination in obtaining the right of succession and possession of land and personal property of family when they are divorced, and most women are unable to obtain the right of succession to inherit land personal property after the death of a husband or parent.

12. In some indigenous communities such as Mon, Shan, Rakhine, some tribes of Kachin, and Myanmar Buddhists, women are entitled to ownership and succession rights to land personal property, and also enjoy equal tenure and land use management under their Customary Laws. However, women who are members of other indigenous communities such as Chin (Seyin), Kayan, Padaung, Kareni, Karen, Naga, Lisu, Jinphaw, Maru, and Paloung are discriminated against by their Customary Laws in decision-making processes, land tenure, inheritance and management of land use rights, and in the matters of partition and succession of land use rights after divorce, even though they also contribute to secure the livelihood of their families by undertaking cultivation activities. Despite these guarantees, women's land tenure and land management rights are still

discriminated under Customary Laws, and provisions guaranteeing equal rights and protections under the Law to every woman are not yet included in the existing Land Laws. Therefore, the government commits to establish women's equal land tenure and land management right in this national land use policy and in the umbrella national Land Law to be developed based on land use policy without discrimination based on gender. Myanmar is now deeply engaged in a long term process to develop and apply new governance policies, legislation, procedures, and implementing mechanisms that effectively address and resolve the broad range of complex land use management and land tenure issues that arise during transition from a command economy to a market based economy.

13. Timely application of concrete solutions to today's land issues will depend on collaborative research, capacity building, targeted use of limited financial resources, and partnering of public and private sector stakeholders, international donor organization of the detailed procedural measures that this policy recommends in real world conditions in Myanmar. Accordingly, the Government commits to reach out and establish effective partnerships with all good-faith national and international stakeholders to accelerate application of this policy through development of the Umbrella National Land Law at one level and researching and piloting the specific implementation measures recommended in land use policy at another level. This "bottom up" problem solving approach will help assure that legislative development process properly encompasses and enables the best available solutions to Myanmar's land issues to go into practice as soon as evidence based research, pilot project implementation results, institutional capacity building and training, and properly scaled allocation of resources clear the way to proceed.

Reference – National Land Use Policy (6th Draft), 2015.





# အာဖရိကကျွန်းသစ်(*Pericopsis elata*)







Afromosia (သို့မဟုတ်) အာဖရိကကျွန်းသစ် (သိပ္ပံအမည် *Pericopsis elata*)သည် ကင်မရွန်းနိုင်ငံ၊ ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံ၊ Ivory Coast၊ ဂါနာနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် တွေ့ရှိရသည့်အရေးပါသော အပူပိုင်းသစ်မျိုးစိတ်တစ်ခု ဖြစ်ပါသည်။ လူသိများသောအမည်များမှာ Afromosia၊ African Teak တို့ဖြစ်ပါသည်။ ဤသစ်မျိုးသည် အနောက်အာဖရိကတွင် ပျံ့နှံ့ပေါက်ရောက်ပါသည်။ အပင်သည် ပေ ၁၀၀ မှ ၁၅၀(၃၀-၄၆မီတာ) ထိမြင့်ပြီး ပင်စည်အချင်းမှာ ၃ ပေမှ ၅ ပေ(၁-၁.၅မီတာ)ရှိပါသည်။ ပျမ်းမျှအခြောက်ခံပြီး အလေးချိန်သည် ၁ ကုဗပေလျှင် ၄၅ ပေါင်(၁ ကုဗမီတာလျှင် ၇၂၅ ကီလိုဂရမ်)ဖြစ်ပါသည်။

အနှစ်သားသည်ပုံမှန်အားဖြင့် အဝါရောင်သန်းသောအညိုရောင်ရှိပြီး တစ်ခါတစ်ရံ၌ အနီရောင်သန်းသောအရောင်(သို့မဟုတ်) စိမ်းဝါရောင် ဖြစ်တတ်ပါသည်။ အပင်သည် အသက်ကြီးလာသည်နှင့်အမျှ အရောင်ရင့်သွားလေ့ရှိပါသည်။ ပါးလွှာသောအကာသားသည် အဝါဖျော့ရောင်ရှိပြီး အနှစ်သားနှင့် သိသိသာသာကွဲပြားပါသည်။ များသောအားဖြင့် သစ်ကြောစင်းပါသည်။ သို့သော်တစ်ခါတစ်ရံတွင် သစ်ကြောယှက်ပါသည်။ မျက်နှာပြင်ချောမွေ့မှုကောင်းမွန်ညီညာပြီး သဘာဝအရောင်တောက်ပမှုရှိပါသည်။ အလွန်ကြာရှည်ခံပြီး ခြနှင့် အခြားအင်းဆက်များဒဏ်ကိုလည်းခံနိုင်ပါသည်။ Afromosia သည် စက်ကိရိယာများနှင့်ပါ ပုံသွင်းလုပ်ကိုင်ရလွယ်ကူပါသည်။ သို့သော် သစ်ကြောယှက်သည့်ပျဉ်ပြားကို အခင်းအဖြစ်အသုံးပြုပါက ကွဲသွားနိုင်ပါသည်။ အခြားသော မကောင်းသည့်အချက်မှာ စွတ်စိုသောအခြေအနေများတွင် သံနှင့်ထိတွေ့ပါက အနက်ရောင်အစွန်းအထင်း ကျန်ရစ်ခဲ့ခြင်းဖြစ်ပါသည်။ Afromosia သည် ကောင်းစွာကော်ကပ်နိုင်ခြင်း၊ အရောင်ဆိုးရလွယ်ခြင်း စသည့်အားသာချက်များရှိပါသည်။ အသုံးပြုကိုင်တွယ်လုပ်ကိုင်ချိန်တွင် သိသာထင်ရှားသောအနံ့ ရှိပါသည်။ ဤသစ်မျိုးသည် ဓာတ်မတည့်မှုများဖြစ်စေတတ်သော်လည်း ပြင်းထန်မှုမရှိကြောင်းသိရပါသည်။ အဖြစ်များသော ဓာတ်တုံ့ပြန်မှုများမှာ မျက်လုံး၊ အရေပြားနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဓာတ်မတည့်မှုများဖြစ်သည်။ Afromosia သည် အာရုံကြောစနစ်ကို ထိခိုက်စေခြင်း၊ ပန်းနာရင်ကြပ်ရောဂါနှင့် ဆင်တူသော လက္ခဏာများဖြစ်စေတတ်ပါသည်။

ဤသစ်မျိုးသည် CITES နောက်ဆက်တွဲ(ခ)တွင်ပါဝင်နေပြီး IUCN Red List တွင်လည်း ပါဝင်နေပါသည်။ ယခုအခါတွင် တရားမဝင်သစ်ထုတ်ခြင်းနှင့် မှုရင်းဒေသပျက်စီးမှုတို့ကြောင့် မျိုးသုဉ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရပါသည်။ သဘာဝအလျောက်ပေါက်ရောက်တည်ရှိရာဒေသများ လျော့နည်းသွားခြင်း၊ ထုတ်ယူသုံးစွဲမှုများပြားခြင်းတို့ကြောင့် ပြီးခဲ့သည့်မျိုးဆက်(၃)ခုအတွင်း Afromosia သစ်မျိုးစိတ်၏ အပင်ဦးရေ ၅၀%ကျော်လျော့ကျခဲ့သဖြင့် ၄င်းသည် မျိုးသုဉ်းအန္တရာယ်ကြုံတွေ့နေရပါသည်။ လက်ရှိအချိန်တွင် Afromosia သစ်မျိုးအပေါ် ရောင်းဝယ်ဖောက်ကားမှုကို တင်းကြပ်စွာ ထိန်းချုပ်ထားပါသည်။ Afromosia သည် ကျွန်း *Tectona grandis* နှင့် နီးကပ်စွာဆက်စပ်မှုမရှိသော်လည်း ၄င်းကို African Teak ဟု ရည်ညွှန်းလေ့ရှိကြပါသည်။ အရွယ်အစားကောင်းသော သစ်ခွဲသားအဖြစ်ရရှိနိုင်ပါသည်။ ဓက်မှု၊ လက်မှုလုပ်ငန်းများတွင် ကျွန်းသစ်ကဲ့သို့အသုံးပြုနိုင်သော အရည်အသွေးများရှိပြီး အသုံးပြုမှုများတွင်လည်း အလွန်တာရှည်ခံပါသည်။ ဤအချက်များကြောင့် ကျွန်းသစ်အစားထိုးသုံးစွဲမှုတွင် အတန်အသင့်အစားထိုးသုံးစွဲနိုင်သည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်ပါသည်။